www.burmeseclassic.com



# ချိုး

## စကားပွင့်များရဲ့ပဲ့တင်သံ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြဲ-၀၄၅၀၆) (ဖျူး စာပေ)
အမှတ်-၅၂၀(က)၊ အင်းဝ(၄)လမ်း။
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျော်ရင် (မြဲ-၁၀၀၉၈) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း။ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း
၂၀၁၅ ခုနှစ်၊ ဧပြီလ။

အုပ်ရေ
၅၀၀ အုပ်

တန်ဖိုး
၁၀၀ ကျပ်

ဖြန့်ချိရေး
ဝိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၁၃၇၆၇ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃
သျှိုး
စကားပွင့်များရဲ့ ပွဲတင်သံ
ဖျူးစာပေ၊ ၂၀၁၅၊
၂၀၈ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) စကားပွင့်များရဲ့ ပွဲတင်သံ

BURMESE CLASSIC

အခန်း (၁)

ပေါက်ပေါက်ဖောက်သလို တဖောက်ဖောက်အသံမြည်နေသော သိန်္ဒိုးကို ကျွန်တော် စိတ်မဆိုးချင်ပေမယ့် ထိပ်ထိုးချင်လောက်အောင် ဒေါသထိပ်ဆောင့်ချင်နေပြီ။

ဟိုဘဝက 'အလိုက်မကောင်းလို့ စိတ်ထောင်းခဲ့ရသောရှေ့နေများ ဝင်စားလေသလောမသိ။

ရောက်လာတာနှင့် ဘယ်သူကဘယ်လို ... ဘယ်လိုကဘယ်သူ ... ဒါကတော့ဖြင့် ဘာ ... ဘာကတော့ဖြင့် ဒါ ... နဲ့ မြင်းအီးပေါက်လို့ ဟွန်းတီးမိသလို တဘူဘူတပွမ်ပွမ်နဲ့ ကြာလာတော့လဲ နားအစုံကိုကျော်ကြာက်စက်ကပ်တိုက်နေသလို နားစည်ထဲမလဲ တပွက်ပွက်ညံပြီး တချက်ချက်တုန်ချင်နေရဲ့။

လက်တစ်စုံတုန် ရက်နဲ့ပဲ ကော်ဖီခွက်ကိုကိုင်ပြီး ကောက်အမော့ ... ။



www.burmeseclassic.com

www.burmeseclassic.com



တလက်လက်တုန်နေတဲ့ အဲလေ … တလက်လက်အုံနေတဲ့ ဘော်ကြယ်တွေကြား ဟန်ပါပါလျှောက်လာတဲ့ ထမီအပြာနဲ့ ကျွန်တော့်အသဲတစ်မြွှာ …

ကျွန်တော်ကသာ ပိုင်စိုးပိုင်းနင်းပြောနေတာ အမိကတော့ အကြည့်တစ်ချက်တောင် မလွှတ်ခဲ့။

ရုတ်ဖြတ် ဆုံးဖြတ်လိုက်တာကတော့ စတိသဘောနဲ့ပဲ အကြည့်ပိုးပဲ ထပါတော့မည်ဟု … ။

နားထောင်ချင်မှ နားမထောင်ချင်မှန်းမသိ သိန်္ဒါစိုး တစ်ယောက် ပလီပလာကို မသတီစရာစကားဖြင့် ဆက်ပါတော့ သည်။

"လုံးဝ လန်းတယ်ကွာ … တကယ် မင်းတို့ကိုတောင် ခေါ် ပြချင်တယ် … အိမ်မှာ ငှါအစ်မတွေရှိလို့ …"

"ဒါဖြင့် … ငှါကို ငှားလိုက်လေ …"

"ဟော့ကောင် … ဘာစကားပြောတာလဲ"

"စိဒီခွေကို ပြောတာပါ သိန်္ဒါစိုးရာ … မင်းကလဲ …"

"အဲလိုပြော … အဲလိုပြော …"

"မင်းရော ကြည့်မလား သတိုး …"

ကျွန်တော့်နားကပ်ပြီး ပြောလိုက်သူက ရဲထိုက်ဖြစ်သည်။ ကိုယ့်အာရုံနှင့်ကိုယ်မို့ ခေါင်းခါမိသလားတောင် မသိလိုက်။





သိန်္ဒါစိုးက အသံပြန်နဲ့တချက် ဆဲလိုက်ပြီး …

"မကြည့်နေပေါ့ကွာ … ဒီကောင် ခုတလော ဘာဘာဝင်မြင့် နေလဲ မသိဘူး … ပြောချင်သလိုလို မပြောချင်သလိုလိုနဲ့ …"

"မဟုတ်ပါဘူးကွာ … ဒီတိုင်းပါပဲ …"

"မဟုတ်ဘူး … မဟုတ်ဘူး … တစ်ခုခုတော့ ထူးကိုထူးရ မယ် … ပြောစမ်း … မင်းအစ်မ နွေနွေစောကို ဘယ်သူနဲ့ချိတ်ပေး မလို့လဲ …"

"နေပါကွာ … ဒီတစ်ခါမှ ငှါအစ်မ လင်ယူရင် ငှါကိုဘိုးတော် က အိမ်ကို ရာသက်ပန်ဝင်ခွင့်ပိတ်တော့မယ်"

"ဟုတ်လဲဟုတ်တာပဲ … ရှိတာမှ ဒီမောင်လေးတစ်ယောက် ထဲကို … မမတို့သုံးယောက်ကလဲ ဆိုးပါ့ …"

"ဟင်း …"

ကျွန်တော့်အကြောင်း ပြောပြရရင်တော့လား အကြောင်း ညီညွတ်လို့တော့ ဘောင်းဘီချွတ်ပြီး ဖောနေတာမဟုတ်ပါ။

အကျိုးဆောင်လို့ အမျိုးပြောင်သွားရတဲ့ ဖြစ်ကြောင်း ကုန် စင်ကို ပြန်ပြောရရင်တော့ … ။

ကျွန်တော့်မှာ အစ်မသုံးယောက်ရှိပါတယ် …

အောင်သွယ်ကောင်းလို့ မောင်ပါအတောင်းခံရမလို ဖြစ် တာကတော့ အစ်မအကြီး သီသီစောကို လမ်းထဲက ကိုမင်းနိုင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



စာပေးစာယူ လုပ်ပေးရင်း လင်နောက်ပါလိုက်သွားတဲ့အထိ ကူညီပေးခဲ့တာ။

အဲဒီတုန်းကတော့ အကြောင်းသိမို့ ဖောင်းထိသွားသလို မွေးသဖခင်တစ်ယောက် ဘုဘောက်ပြောပြီး ထုပောက်လွှတ်လိုက်တာ မန္တလေးက အမျိုးတွေဆီ တစ်နှစ်လောက်သွားနေပစ်လိုက်တယ်။

အဲ ... ပြန်ခေါ်လို့ လာပြီးမကြာပေါင် ... မွေးစီဇ ပိုးထသလို အကျိုးဆောင် ဘဝနဲ့ အမျိုးပါထပ်ပြောင်ချင်တော့ မမလတ် မီမီစောနဲ့ ကျွန်တော့် သူငယ်ချင်း မိုးသန့်တို့ကိုပါ အောင်သွယ်လန်းလို့ မောင်ပါအထုပ်ထမ်းပြီး ခိုးပြေးပေးခဲ့တာ။

အဲဒီတစ်ခါမှာလဲ အကောင်းမပြောဘဲ ဖောင်းသဘောနဲ့ အနီကတ်ပြပြီး အိမ်ကထုတ်လိုက်တာ ဘယ်သူရှိဦးမလဲ။ ချစ်ဖေဖေဦးစောသီဟပေါ့ဗျာ ...

ဒါနဲ့ပဲ အပိုးကျိုးသလိုလိုနဲ့ ပဲခူးမြို့ပေါ်ကို သွားသောင်တင်နေပြန်ပါပကော။

တစ်နှစ်နေလို့ မွေးမေမေ ဒေါ်ငြိမ်းသက်တစ်ယောက် အလွမ်းဝေတာနဲ့ ဟဲဟဲ ပြန်ရောက်လာတယ်ဆိုပါတော့ ...

ဒီတစ်ခါမှာတော့ အတည်မှတ်သွားပြီး မသတီသလောက်ကို မျက်မုန်းကျိုးနေရှာတဲ့ မွေးသဖခင်တစ်ယောက် သမီးကညာငယ်ကို





မီးမလာရင်တောင်မှ ဖယောင်းတိုင်ထွန်းပြီး စောင့်ကြည့်နေရှာလေရော ...

ကဲ ... တယ်လဲ မခက်ဘူးလား။

အစ်မတွေအစား ဒီကသနားတယ်။

ပွင့်ချိန်တန်လဲ မပွင့်ရ၊ သီးချိန်တန်လဲ မသီးရနဲ့ ...

ကျွန်တော်ကကြားထဲက မြားနတ်မောင် လုပ်ပေးတာကိုများ ကျွန်တော့်အဖေ ခွတကြီးက ဘာပြောတယ်မှတ်လဲ ... ။

"အိမ်တွင်းသူခိုး ... မင်းက အိမ်တွင်းသူခိုး ... " တဲ့လေ။

အခုတော့လဲ မကြီးနဲ့မလတ်က သူတို့အိမ်ထောင်နဲ့သူတို့ ဖြစ်နေကြတော့ အိမ်မှာ အတူမနေကြဘူး။

မေမေကတော့ ကျွန်တော့်ကို ချစ်သဗျ ... ဖေဖေ့ကြောင့်သာပေါ့ ... အလိုမလိုက်ရဲတာ။

"ဟော့ကောင် ... ငါပြောတာ ကြားလား ... "

"အမ် ... "

ကျွန်တော့်နားထဲ ဆေးလိပ်ထိုးထည့်လိုက်သဖြင့် မဝင်သွားသော်လည်း လန့်သွားတာပေါ့ခင်ဗျ။

"ဘာပြောလိုက်တာလဲ ... "

"မင်း ... ဟိုကောင်မလေးကို ကြိတ်ပိုးနေတာ မဟုတ်လား"



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟုတ်ပါဘူး ... "

"သိန်္ခါစိုး ... ဒီကောင် လိမ်နေတာ သေချာတယ်၊ ငါတို့ပြော တဲ့ကောင်မလေးကို သူသိနေတယ်ထင်တယ် ... ပြောစမ်းပါဦး ငါတို့ပြောတာ ဘယ်ကောင်မလေးလဲ"

"သိဘူးလေ ... "

"မသိရင် ခက်မယ် ... "

"တကယ်ပါကွာ ... ငါ သူ့အမေကြီးကိုကြောက်လို့ သူ့အိမ် ရှေ့ကတောင် ဖြတ်မလျှောက်ဘူး ... "

"သတိုး ... မင်းဘယ်ကောင်မလေးကို ပြောနေတာလဲ"

"မင်းတို့ပြောနေတာ ဒီလမ်းထဲက ရှင်းရှင်းကိုပြောတာ မဟုတ်ဘူးလား"

"ဟဟား ... ပေါ်ပြီ ... ပေါ်ပြီ ... ငါတို့ပြောနေတာ၊ ရပ်ရှင် မင်းသမီး တင်ဇာဝင့်ကျော်ကိုပြောနေတာ ... ခုမှပဲပေါ်ပြီ ... "

"ဟာကွာ ... ခွေးကောင်တွေ ... "

"နေစမ်းပါဦး ... သတိုး ... မင်းခုနကပြောတဲ့ ရှင်းရှင်းဆို တာ ဟိုလမ်းထိပ်စတိုးဆိုင်က ဝန်ထမ်းကောင်မလေးလား ... "

"အေး ... "

"မင်းက ကြိုက်နေလို့လား ... "

"မကြိုက်ရဲပါဘူးကွာ ... သူ့အမေကြီး မျက်နှာပဲပြေးပြေး





မြင်နေလို့ ငါ့မှာ ဒီကောင့်ဆီလာတာတောင် တကူးတကအနောက် ကပတ်ပြီး လာရတာ"

"ဘာကိစ္စ မင်းကကြောက်ရမှာလဲ ... ဘာလဲ သူ့ဆီက အကြွေးတွေ ပြန်မဆပ်နိုင်သေးလို့လား"

"လုပ်ပြီ ... ပေါက်ကရ ဒီကောင် ရဲထိုက်ဆီလာတိုင်း ငါ့ကို မျက်ထောင့်နီကြီးနဲ့ ကြည့်ကြည့်နေလို့ ... "

"သြော် ... သနားဖို့ကောင်းလိုက်တာ သတိုးရယ် ... အဖို့ ကြည့်လို့ ရင်မခုန်ရဘူး အဒိုကြည့်မှ ရင်ဖိုနေရတယ်လို့ ... "

"ဟေ့ကောင် ရင်ခုန်တာလဲ မဟုတ်ဘူး ... ရင်ဖိုတာလဲ မဟုတ်ဘူး ... ရင်တုန်လို့ကွ သိလား ... "

"ဘာပဲပြောပြော မင်းကြိုက်တော့ ကြိုက်နေတယ် မဟုတ် လား"

"စိတ်လျှော့လိုက်ပါ သတိုးရယ် ... သူ့ခမျာ ယောက်ျားမရှိ တော့ကထဲက သမီးလေးကို ထိန်းနှကျောင်းနေရတာ ငါတို့တစ်လမ်း လုံးအသိပဲ ... "

"ဟေ့ကောင် ... ငါက သူ့အမေကြီးကိုကြိုက်စရာလား၊ သူ့ သမီးပဲ ကြိုက်မှာပေါ့ ... "

"သိမှသိပဲကိုးကွ ... စီးစီးစောစောပြောပါလား"

"ဒါပေမဲ့ ... ငါ ... ငါ ရှက်တယ်ကွ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... ဘာရှက်စရာရှိလဲ ..."

"ငါက သူများကိုပဲ အောင်သွယ်တတ်တာ ငါ့အလှည့်ကျတော့ မလုပ်တတ်ဘူး ..."

"မင်းကလဲ စကားပုံတောင် ရှိသေးတာပဲ ..."

သိန်းစိုးက ဆေးလိပ်ကို မီးညှိလိုက်ပြီး ဆရာကြီးလေသံနှင့် စပါတော့သည်။ မသိရင်တော့ စာတတ်ပေတတ် ဗဟုသုတရှိသူဟု ထင်ချင်ထင်လိမ့်မည်။

အကြောင်းသိ ကျွန်တော်နဲ့ရဲထိုက်ကတော့ အထင်မကြီးပေါင် ... ပြောရင်လဲ တလွဲချည်းပဲ။

"ဒီလိုလေကွာ ... ကြိုက်မရှက် ငိုက်ရင်အိပ်တဲ့ ..."

"ကြိုက်မရှက် ငိုက်မရှက်ပါကွာ ..."

"အေး ... အတူတူပဲ၊ ငါက ငိုက်ရင် အိပ်တာပဲ ... မင်းကြိုက်နေမှတော့ ငိုက်မနေစမ်းပါနဲ့ကွာ ... လုပ်လိုက်စမ်းပါ ဟင်းဟင်း"

"ဟေ့ကောင် ... တော် ... တော် ... မင်းပြီးစလွယ်နဲ့ အောက်စလွှတ်ပြီး အီးမပေါက်နဲ့ ... ဒညင်းသီးဆော်နံတယ်"

"အမ် ... မင်းမေကြီးတော်လား၊ ငါက ဘာကြီးဖြစ်သွားပြီလဲ"

"ဘာပဲပြောပြော ငါကတော့ တစ်ခုပဲပြောချင်တယ် ... အချစ်မှာ အချစ်ပဲလိုတယ်လို့ထင်တယ် ..."





"ဒါဖြင့် ငါတို့အိမ်ထောင်ကျရင် မင်းအိမ်မှာ လာစားမယ်လေ"

"ဟေ့ကောင် ... ဠမတိုက်နဲ့ ပထမအဆင့်ကိုပြောနေတာ"

ကျွန်တော်တို့သုံးယောက် စကားချင်း ဖလှယ်နေတုန်း ဖြုန်းဆို ရောက်လာသူကတော့ ကျွန်တော်တို့အဖွဲ့ထဲက လင်းနေဖြစ်သည်။

လင်းနေက ခင်ဖို့လဲကောင်းသည်။ ပြောမနာ ဆိုမနာနှင့် သူက တစ်ခါတစ်ခါ စကားလဲမပီပါ။

"လူချိုနေပါလား"

ဝင်ဝင်လာချင်း ဆောက်နဲ့ထွင်းဆိုသလို ဘာစကားပြောမှန်းလဲမသိ။ ရဲထိုက်က သိရက်နဲ့ဝင်ကလိသည်။

"ဘယ်လူက ဘယ်လူ့ကို ချိုနေတာလဲ"

"မဟုတ်ပါဘူး ... လူချိုနေတယ်လို့ ပြောတာပါကွ"

"ဪ ... လူစည်တယ်ပြောတာလား"

"အေး ..."

"ဘာများလဲလို့ ... ငါတို့သုံးယောက်က ဒီလိုပဲလေ၊ မုန့်ပဲလှော်တွေ ..."

"လင်းနေ ... လက်ဖက်ရည်လေး ဆေးလိပ်လေးတိုက်ဖို့ စိတ်ကူးမရှိဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရတာ အပီအုပ်မဲ့ရုပ်တွေနဲ့ … ချာပါသပ်ထားပုံပဲ ငပိုင်းတော့မပါဘူး၊ ချားချင်ရင်တော့ ကျွေးမယ် … ဒီနေ့တော့ မဟုတ်ဘူး … နောက်နေ့မှ … "

"နေပါတော့ လင်းနေရာ … ဒီစကားတွေ ရှိးဟိုး ဟိုးနေပြီ သိလား … အသံပြဲကြီးနဲ့တောင် အော်ရယ်ပလိုက်ချင်သေး … "

"ရယ်ချင်ရယ်လေ … ကြိတ်အော်လို့ ထိပ်ပေါ်ကွက်မယ် မကြိုနဲ့ ကတုံးမဟုတ်ဘူး … ဂျပင်နဲ့ကွ ဂျပင်နဲ့ … "

"ဟုတ်ပါပြီ … ဂျပင်နဲ့ကိုလင်းနေရယ် … မင်းကိုစနေတာ ပါ။ ဟိုကောင် ဖော်လေးရော … "

"ဖော်လေးချိုမှ ပြောပြရဦးမယ်"

လင်းနေက သူထိုင်နေတဲ့ခုံကို ရှေ့တိုးလိုက်ပြီး လမ်းမဘက် ကိုလဲ ကြည့်လိုက်သေး။ ကြည့်ရတာ အတင်းတုတ်မယ့်အထာရှိ သည်။ ဒါမျိုးဆို သိဒ်ါစိုးနဲ့ရဲထိုက်က စိတ်ဝင်စားသည်။

"အေး … ပြော … "

"သူ့ချော်ကို သိတယ် မဟုတ်လား"

"ဟို … ဂျပင် အဲ ဟုတ်ပါဘူး … ဆံပင်ညှပ်ဆိုင်ကဆိုတာ လား"

"အေး … အေး … ဂျပင်ညှပ်ဆိုင်က မိုးမိုးချိုတာလေ"

"အဲဒါ ဘာဖြစ်လဲ"





"ငါနဲ့ ဒီကောင် … မိုးမိုးကိုသွားတွေ့တာ … ဟဟားဟား"

"ဟေ့ကောင် … မင်းကိုရယ်ခိုင်းနေတာ မဟုတ်ဘူးနော်၊ ပြောပြခိုင်းနေတာ"

"အေးပါ … ငါပြောရင် မင်းတို့ပါ ရယ်မှာ ဟဟားဟား"

"သြော် … ရယ်ချင်လို့ပါဆိုမှ … ပြောစမ်းပါ … "

"ဟဟား … မိုးမိုးနဲ့သူနဲ့က ချစ်သူဖြစ်သွားပြီးမှ ပထမဆုံး ချိန်းတွေ့ကြတာကွာ … "

"အေး … "

"ဟိုလဲရောက်ရော ဒီကောင် ဘာသွားလုပ်လိုက်လဲမသိဘူး၊ သူ့ပဲအော်ပြီး ပြန်ပြေးလာတာ … ဟဟား … "

"ဘာကိုအော်ပြီး ပြေးလာတာလဲ"

"အခြောက်ကြီး … အခြောက်ကြီးနဲ့ … "

လင်းနေ့စကားကြောင့် ကျွန်တော်တို့တစ်ဝိုင်းလုံး ရယ်သံ များ ဆူညံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်သည်နှင့် ဖေဖေ မရှိမှန်းသိလိုက်သည်။

အဲ ... အဲလိုသိရတာကတော့ အကြောင်းရှိတယ်လေ။ *ဓမဓမနဲ့ တစ်အိမ်ကျော်က အန်တီမိတို့ လေပေးဖြောင့်နေတာ* ကြောင့်ပေါ့။

ဖေဖေရှိရင် လေပေးဖြောင့်ဖို့မပြောနှင့် လေပေးတည့် အောင်တောင် မပြောရဲ။

အခုလဲ ဘယ်အချိန်ထဲက ဖေဖေ့အလစ်ကို ချောင်းနေမှန်း မသိသော အန်တီမိတစ်ယောက် ကြွားလုံးတွေကြားမှာ ဝါးလုံးတွေ များပြီး (လက်ဖက်သုပ်စားနေရင်း) တော်ကီကောင်းကောင်းလွှတ် နေသည်။

ပျင်းပျင်းရှိတာနှင့် အိမ်ထဲမဝင်သေးဘဲ ခြံထဲမှ ဒန်းပေါ်တွင် ထိုင်ရင်း အန်တီမိ ကြွားလုံးကြား လိုက်မျှောလိုက်မိသည်။

"အဟင်း ... မမငြိမ်းရယ် ... အဲဒီတုန်းကဆို အိမ်ကလူကြီး များပြောမနေနဲ့ ... မိကို လာတင်တောင်းတဲ့ သူဌေးသားကိုလဲ မလှန်ရဲ ... သူကိုယ်တိုင်ကလည်း အဖြစ်မရှိနဲ့ မိကလွှေ သနားလို့ သာ သူ့ကိုလက်ခံလိုက်တာ ... စေ့စပ်ထားတာတောင် ဖျက်လိုက် တာလေ ... ဟင်းဟင်း ... "

"မိကို အဲဒီသူဌေးသားက ဘာတွေနဲ့တင်တောင်းလို့လဲ"

"အမလေး မမငြိမ်းရယ် ... ပြောပြရင်လဲ မိမိဇင်တို့ ကြွား





တယ်ဖြစ်ဦးမယ် ... ဘာတွေနဲ့တင်တောင်းလဲဆို စိန်လက်စွပ်၊ စိန် နားကပ်၊ လျှပ်စစ်မီးဖို အစုံပဲ ... မာစီးဒီးတောင် ပါသေး"

"ဟုတ်လား ... နောက် မိက ကိုချစ်မောင်နဲ့ယူတော့ စေ့စပ် ထားတာ ဖျက်ရောပေါ့ ... "

"ဘယ်ကလာ ဖျက်ရမှာလဲ မမငြိမ်းရယ် ... "

"ဒါဖြင့် ဘယ်လိုလုပ် ပြတ်သွားတာလဲ"

"အဟင်း ... သူပေးထားတဲ့ပစ္စည်း ပြန်ပေးလို့လေ"

"သူ တင်တောင်းထားတဲ့ ပစ္စည်းတွေ ပြန်ပေးလို့တဲ့လား"

"အင်း"

"မိက အကုန်ပေးလိုက်ရောလား"

"အမလေး ... မမငြိမ်းရယ် ... မိမိဇင်ပါ၊ အဟင်း ... သူ့ကို လျှပ်စစ်မီးဖိုတစ်ခုပဲ ပြန်ပေးလိုက်တယ်လေ ... "

"ဩော် ... ဩော် ... ဒါကြောင့်ကိုး ... "

ကျွန်တော် အန်တီမိစကားကို ရယ်လိုက်မိသည်။ အားပါး တရ ရယ်ချင်သော်လဲ မကောင်းဘူး မဟုတ်လား။ အန်တီမိစကား က ဒါတင်မဟုတ်သေး။

"ဒါနဲ့ ... မမငြိမ်းက ကိုစောသီဟကို နည်းနည်းကြောက်ပုံ ပဲနော် ... "

"အဲ ... ဟို ... ဒီလို ... မိရေ ... အိမ်ကလူက သူရှာဖွေး



www.burmeseclassic.com

www.burmeseclassic.com



နေတာမဟုတ်လား၊ အဲဒီတော့ သူ့စကားနားထောင်ရတာပေါ့ မိရယ်"

"ဟုတ်လား ... မိအိမ်ကလူဆို တစ်ခွန်းပဲ ... သူ့ဟာသူ ရှာရှုံမကလို့ တောင်းကျေးကျေး ... မိသဘော မိသဘောနဲ့ မိတော့ ကိုချစ်မောင်နဲ့ရမှ ကံကောင်းတယ်လို့ထင်တာ ... "

"ဟုတ်လား"

"ဟုတ်တယ် မမငြိမ်းရဲ့ ... မိ အံရင်က အပျိုဘဝကဆို သိပ်ခေါင်းကိုက်တတ်တာ ... စိတ်အိုက်တယ် ပြောရမလားဘဲ"

"ခုရော ခေါင်းကကိုက်သေးလို့လား"

"ဟင့်အင်း ... ကိုချစ်မောင်နဲ့ယူပြီးမှ မိခေါင်း မကိုက်တော့ဘူး ... သူပဲ ကိုက်တော့တယ်လေ ... "

"ဩော် ... တော်တော်ကံကောင်းတာပေါ့နော် မိ ... "

"ဒါပေမဲ့လေ ... မမငြိမ်းရယ် ... ကွယ်ရာမှိုပြောတာ မဟုတ်ဘူး၊ တစ်ခါတစ်ခါ သူ့ကို သိပ်သနားတယ် ... "

"ဘာလို့လဲ မိရဲ့ ... "

"အလုပ်တွေပဲ ကုန်းရုန်းလုပ်နေတော့ တစ်ခါတလေ စိတ်လဲလွတ်သွားတတ်ပုံပဲ ... မေ့မေ့နေတတ်လို့ ... မိက သနားတာ"

"ဟုတ်လား ... ဘယ်လိုမေ့တတ်လို့လဲ ... "

"တစ်နေ့က ရုံးပိတ်ရက်ကလေ သူကိုယ်တိုင် ဘဲဥကြော်





စားချင်တယ်ဆိုလို့ မီးဖိုချောင်ထဲ ဝင်လာတာ ... "

"အင်း ... ဘာဖြစ်လဲ"

"မိခေါင်းကို ဖွန်းနဲ့ခေါက်ပြီး ဘဲဥကို နှာခေါင်းနဲ့နမ်းနေလို့လေ"

"ဟယ် ... တစ်မျိုးကြီးပဲနော် ... "

"နေရာချင်းမှားသွားတာ ထင်တယ် မမငြိမ်းရယ် ... "

"အို ... ဘာစိတ်ပူစရာရှိလဲမိရယ် ... ဆရာဝန်နဲ့ပြကြည့်ပါလား"

"လက်မခံဘူး မမငြိမ်းရဲ့"

"ဒါဖြင့် ဆရာဝန်ကို ပင့်ပါလား"

"နေပါစေတော့ မမငြိမ်းရယ် ... "

"အေးပေါ့ ... နောက်ဆိုကောင်းသွားမှာပါ၊ နည်းနည်းပါးပါးနားခိုင်းပေါ့"

"အင်း ... စကားကောင်းနေတာနဲ့ပဲ ပြန်ဦးမယ်၊ အိမ်မှာကြက်သားပေါင်းထားတာ ဒီတိုင်းကြီးထားခဲ့တယ် ... "

"ဩော် ... အင်း ... အင်း ... "

အန်တီမိက အပြင်ထွက်ထွက်ချင်း ကျွန်တော့်ကိုတွေ့သဖြင့်

"သတိုး ... ဘာထိုင်လုပ်နေတာလဲ"

"လေပိနေလို့ ... အဲလေ ဟုတ်ပါဘူး ထိုင်နေတာ အန်တီမိ"



www.burmeseclassic.com

www.burmeseclassic.com



"အေး … အေး … "

ကျွန်တော် အိမ်ထဲဝင်လိုက်သည်နှင့် မေမေက လက်ဖက်ပန်းကန်ပြားကိုင်ကာ အထဲဝင်သွားသည်။ ဘယ်လောက်များ ထိုင်ပြောနေကြလဲတော့မသိ။ အန်တီမိ ထိုင်သွားသော ဆိုဖာခုံက ခွက်ကာပင် ဝင်နေလေသည်။

စကားပွင့်များရဲ့ ပွဲတင်သံအဖြစ် ဆိုဖာခုံက ကြားကဝင်ခံသွားရခြင်းဖြစ်မည်။

အခန်း (၂)

"အဟမ်း … အဟမ်း … "

ကျွန်တော် ရေမိုးချိုးပြီး အပြင်ထွက်မည်အလုပ် ဘိုးတော်က စာဖတ်နေရင်း ချောင်းဟန့်သဖြင့် ခြေလှမ်းတို့ တုံ့သွားသည်။

"မငြိမ်းသက် … ဟေး … မငြိမ်းသက်"

"လာပြီ ကိုစော … ပြော … "

"ငါ့ကို ဒီမှာ ရေနွေးထည့်ပေးဦး … "

"တစ်အိုးက ကုန်ပြီလား"

"ဟ … စာဖတ်ရင်း သောက်တာပဲ ဒီလောက်တော့ရှိမှာပေါ့။ အလေလိုက်နေတာ မဟုတ်ဘူးကွ … စာရင်းတွေတိုက်နေတာ"

ကျွန်တော့်ကို စကားနှင့်ထည့်လိုက်သော ဖေဖေ့ကို နဂိုမှေးမျက်လုံးနှင့်ကြည့်လိုက်သည်။

ဖေဖေကလည်း သူပြောပြီးသည်နှင့် မျက်မှန်ပေါ်မှနေ၍ကာ



www.burmeseclassic.com

www.burmeseclassic.com



နှီးသဖြင့် မျက်လုံးချင်း သွားတိုက်မိကြသည်။

"ဟော့ကောင် ... ဘာကြည့်တာလဲ ..."

"ဘာမှမဟုတ်ဘူး"

"ဟင်း ဟင်း ..."

"မေမေရေ မုန့်ဖိုးပေးဦး"

"ဘာမုန့်ဖိုးလဲ ..."

"မေမေ့ကိုပြောတာ ဖေဖေ့ကိုပြောတာ မဟုတ်ဘူး"

"သူ့လဲမပြောနဲ့ သူကငါ့မိန်းမ ..."

"အင် ... ဖေဖေ့မိန်းမဆို ကျွန်တော့်အမေပဲပေါ့ ..."

"အေး ... မင်းအမေကို ဒီအိမ်မှာဘယ်သူပိုင်တာလဲ ... ငါပိုင်တာကွ ငါပိုင်တာ ... ငါကမပြောနဲ့ဆို မပြောနဲ့ဘဲ ..."

"ကျွတ် ..."

"ကျွတ်မကလို့ မြွေပဲတက်တက် ဂရုမစိုက်ဘူးဟော့ကောင်၊ မင်းကို သိပ်ကြည့်ရတာမဟုတ်ဘူး"

"အတူတူပါပဲ"

"ဘာကွ"

"ဖေဖေနဲ့မေမေနဲ့က အတူတူပဲလို့ ..."

မေမေက နောက်ဖေးမှရေနွေးအိုး ယူလာကာ ဖေဖေ မမြင်အောင် လက်ထဲတစ်ထောင်တန် တစ်ရွက်ထည့်ပေးလိုက်သည်။





အဲဒါပဲဗျ ... အဲဒါပဲ။

ကျွန်တော့်လိုကောင်မျိုးက အမြဲလက်ထဲ ငွေမပြတ်နေတဲ့သူ။

မေမေ့ဆီက ကပ်တောင်းလိုက် မငယ်ဆီက ကပ်တောင်းလိုက်နဲ့ စားပေါက်ဖန်နေတာ။

အခုလဲ ညတိုင်းထိုင်နေကျ ဟိုဘက်လမ်းထိပ် လက်ဖက်ရည်ဆိုင် လပ်ကီးသို့ သွားရမည်။

ဆိုင်ထဲတွင် ဖော်လေး၊ လင်းနေ၊ ရဲယိုက်နှင့် သိန်းစိုးတို့က အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် တော်ကီပစ်နေကြသည်။

ကျွန်တော် သူတို့ဘေးက ခုံပုလေးကိုဆွဲပြီး ထိုင်လိုက်သည်နှင့် သိန်းစိုးက ...

"မင်းကလဲ နောက်ကျလိုက်တာ ..."

"အာဖြန်ကွီးနဲ့တိုးနေလို့ဟ ..."

"ဘယ်သူလဲ ..."

"ဘယ်သူကမှာလဲ ဘိုးတော်ပေါ့ ... မင်းတို့ရောက်နေတာ ကြာပြီလား"

"ဘယ်လောက်ထိရှိနေပြီလဲဆိုတော့ကာ ... ဒီကောင် ဖော်လေးဆော် မိုးမိုး ပြန်သွားတာက ..."

"ဟော့ကောင် ... ဟော့ကောင် ရဲယိုက် ... အဲ့ဒီဟာကြီး



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကို ကြားကိုမကြားချင်ဘူး … တော် … တော် … ”

“ဟဟား … ဘာဖြစ်ရပြန်တာလဲ”

ရဲထိုက်က မသိချင်ယောင်ဆောင်ကာ မေးလိုက်သဖြင့် ကျွန်တော်ရော သိန်းစိုးပါ မယောင်မလည်နဲ့ အစာမကြေသယောင် ကြည့်လိုက်မိသည်။

လင်းနေကတော့ စပ်ဖြီးဖြီး ဖြစ်နေသည်။

“ပြောလေ … မင်းနဲ့ပြတ်သွားပြီလား၊ မင်းကွာ … ကောင်မလေးခမျာ သနားပါတယ် … ခုပဲကြိုက်လိုက် ခုပဲဖြတ်လိုက်နဲ့”

“ဟာ … မင်းမသိသေးပါဘူး”

“အေး … ပြောလေ … ပြောမှသိကြမှာပေါ့၊ ဟုတ်တယ်နော် သတိုး … ”

“အေး … ”

“ပြောပြလိုက်ပါရောကွာ … မင်းကလဲ … အဲဒီချော်ရဲ့ ဇစ်မြစ်လေးကို … ”

“ခိခိခိ”

“ဟော့ကောင်တွေ မရယ်နဲ့ … ”

“အေးပါ … မရယ်ပါဘူး၊ မင်း … ပြောပြလေကွာ … ”

“ဟင်း … ငါကွာ … ဆော်မှတ်လို့ အပြတ်ကပ်နေမိတာ”

“သူ့အသံကို မင်းက မရိပ်မိဘူးလား”





“ဟ … ငါလိုက်တုန်းက ခေါင်းပဲညိတ်ညိတ်ပြတာကွ”

“အဲဒီထဲက မင်း ဒက်ရမှာ … အဲဒါ ပုတ်သင်ညိုကွ ပုတ်သင်ညို … ”

“နေပါဦးကွာ … သူ ပြောပါစေဦးဟ … ”

“ငါ့ကိုအဖြေပေးတော့ ပျော်သွားတာပေါ့ … သူက မိန်းမအတိုင်းပဲကွ … မတူတာ တစ်နေရာမှမရှိဘူး”

“ဒါတော့ မယုံဘူး … ကွက်တိတူနေရင် မင်းထွက်ပြေးလာမလား”

“အာ … အဲဒါပြောတာ မဟုတ်ဘူး၊ အပြင်ပန်းကြည့်ရင်းပြောတာ”

“၃၄ … ၂၅ … ၃၆ တောင် သူ့ကိုမမီဘူး”

“လန်းလှချည်လား ဖော်လေးရ … ဟုတ်မှဟုတ်ရဲ့လား၊ မင်း ကြွေနေလွန်းလို့ ဝေဝါးနေတာလား”

“လန်းတာကတော့ တကယ်လန်းတယ် … ခက်တာက အချော်တကောက်ကြီး ဖြစ်နေတာပဲ”

“ဟဟား … မင်း ဘယ်လိုသိသွားတာလဲ”

“ပြောရမှာတော့ ရှက်တယ်ကွာ … ”

“ပြောစမ်းပါကွာ”

“သူနဲ့ငါချိန်းတွေ့တော့ လင်းနေကို ပန်းခြံရှေ့က လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ညည်ဆိုင်မှာထားခဲ့တာကွ ... သူ့ကို ငါက လက်ကိုင်မယ်နော်ဆို တော့ ခေါင်းညိတ်ပြတယ် ... သူက ငှါ့ရင်ခွင်ထဲ မှီပြီး ... "

"ခိခိခိ"

"ဟေ့ကောင် လင်းနေ ... အေး ... ရယ်နေရင် ငါမပြော တော့ဘူး"

"အာ ... ပြောပါ ဇော်လေးရ ... ရဲထိုက်ကလဲ မရယ်စမ်းပါ နဲ့"

"ငါ ... ငါ ... မအောင့်နိုင်တော့လို့ ဟဟဟား ... "

"သူ့ကို ဂရုစိုက်မနေနဲ့ ဆက်ပြောကွာ ... ဘာဖြစ်လဲ ... "

လင်းနေက ပြုံးစိစိ ရဲထိုက်ကလည်း အားရပါးရ ရယ်နေ သဖြင့် ဇော်လေးခမျာ ခပ်ရှက်ရှက်မို့ မျက်နှာကြီးက ပေါင်မုန့်မီး ကျွမ်းသလို မဲသွားသည်။

(ရဲလာတာတော့ မဟုတ်ပါ။ သူက အသားညိုတယ်လေ) ဇော်လေးက အသံကိုနိမ့်ချလိုက်ပြီး ...

"အဲမှာကွာ ... ငါက သူ့ကိုမေးတာ၊ ကိုယ့်ကိုချစ်ရင် ချစ် တယ်လို့ ပါးစပ်ကပြောလို့"

"အဲတော့ ... "

သူက ရှက်သလိုလိုနဲ့ ခေါင်းငုံ့ထားတယ်ဟေ့ ...

"အဲတော့ ... အဲတော့ ဘာဆက်ဖြစ်လဲ"





သိခ်ိစိုးက အလောတကြီးဖြင့် မေးလိုက်သည်။

ဇော်လေးက ...

"နောက်ဆုံးတစ်ခေါက်ပြောမယ် ... ချစ်တယ်လို့ပြောပါဆို တော့ ... ပြောလိုက်တာကွာ ... ချစ်တယ် ဆိုပြီး ... "

"အင်းလေ ... အဲဒါ ဘာဖြစ်လို့လဲ"

"ငှါနားထဲ သံချောင်းကြီးထိုးထည့်တာတောင် သူ့အသံ လောက် အဝင်ဆိုးမှာမဟုတ်ဘူး ... အသံကြီးကကွာ ဟဲဗီးအသံ ကြီး ... ငှါတစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထသွားတယ်"

"အဟာဟ ... "

"အဲဒါနဲ့ ငါမသက်ာလို့ သူ့ကိုထပ်မေးတာ"

"ဘာမေးတာလဲ"

"မင်းက ယောကျ်ားလား မိန်းမလားလို့ဆိုတော့ အဲဒီဟာ ကြီးက ဘာပြောတယ်မှတ်လဲ ... "

"သူများက ယောကျ်ားဆို မချစ်တော့ဘူးလားဆိုပြီး ပြော လိုက်တဲ့အသံကြီးကကွာ ... တုံးအောက်ကဖား တုံးပိလို့အော်နေ သလို နှာခေါင်းသံကြီးနဲ့ ဝမ်းခေါင်းသံကြီးကလည်း ပါလိုက်သေး"

"ဟဟား ... ဟား ... ဟား ... "

"မှတ်ပလား ငမ်းချင်ဦးလေ ... "

"ဒီကောင်က ငမ်းချင်တာမဟုတ်ဘူး၊ နမ်းချင်တာ ... ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်နမ်းလဲ ဟိုက ခံမယ့်ရုပ်ကြီး … ”

“တော်စမ်းပါကွာ … ဒီယုန်မြင်လို့ ဒီချုံထွင်တဲ့အခြောက်”

“ဟဟား … သူ့နေရာမှာ ကောင်မလေးသာဖြစ်ကြည့်ပါလား၊ ဇော်လေးတို့က အပြီကြမ်းလိုက်မယ့်ဖြစ်ခြင်းပဲ … ”

“အပြတ်မှန်းပြီး တချက်နမ်းလိုက်လို့ကတော့ကွာ … ဝါးလက်ခုပ်တီးတာတောင် သူ့လက်နဲ့မင်းပါး မြည်သံကိုမီမှာမဟုတ်ဘူး”

“သွား … ဖွတ်ဟဲ့ ဖွတ်ဟဲ့ … အဲလေ … ဖွဟဲ့ ဖွဟဲ့ လျှောက်ပြောမနေနဲ့ ဆောင့်ထိုးလိုက်လို့ အညှောင့်ပါကျိုးထွက်သွားမယ်၊ ငါ ရည်းစားရမှ မင်းတို့နဲ့တွေ့မယ် … ”

“မင်းကို နှိမ်တာမဟုတ်ပါဘူးကွာ၊ ဒီကောင် သတိုးလဲ ရည်းစားမရသေးပါဘူး … တွေ့မယ့်တွေ့ သူနဲ့ပဲတွေ့ … ”

“ဟာ … အေး ဟုတ်သား … မနွေ့ ရှိတာပဲ”

“ဟေ့ကောင် … တော် … တော် … ဒီတစ်ခါ ငါတော့ထွက်ဖို့ပဲရှိတော့တယ်”

“စိတ်ချ မပူနဲ့လေ … တောထဲထိလိုက်ပြီး ဘီယာတိုက်ဦးမှာ … ”

“နေပါကွာ … အခု အစီစဉ်က ပြောင်းသွားပြီ”

“ဘာလဲ”





“ငါ မြားနတ်မောင်လုပ်တာ တစ်စခန်းရပ်သွားပြီ၊ ခု … ငါ့ကို မြားနတ်မောင် ပြန်လုပ်ပေးကြ … ”

“ပြော … ဘယ်သူ့ကို ကြိုက်မလဲ … ”

“ရဲထိုက်တို့လမ်းထဲက ရှင်းရှင်းဆိုတဲ့ ကောင်မလေး … ”

“ဘာလဲ … ဒေါ်ခင်ဆွေ့သမီးလား”

“ဟုတ်တယ် … ဟုတ်တယ် … ဇော်လေး … ”

ဇော်လေး အမေးကို ရဲထိုက်က ဝင်ဖြေလိုက်သည်။

“အဲဒီအဘွားကြီး သမီးများ မင်းမို့နိုက်တယ်၊ အဘွားကြီးက ငွေတိုးချေးစားတာ … ငါတို့လမ်းထဲလာတာများ တစ်ခါထဲ မာမီကိုဖြစ်နိုင်ရင် ရင်ခေါင်းထိပါ ‘မ’လာချင်တာ၊ ရုပ်ကွက်လူကြီးနဲ့ ဘာလိုလိုမို့လို့ ပတ်ဝန်းကျင်ကလည်း ခွင့်လွှတ်ထားတာ”

“တကယ်”

“ဟုတ်ပ … ”

“နည်းနည်းတော့ လန့်တယ်ကွာ … ဒါပေမဲ့ ကောင်မလေးက အေးတယ် … ”

“အမလေး … မထင်နဲ့ မထင်နဲ့ … ဘုဘောက်ဆတ်ကလေးမယုံရင် နောက်နေ့ သူ့အလုပ်ကို လိုက်သွားကြည့် … ”

“မနက်ဖြန် စနေလေ … ”

“အဲဒါ ဘာဖြစ်လဲ”

www.burmeseclassic.com



"ရှင်းရှင်းက စနေနေ့တိုင်း နားတယ်"

"ဟုတ်လား"

"အေး"

"ဒါဆို မနက်ဖြန် ရဲထိုက်အိမ်ရှေ့က အုတ်ခုံမှာ ဆုံကြမယ်ကွာ၊ အင်း ... ငွါမျက်စိထဲ ဒေါ်ခင်ဆွေမျက်နှာကြီးပဲ ပေါ်နေတယ်"

"မင်းကလဲကွာ ... "

"အေးပါ ... မနက်ဖြန် ဆယ့်တစ်နာရီ ... အိုကေ"

"အိုကေ"

ရဲထိုက် အိမ်ရှေ့ခုံတွင် ကျွန်တော်မှလွဲ၍ အားလုံးရောက်နှင့်နေလေပြီ။

ရှင်းရှင်း အိမ်နဲ့မျက်စောင်းထိုးအိမ်ဖြစ်သော ရဲထိုက်အိမ်ကို ပစ်မှတ်လုပ်ပြီး ခုံမှာထိုင်နေလိုက်သည်။

"ဝီရိယတွေ ရှိနေပါလား ... "

"ဒါ အစပဲရှိသေးတယ် ... ငါ့ထက် မင်းတို့ကများ ပိုပြီးဝီရိယရှိနေသလားလို့ ... "

"ဟဲဟဲ ... သိချင်ရုံသက်သက်ပါ ... "





"မင်း ... အနောက်လမ်းက ပတ်လာတာလား"

"အေး ... သူ့အိမ်ရှေ့က လှည်းကြီးက ဘာကြီးလဲ"

"လှည်းကြီးပါဆိုမှ ဘာကြီးလဲဆိုတော့ မင်းကြီးတော်လင်ငါက ဘာသွားပြောရမလဲ"

"ဟုတ်ဘူးလေ ယောက်ဖရယ် ... ဘာလုပ်နေတာလဲလို့"

"တော်တယ် ကုလားရဲ့လှည်းလေး ... ရောင်းနေတာဖြစ်မှာပေါ့ ... "

"ဘာ ... ဘယ်သူ့ကိုရောင်းတာလဲ ... "

"ဘယ်သူ့ကိုရောင်းရမှာလဲ ... ပလတ်စတစ်ခွက်တို့ ဒန်ခွက်တို့ ရောင်းမှာပေါ့ ... "

"ဗျူး ... တော်ပါသေးရဲ့"

"တော်တယ် ကုလား ... ပြန်ထွက်လာပြီကွ ... "

ရှင်းရှင်း အိမ်ရှေ့မှဘော်တယ် ကုလားကလှည်းထဲ ဒန်ခွက်ကော်ခွက်များထည့်ကာ ကျွန်တော်တို့ရှိတဲ့နေရာသို့ တွန်းလာရင်း ပါးစပ်မှာလဲ အော်လာသည်။

"ဒန်ဒန့် ဒန့်ဒန် ဒန်ဒန့်ဒန့်ဒန် ဒန်တွေဝယ်တယ် ... "

"ဒန်ဒန့်ဒန့်ဒန် ဒန်ဒန့်ဒန့်ဒန် ဒန်တွေဝယ်တယ်"

"အလို ... တယ်လာတဲ့ ဘော်တယ်ကုလားပါလား၊ ရက်ပါထင်တယ် ... ဟော့ ... လာဦး ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် သတိုး ... ဘာလုပ်မလို့လဲ ... "

"ရှင်းရှင်း ရောင်းလိုက်တဲ့ပစ္စည်းလေး အမှတ်တရသိမ်းထားချင်လို့ ... "

"ဟာကွာ ... ဘာရောင်းလိုက်မှန်းလဲ မသိဘဲနဲ့ ... "

သိန်းစိုးက သတိပေးလိုက်သဖြင့် ကျွန်တော် ဘော်တယ်ကုလား တွန်းလာသောလှည်းကို ကူဆွဲလာကာ ရဲထိုက်အိမ်ရှေ့တွင် ရပ်လိုက်သည်။

"ဘာရောင်းမလဲ အစ်ကို့ ... "

"မရောင်းပါဘူး ... ဝယ်ချင်လို့ ... "

"အမ် ... အစ်ကို့ ကုလားနော် ... ဒန်တွေဝယ်တယ်၊ ဒါပေမဲ့ အစ်ကို့ကုလားဝယ်တယ်နော် ... ဝယ်ပြီးသားပစ္စည်း ကုလားမစားဘူး၊ အဲလေ ... ကုလား မရောင်းဘူးအစ်ကို ... ဒိုင်ကိုပဲပြန်သွင်းတယ် ... ဒါ ကုလားမှန်သောစကားပြောတာ အစ်ကို့ ... "

"အာ ... ပါပြီကွာ၊ ဒီလိုပါ ... ဟိုအိမ်က ဘာတွေရောင်းလိုက်တာလဲ"

သတိုးစောက လက်ညှိုးထိုးကာပြောလိုက်သဖြင့် ဘော်တယ် ကုလားက လှည့်ကြည့်ပြီးမှ ...

"ဪ ... ခွက်တွေရယ် ... ဒီကော်ပန်းအိုးလေးရယ် အစ်ကို့ ... "





"အေးကွာ ... အဲဒါလေးရောင်းပါ တကယ်အရေးကြီးနေလို့ သူ့ပစ္စည်းလေးကို သိမ်းထားချင်လို့ပါ ... "

"ဪ ... တော်ပါသေးရဲ့ မြတ်စွာဘုရား ... အကိုလိုချင်တယ်ဆိုရင်တော့ အလကားယူသွားပြီး ၂၀၀ ပေးခဲ့ပါ ... "

"အမ် ... အလကား ယူသွားဆို ... "

"ပစ္စည်းကတော့ အလကားပေးပါတယ်အစ်ကို့ ... ဒါပေမဲ့ ကုလား အစ်ကိုနဲ့စကားပြောရတာ အချိန်ပုပ်တယ်လေ ... အဲဒါ ပြန်လျော်ပေး အစ်ကို့ ... "

"ကဲကွာ ... ရော့ ... ရော့ ... "

ကျွန်တော် ဘောင်းဘီအိတ်ထဲမှ အကြွေနှစ်ရာထုတ်ပေးလိုက်ပြီး လှည်းထဲမှ ကော်ပန်းအိုးလေးကို ယူလိုက်သည်။

"ကျေးဇူးပဲ အစ်ကို့ ... ဟိုအစ်မလေးအမေကြီး ရောင်းလိုက်တဲ့ပစ္စည်းရော သိမ်းထားဦးမလား အစ်ကို့ ... ... "

"ဘာတွေလဲ"

"ထွေးခံခွက်နဲ့ ဂျူရှူးခွက်လေ ... "

"အာ ... နေပါဗျာ၊ မယူတော့ဘူးနော် ... ကျေးဇူးပဲ"

"ဒါဆို သွားမယ်နော် အစ်ကို့ ... "

"သွား ... သွား ... သွားပါဗျာ"

"မောင်မင်းကြီးသားတွေ လူလုံးလှပြီး ဘုလုံးကြွပါစေလို့



www.burmeseclassic.com

www.burmeseclassic.com



ကုလား ဆုတောင်းပေးတယ်နော့”

“အေးကွာ … ခုလိုကူညီတဲ့ မင်းလဲ မိန်းမမြန်မြန်ရပါစေ”

“ဟရေး … တော်ပါတော့အစ်ကို ကုလား မိန်းမသုံးယောက် ရပြီးထဲက နောက်ထပ်ယူဖို့ မစဉ်းစားဘူး အစ်ကို … ”

“ကောင်းကွာ … ”

ရဲထိုက်က ကျွန်တော့်ကိုကြည့်ကာ …

“ဟော့ကောင် သတိုး … အလုပ်မဟုတ်တာတော့ လုပ်လာခဲ့ပြီးပြီ … ဒီလိုပဲ အဝေးက ချော်နေတော့မှာလား”

“ဟင်း … ဘာဆက်လုပ်ရင် ကောင်းမလဲ … ”

“သူ့အလုပ်ကိုလိုက်ပြီး ချောင်ကြည့်ပါလား”

“မင်းတို့ပါ လိုက်ခဲ့ရမယ်လေ … ”

“အေး လိုက်ခဲ့မယ် … ”

“ဒါဆို မနက်ဖြန်ကျရင် ငါတို့သွားရအောင်ကွာ”

ကျွန်တော် ကော်ပန်းအိုးလေးကိုင်ကာ အိမ်ပြန်လာခဲ့သည်။

မငယ်ကတော့ စာဖတ်နေသည်။

မယောင်မလည်နှင့် သူ့အနား သွားထိုင်မိသည်အလုပ် … ဘိုးတော်က အခန်းထဲမှထွက်လာသည်။

“ကောင်းတယ်ကွာ … ကောင်းတယ် … ”

ဖေဖေက မေမေ့ကိုပြောကာ ထွက်လာရင်း ကျွန်တော့်ကို



ကြည့်သဖြင့် မသိချင်ယောင်ဆောင်ကာ ရေသောက်နေလိုက်သည်။

မေမေက …

“ကိုစောကလဲ တိုးတိုးပြောပါ မိကြားသွားရင် ဘယ်ကောင်းမလဲ … ”

“ကြားကြားပေါ့ … နည်းတောင်နည်းသေးတယ်”

“အခုဟာက မိနဲ့ကိုချစ်မောင် ဈေးကအတူပြန်လာတာကိုချစ်မောင်က ရှေ့ကအရင်ဝင်တယ်တဲ့၊ အဲဒါ အိမ်ပေါ်ထပ် ဝရံတာက အလှထားတဲ့ပန်းအိုးလေးက ကြောင်တိုးလိုက်လို့ သူ့ခေါင်းပေါ် ပြုတ်ကျတာ ခေါင်းကွဲသွားတယ်တဲ့”

“အေးပေါ့ … နောက်ဆို ဘယ်သွားသွား မိန်းမကိုရှေ့ကထားရတယ်ဆိုတာ ဒီကောင် ကောင်းကောင်းကြီးသိသွားတော့တာပေါ့ … ”

“ခိခိခိ”

“ဟော့ကောင် ဘာရယ်တာလဲ”

“ဘာမှမဟုတ်ဘူး”

“နေစမ်းပါဦး … မင်းလက်ထဲက ဘာကြီးလဲ”

“ပန်းအိုးလေ”

“ဘာလုပ်ဖို့လဲ”

“ဦးလေးချစ်တို့အိမ်ကလို ဝရံတာမှာ အလှထားဖို့”

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ဒါ မင်း ငါ့ကို သက်သက်ရွဲ့ပြောနေတာ မဟုတ်လား"

"ဟုတ်ပါဘူး ... ဒီပန်းအိုးကျလဲ ဘာဖြစ်လဲ ... ကော်ပန်းအိုးလေးပဲဟာကို"

"ဟော့ကောင် ... ဝရံတာမှာ ရှုပ်ရှုပ်ယှက်ယှက် မမြင်ချင်ဘူး မထားနဲ့ ... "

"ဖေဖေ ဒါတော့ ညစ်ပတ်တာပဲ ... သားက အိမ်ရဲ့မျက်စိပသာဒအတွက် တမင်ဝယ်လာရတာကို ... "

"ဟော့ကောင် အထွန့်မတက်နဲ့ ... ထားရဲထားကြည့် လွှင့်ပစ်ပြမယ် ... "

"ဟင်း ... ညစ်ပတ်တယ်လို့ပြောတော့လည်း မကြိုက်ဘူး"

အခန်း (၃)

ကျွန်တော် ရဲထိုက်အိမ် ရောက်သည်နှင့် ရဲထိုက် ရေချိုးနေသည်။

အိမ်ရှေ့ဧည့်ခန်းထဲတွင် ရဲထိုက်ညီ သားပုက စာလုပ်နေသဖြင့် ဘေးနား ဝင်ထိုင်လိုက်ပြီး ...

"သားပု ... ခု ဘယ်နှတန်းတက်နေတာလဲ'

"သုံးတန်း"

"သားပု ဘာလို့စာအုပ်အဖုံးပေါ်မှာ ရဲထိုက်ပုံကို ကော်နဲ့ကပ်နေရတာလဲ ဆရာမ ဆူဦးမယ် ... "

"မဆူပါဘူး ကိုကြီးသတိုးရ ... ဆရာမက မြင်ဖူးချင်တယ်ဆိုလို့ ... "

"ဟ ... ကောင်းလှချည်လား ... ဆရာမက ဘယ်လိုပြောလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ရဲ့အိမ်စာတွေကို ဖြေပေးတဲ့ လူညံ့ရဲ့မျက်နှာကိုမြင်ဖူးချင်လိုက်တာတဲ့"

သားပုစကားကြောင့် ကျွန်တော့်မှာ ရယ်ချင်စိတ်ကို မထိန်းထားနိုင်တော့ဘဲ ရယ်လိုက်သဖြင့် ရဲထိုက်က ထွက်လာပြီး ...

"ဟေ့ကောင် ... ဘာတွေသဘောကျနေတာလဲ"

"ဘာမှမဟုတ်ပါဘူး မြန်မြန်လုပ် ... ငါလည်း သားပုနဲ့နည်းနည်းဆက်ဆွေးနွေးလိုက်ဦးမယ် ... ရယ်ရတယ်ကွ"

ရဲထိုက်ဖ် အခန်းထဲပြန်ဝင်သွားသဖြင့် ကျွန်တော် သားပုကို ကြည့်ပြီး ...

"ဒါနဲ့ အရင်က ဒီမှာကြက်တူရွေးရှိတယ် မဟုတ်လား၊ ဘယ်ရောက်သွားတာလဲကွ"

"ရှိတော့ဘူး ... ရှူးသွားလို့ လွှတ်ပေးလိုက်ရတယ်"

"ဘယ်လိုဖြစ်လို့ ရှူးသွားတာလဲ သားပုရ ..."

"ဘယ်လိုဖြစ်ရမှာလဲ ကိုကြီးသတိုးရ ... ကိုကြီးရဲထိုက်ပေါ့ သားကြက်တူရွေးကို လာလာနမ်းတာ ... ခု ကြက်တူရွေး ရူးသွားပြီ"

"ဟဟား ... တကယ် ..."

"ဟိုလေ ... ကိုကြီးသတိုး ..."

"အင်း ... ပြော ..."





"သားတို့ ဒီမြို့နယ်မှာ အရှူးမဟုတ်ကြောင်း ထောက်ခံစာယူလို့ရလား ... ဆေးရုံတွေမှာပေါ့ ..."

"အင်း ... ရတယ်လေ ... ဘာဖြစ်လို့လဲ"

"ဆရာမပေါ့ ... သိပ်စိတ်ညစ်ဖို့ကောင်းတယ် ... ဟိုတစ်နေ့က သားကိုပြောတယ် ... တွက်ထားတဲ့စာတွေကလည်း တစ်ပုဒ်မှ မမှန်ဘူးတဲ့ ... နင်ပဲ ရူးနေလား၊ ငါပဲရူးနေလား မသိတော့ဘူးတဲ့၊ အဲဒါ ... သား မရူးကြောင်း ထောက်ခံစာယူသွားမလို့ ..."

"ဟိုက် ... လုပ်ပြန်ပြီ သားပုရာ ..."

"သွားမယ် သတိုး ... ငါပြီးပြီ ..."

တော်သေးသည်။

ရဲထိုက် အရောက်မြန်ပေလို့။

မဟုတ်လျှင် ကျွန်တော်ပါ သားပုနဲ့အတူ ထောက်ခံစာယူရတော့မည်။

"အေး ... ဟိုကောင်တွေရော ..."

"လက်ဖက်ရည်ဆိုင်မှာ နေမှာပေါ့"

ကျွန်တော်နဲ့ရဲထိုက် လမ်းထိပ်လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။

လင်းနေကိုတွေ့သဖြင့် စတိုးဆိုင်သို့ ဆွဲခေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စတိုးဆိုင်က အကြီးကြီးတော့ မဟုတ်ပါ။

အိမ်သုံးပစ္စည်းနှင့် အလှကုန်ပစ္စည်း အစုံရှိသည်။

ဆိုင်ထဲ ဝင်သာဝင်လိုက်သည်။

ဘာဝယ်ရမှန်းလဲမသိ။

ရှင်းရှင်းက ...

"ဘာအလိုရှိပါသလဲရှင်"

"ဟို ... အဲ ... ဟိုဟာလေ ... "

"ဘာလဲ ... "

ကျွန်တော့်ကို လင်းနေက နောက်မှတို့လိုက်သဖြင့် ...

"ဟိုဒင်းလေ ... စက္ကူ ... စက္ကူ ... "

"ဘာစက္ကူလဲ ... "

"အိမ်သာသုံးစက္ကူ"

"ဘယ်အမျိုးအစားထဲကလဲ ... "

"ကုန်းလို့ရရင် ပြီးတာပဲ"

"ဘာရှင့်"

"အဲ ... အကောင်းစားထဲကပေးလို့ ပြောတာပါ"

ရှင်းရှင်းက မျက်စောင်းထိုးကာ အိမ်သာသုံးစက္ကူကိုသွားရှာနေသည်။





လင်းနေက ကျွန်တော့်ကိုကြည့်ကာ ...

"မင်းကလည်း ဘာကြီးဝယ်မှန်းလဲ မသိဘူး"

"မသိဘူးလေကွာ ... စိတ်ထဲရှိတာ ပြောလိုက်တာပဲ"

"ဘာလဲ ... ဗိုက်ဆာနေလို့လား"

"အာ ... "

"ဒီမှာ ... အိမ်သာသုံးစက္ကူကုန်နေတယ် ... ရှိးရှိးယူမလား"

"ဒါဖြင့်လဲနေပါတော့ ... အကောင်းစားသံစားကော်ပတ်ပဲပေးတော့"

"ရှင် ... "

"အဲလေ ... ကော်ပတ်စားစရာရှိလို့ဗျ"

"ဟုတ်ပါပြီ ... "

ရှင်းရှင်းက ခေါင်းညိတ်ကာ သံစားကော်ပတ်တစ်ခု ထုတ်ပေးလိုက်ပြီး ...

"နောက်ကော ဘာယူဦးမလဲ ... ပတ်တီးတို့ အနာလိမ်းဆေးတို့ရော ယူဦးမလား ... "

"ဟာဗျာ ... အဲဒါကြီး ဘာလုပ်ရမှာလဲ"

"မသိဘူးလေ ... လက်တို့ဘာတို့ထိရင် လိမ်းရအောင်ပေါ့"

"ဟော့ကောင် ... လက်တဲနိုဝယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘာလုပ်ရမှာလဲ ... "

"မင်း ကောင်မလေးကိုပေးပေါ့ ... "

"အာ ... ငါ့မှာ ကောင်မလေးမှ မရှိတာ"

"မင်းလိုက်မယ့် ကောင်မလေးကို ပေးဖို့လေကွာ"

"အေးနော် ... မင်းပြောတာ ဟုတ်သား"

ကျွန်တော် မှန်ဗီရိုထဲက လက်သည်းနီပုလင်းတစ်ပုလင်းကို လက်နှင့်ထောက်ပြလိုက်သည်။

သူမက ထုတ်ပေးလိုက်ပြီး ကျွန်တော်တို့ကို ကြည့်သည်။

"ဒီအရောင်ကြီးက လှပါ့မလားကွ ... ဘာအရောင်ပေါ်မလဲ မှမသိတာ ... စမ်းဆိုးလို့ရလား"

"မရဘူး ... "

"ဟာ ... ဒါဖြင့်ဝယ်ပြီးမှ မကြိုက်ရင် ဘယ်နှယ်လုပ်မလဲ"

"ဒီမှာကြည့် ... ဒီအရောင်ပဲ ... "

ရှင်းရှင်းက လက်ညှိုးလေး တစ်ချောင်းထောင်ပြလိုက်ပြီး ကျွန်တော်တို့ကို ပြသည်။

"ဟုတ်ရဲ့လားဗျာ ... တော်ကြာ ဒီအရောင်ကတခြား ဒီပုလင်းထဲကအရောင်ကတခြား ဖြစ်နေဦးမယ် ... "

"ဘာမှမဖြစ်ဘူး ... အဲဒီပုလင်းထဲကပဲ ဆိုးထားတာ ... ဘယ်လိုမှ မှားစရာမရှိဘူး"





"အင်"

ပြောတော့ဖြင့် စမ်းမဆိုးရဘူးလေး ဘာလေးနဲ့သူကျတော့ လက်ဆယ်ချောင်းစလုံး ဆိုးထားသည်။

ကျွန်တော် လက်သည်းနီ ပုလင်းပါဝယ်ပြီး ထွက်လာခဲ့သည်။

"ငါကပြီးရင် ဘာဆက်လုပ်ရမှာလဲ"

"မင်းကလဲ သူ့ကိုပြန်ပေးလိုက်ပေါ့ကွ"

"အဲဒီတော့ ...

"မင်းလိုက်မယ့် ကောင်မလေးက သူမှန်းသိသွားမှာပေါ့"

"ဟာ ... အေး ... ဟုတ်သား ... တော်လိုက်တဲ့ငါ့သူငယ်ချင်း"

"အေး ... မင်းကလဲပိန်းပါ့ ... ငါ့သူငယ်ချင်းလို့မပြောနဲ့"

"အခုပဲ သွားပြန်ပေးလိုက်မယ်ကွာ ... "

"ဒါတော့ မင်းသဘောပဲ ... "

ကျွန်တော် လမ်းထိပ်စတိုးဆိုင်သို့ ပြန်သွားကာ ရှင်းရှင်းရှေ့သို့ လက်သည်းနီပုလင်းကို တင်လိုက်သည်။

ရှင်းရှင်းက မျက်လုံးလေး ပြူးကာ ...

"ဟင် ... ဘာလဲ ... ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"လာပေးတာလေ"

"ဒီဆိုင်က ဝယ်ပြီးသားပစ္စည်း ပြန်မလဲပေးဘူးရှင့်"

"အာ ... လာလဲတာမဟုတ်ပါဘူး ... မင်းကိုလာပေးတာ"

"ဘာအတွက်လဲ ... "

" ... "

"ဘာအတွက်လဲလို့ဆို"

"ကျွန်တော် ... ရှင်းရှင်းကိုချစ်တယ်လို့ ပြောချင်တာလေ"

ရှင်းရှင်းက ကျွန်တော့်ကိုကြည့်ကာ အကဲခတ်နေပုံရသည်။

ခဏနေမှ ...

"ရှင်က ကျွန်မကို တကယ်ချစ်တယ်ဆိုပါတော့"

"ဟုတ် ... "

"ဒါဆို ... ဒီည ကျွန်မတို့ခြံထဲကိုလာခဲ့"

"ဗျာ"

"လျှောက်တွေးမနေနဲ့ ... ကျွန်မ အိပ်ခန်းက ပြတင်းပေါက်ကို ည(၉)နာရီအတိ လာပြီး ရည်းစားစကားပြောရဲရင် စဉ်းစားပေးမယ်"

"ဟာ ... တကယ်နော် ... "

"အပိုမပြောဘူး"





"ဒါဆို ... ဒီညလာခဲ့မယ်နော် ... သွားမယ် ... "

ရှင်းရှင်းက ကျွန်တော့်ကိုကြည့်ပြီး ခေါင်းညိတ်ပြသည်။ ကျွန်တော့်ကို စောင့်နေကြသော ရဲထိုက်နှင့်လင်းနေက ...

"ဘာထူးခြားလဲ ... "

"ဒီည (၇)နာရီ သူ့အိမ်က အခန်းပြတင်းပေါက်မှာ ရည်းစားစကားလာပြောနိုင်ရင် စဉ်းစားပေးမယ်တဲ့"

"ဟဟား ... မင်းပဲသွား ... ငါတို့မလိုက်ဘူး"

"ဟာ ... အဲလိုတော့ မလုပ်နဲ့လေကွာ ... "

"သူ့အမေကြီးကို ကြောက်တယ် လိုက်ဘူး ... "

"ဟေ့ကောင် ... အဲလိုတော့ မညစ်ပတ်နဲ့၊ မင်းတို့ပဲမြှောက်ပေးပြီး ... "

"ဖော်လေးနဲ့သိဂ်ီစိုးကို ခေါ်ကွာ ... ငါက တစ်လမ်းထဲနေတာဆိုတော့ မကောင်းဘူး ... "

"အေးလေ ... ဒါဆိုလဲ အဲဒီကောင်တွေကိုပဲ ခေါ်ရမှာပေါ့"

ကျွန်တော် ည(၇)နာရီထဲက လမ်းထိပ်လက်ဖက်ရည်ဆိုင်တွင် သိဂ်ီစိုးတို့နှင့် ထိုင်နေလိုက်သည်။

သိဂ်ီစိုးက ခေါင်းကုတ်ကာ ...

"လိုက်တာတော့ လိုက်ပေးလို့ရပါတယ်၊ ဒါပေမဲ့ကွာ ... မတော် သူ့အဘွားကြီးက မအိပ်သေးဘဲ ငါတို့ကိုတွေ့သွားမှ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြား ရှစ်အိမ်ကြား အော်နေဦးမယ် ... ”

“ဒါကတော့ကွာ ... မတွေ့အောင် သွားရမှာပေါ့”

“အေးပေါ့ကွာ ... စကားကိုလဲ လိုရင်းတိုရှင်းပြောဦး မဟား တရားပွားမနေနဲ့ ... ကြားလား ... ”

“အေးပါကွာ ... ဟိုကောင် ခေါ်လေး မင်းပါလိုက်ရမယ်”

“အမ် ... ငါက ဘာလိုက်လုပ်ရမှာလဲ”

“မင်းက အဘွားကြီးကိုစောင့်ကြည့်နေရမှာ၊ ဒါမှ ငါတို့က စိတ်အေးလက်အေးနဲ့ ပြောလို့ရမှာ”

“ကောင်းကွာ ... အကျိုးအမြတ်ဖြင့် မရှိဘဲနဲ့ လိုက်လုပ်ပေးရဦးမယ်”

“ဟေ့ကောင် ... အောင်မြင်ရင် စားချင်တာစားပဲ”

“တကယ်လား”

“တကယ်”

“အေးလေ ပြီးတာပဲ ... လိုက်ရတော့မှာပေါ့”

ကျွန်တော်တို့ အာလူးဖုတ်နေတုန်း လင်းနေနှင့်ရဲထိုက် ရောက်လာသည်။

လင်းနေက ကော်ဖီတစ်ခွက်မှာလိုက်ပြီး နားထဲ ညှပ်ထားသော လန်ဒန်ကို စားပွဲပေါ်တောက်နေကာ ...

“အောင်မြင်ပါချေကွာ ... အဘွားကြီးက နည်းနည်းတော့





အာကျယ်တယ်ရှိ ပြောသံကြားတယ်”

“အဲဒါ ဘာဖြစ်လဲ”

“ဘာဖြစ်ရမှာလဲ ... မင်းတို့တွေ တော်ကြာ ကောင်မလေး အခန်းမရောက်ဘဲ ချုပ်ခန်းရောက်နေမှာစိုးလို့ ... ”

“ဘာမှ စခန်းရောက်စရာအကြောင်းမရှိဘူး ဟေ့ကောင်၊ သူ့သမီးက ၁၈နှစ် မပြည့်သေးတာလဲမဟုတ်ဘူး၊ ရည်းစားစကား ပြောနေတုန်း တွေ့သွားတော့လဲ ပြီးသွားတာပေါ့ကွာ”

“အေးပါ ... အေးပါ ... ပြန်လာရင်လဲ အဲရိပဲ တထောင်ထောင်ဖြစ်နေကြပါချေကွာ ... ”

“တော် ... တော် ... ခွေးသား ... သူကဖြင့် ဘာမှမကူညီဘဲနဲ့ ဘာလာချောင်နေသေး ... ”

“မိန်းမ ... မိန်းမ ... ဘာလို့များ မိန်းမတွေဆိုတာ ယောကျ်ားတွေအတွက် ရင်ခုန်စေရတာလဲ မသိဘူး”

“ငါကြားဖူးတာတော့ ဘုရားသခင်က ယောကျ်ားကိုအရင် ဖန်ဆင်းပေးပြီးမှ မိန်းမကိုဖန်ဆင်းပေးခဲ့တာတဲ့ ... ဘာလို့များ ဖန်ဆင်းခဲ့တာလည်းမသိဘူး၊ တကယ်ဆို ... မိန်းမကို အရင်ဖန်ဆင်းပြီးမှ ငါတို့ယောကျ်ားတွေကို ဖန်ဆင်းရမှာ ... အဲဒါဆို အခုနေ သူတို့တွေက ငါတို့ကို ရည်းစားစကား လာပြောနေရမှာနော်”



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလဲ ဘုရားသခင်က မင်းထက်ဉာဏ်အမြော်အမြင်ရှိပြီးသား၊ မိန်းမကို ဘာလို့အရင်မဖန်ဆင်းသလဲ သိလား"

သိဒ်ဓိစိုးက ဆရာကြီးစတိုင်နဲ့ အထာကြီးကိုင်ကာ မေးသဖြင့် ကျွန်တော်တို့အားလုံး ခေါင်းခါမိသည်။

"ယောက်ျားကို သူဖန်ဆင်းနေတဲ့အချိန်မှာ မိန်းမက အကြံဉာဏ်အမျိုးမျိုးပေးပြီး သူ့ကိုနှောက်ယှက်မှာစိုးလို့ကွ"

"လုပ်ပြီ ... တလွဲ ... မင်း ဒါ့တော့ ... မိန်းမတွေကို ပုတ်ခတ်လွန်းပါတယ်ကွာ"

"ဩော် ... တကယ်ကွ ... မိန်းမတွေက ပစိပစပ်များတာ မှလွန်ရော ... ဒီကြားထဲ ယောက်ျားရှိရက်နဲ့တောင် ဖောက်ပြန်တဲ့ မိန်းမတွေကရှိသေး ... ငါတို့ အဒေါ်တိုက်ရဲ့ဘေးအခန်းက မရွှေရည်ဆိုရင် သူက လင်ငယ်ပါနေလိုက်သေး ... ကပ်စီးကလဲ ဘာနည်းသလဲမမေးနဲ့၊ ပြောပြဦးမယ် ... သူလင်ငယ်နေတာ သူ့ယောက်ျားသာမသိတယ် တစ်တိုက်လုံးအားလုံးသိပဲ ... သူ့လင်ငယ်နဲ့သူနဲ့က ဘယ်လိုချိတ်ဆက်ထားသလဲဆိုတော့ကွာ သူ့ယောက်ျားကြီးအလုပ်သွားတာနဲ့ သူ့လင်ငယ်က တိုက်အောက်ကနေ ငှက်အော်သံပေးလိုက်တယ် ... အဲဒီကျရင် သူကအကြွေစေ့လေးပစ်ချလိုက်တယ်၊ အဲ ... အဲဒါဆို သူ့လင်ငယ်က တိုက်ပေါ်တက်လာရမယ်ပေါ့ကွာ"





"အေး ... "

"အဲဒီနေ့က ငါနဲ့တည့်တည့်တိုးရော ... ငါက အဒေါ်ဆီမုန့်ဖိုးလာတောင်းတော့ တိုက်အောက်မှာ သူက ဟိုရှာဒီရှာလုပ်နေတာနဲ့ ငါလဲသွားမေးတာပေါ့ ... ဘာများဂူညီရမလဲပေါ့"

"သူက ဘာပြောလဲ"

"အကြွေစေ့ပစ်ချလိုက်တာ ... ဒီနားမှာပဲ ပျောက်နေလို့တဲ့"

"အဲဒီတော့"

"အဲဒီတော့ မရွှေရည်က ဝရံတာကနေထွက်ပြီး လှမ်းပြောလိုက်တယ် ... ရှာမနေနဲ့တော့ ကျွန်မအကြွေစေ့ကို ကြိုးနဲ့ပြန်ဆွဲတင်လိုက်ပြီတဲ့"

"ဟဟား ... လက်လန်တယ် တော်တော်ကပ်စေးနည်းတဲ့ဟာကြီးပဲ ... "

"အေးလေ ... သူ့ယောက်ျားကို မင်းတို့အဒေါ်တိုက်ကလူတွေက ပြန်မပြောဘူးလား"

"ပြောတယ် ... သူကိုယ်တိုင်လည်း ပြန်ပြောတယ်၊ သူ့မိန်းမကို လင်ငယ်နဲ့တွေ့လို့တဲ့ ... အဲဒါနဲ့ဘေးခန်းကလူတွေက စိတ်ပူသွားတာပေါ့ ... ခင်ဗျားမိန်းမကို သတ်ပစ်လိုက်သလား၊ လင်ငယ်ကို တစ်ခုခုပဲလုပ်လိုက်သလားမေးတော့ အေးဆေးပဲပြန်ပြောတယ် ဒေါ်သလဲထွက်မနေဘူးကွ ... တကယ်ပဲ ဘာပြောတယ်မှတ်လဲ



www.burmeseclassic.com

www.burmeseclassic.com



နေပါစေတော့ အဲဒီလူကို ကျွန်တော်သိတယ် ... အဲဒါကြောင့် သူ့မိန်းမ ကိုလက်စားသွားချေတာ နှစ်ပတ်လောက်ရှိနေပြီတဲ့"

"ဟုတ်ဟား ... "

"ဒါကတော့ကွာ ... မိန်းမတိုင်း ဖောက်ပြန်တာတော့ မဟုတ်ပါဘူး"

"အေးပါ ... မင်းမကြုံသေးလို့ပါ ... "

"နေပါတော့ကွာ ... ခုလောလောဆယ် ငါနဲ့ပဲမင်းလိုက်ခဲ့ ပါဦး"

"အေးပါ ... ဟိုကောင် ဖော်လေး ပုဆိုးကိုခပ်တိုတိုသာ ဝတ်ထား ... တစ်ခုခုဖြစ်ရင် နောက်ကျတဲ့ခြေထောက် သစ္စာ ဖောက်ပဲနော် ... "

"စိတ်ချ သားကြီး ... "

ကျွန်တော် ဖော်လေးနှင့်သိဒ်ိစိုးကိုခေါ်ကာ ကိုးနာရီမထိုး ခင် ငါးမိနစ်အလိုတွင် ရှင်းရှင်းတို့လမ်းထဲသို့ လာခဲ့သည်။

ဖော်လေးက ...

"ဟေ့ကောင် သတိုး ... ငါ ဒီမှာနေခဲ့မယ်"

"မရဘူး ... မင်းက ခြံရှေ့ကနေ အဘွားကြီးကိုကြည့်ရမှာ"

ဖော်လေးက ခေါင်းကိုအားပါးတရ ကုတ်လိုက်ပြီး ပုဆိုးကို ခပ်တိုတိုဝတ်လိုက်သည်။





သိဒ်ိစိုးကတော့ ခြင်ကိုက်မှာစိုးသဖြင့် ပုဆိုးကြီး ခေါင်းမြီးခြုံ လာသဖြင့် လမ်းထဲမှ ခွေးများဟောင်ကုန်ကြသည်။

ရှင်းရှင်း အိမ်ရှေ့အရောက်တွင် ခြံတံခါးကို သုံးယောက်သား ခပ်သွက်သွက်ကျော်ဝင်လာပြီး ခေါင်းရင်းဘက်သို့ အရင်ပတ်သည်။

သိဒ်ိစိုးက လေသံတိုးတိုးဖြင့် ...

"သတိုး ... ခေါင်းရင်းမှာက တံခါးပေါက်သုံးပေါက်တောင် ရှိတာ ... ဘယ်တံခါးလဲ မှားခေါက်မိဦးမယ်"

"နေဦး ... အမေနဲ့သမီးဆိုတော့ အမေက ရှေ့ခန်းမှာအိပ် မှာပဲ"

"ဒါဆို အလယ်တံခါးကို ခေါက်ရမှာပေါ့"

"အေး ... "

ကျွန်တော် အလယ်တံခါးနားသို့ သွားလိုက်ပြီး တံခါးခေါက် လိုက်သည်။

"ဒေါက် ... ဒေါက် ... "

"ကျွီ"

ကွက်တိပဲခင်ဗျ။

ရှင်းရှင်းက တံခါးလာဖွင့်ပြီး ကျွန်တော့်ကိုကြည့်ကာ ရယ် လိုက်သည်။

"ရှင်က လာသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လာရမှာပေ့ါ ... ကဲ ဒါဆို စဉ်းစားပေးမယ်ပေ့ါ"

"ဘာမှလဲ မပြောရသေးဘဲနဲ့"

"မနက်က ပြောပြီးပြီလေ ... "

"ထပ်ပြောလိုက်လေကွာ မင်းကလဲ ... "

"ဩော် ... အင်း ... ကျွန်တော် ရှင်းရှင်းကိုချစ်တယ်"

"ရှင်က ဘယ်ကလဲ ဘယ်သူလဲ ... "

"ကျွန်တော်က ဟိုဘက်လမ်းက နာမည်က သတိုးစောလို့ ခေါ်တယ်"

"သတိုးစော ... ဩော် ... ဟုတ်ပြီလေ၊ ကျွန်မ စဉ်းစားပေးမယ်"

"ဘယ်နေ့ အဖြေရမှာလဲ ... "

"ဒါတော့ မပြောသေးဘူး ... "

"ဟာ ... ဒါဖြင့် ကျွန်တော်က ဘယ်နေ့သိရမှာလဲ"

"ဘာလဲ ... ရှင်က မစောင့်နိုင်ဘူးလား"

"စောင့်နိုင်ပါတယ်"

"ဒါဖြင့်လဲ ပြန်တော့ ... "

"ဟုတ်ပါပြီ ... "

"ဟော့ကောင် ဇော်လေး သွားမယ် ... "





ရှင်းရှင်းက ပြတင်းပေါက်တံခါးကို ပြန်ပိတ်လိုက်သည်နှင့် ကျွန်တော် ဇော်လေးကိုခေါ်ကာ ခြံထဲမှ ပြန်ခုန်ထွက်လာခဲ့သည်။

ဇော်လေးနှင့် သိန်းစိုးကို ပြန်လိုက်ပို့ပေးပြီး အိမ်ပြန်လာခဲ့သည်။

မေမေ့ကိုတော့ မတွေ့ပါ။

အိပ်နေလောက်ပြီအထင်နဲ့ အိမ်တံခါးကို အသံမကြားအောင် ပိတ်နေတုန်း ဘိုးတော်ကနောက်မှ ရောက်နေသဖြင့် ကျွန်တော် လန့်သွားသည်။

"အောင်မယ်လေးဗျ"

"ဩော် ... သူခိုးလိုဝင်လာပြီး လန့်တတ်တယ်ပေ့ါ"

"ဖေဖေက အသံမပေးဘဲ ရပ်နေတာကိုး"

"ဩော် ... ငါကပဲ မင်းကို အသိပေးနေရဦးမှာလား ... "

ကျွန်တော့်ဖိနပ်ကို စင်ပေါ်သို့တင်လိုက်ပြီး အိပ်ခန်းထဲ ဝင်လိုက်သည်။

"ဟော့ကောင် ... လာဦး"

"ဗျာ ... ဖေဖေ ကျွန်တော် အိပ်တော့မလို့"

"လာစမ်းပါ ... ပြောစရာရှိလို့"

ကျွန်တော် အိမ်ရှေ့သို့ပြန်ထွက်လာပြီး ဖေဖေ့ရှေ့တွင် ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်ကျရင် အဝေးပြေးမှာ မင်း လူတစ်ယောက်ကို သွားကြိုရမယ်"

"ဘယ်သူလဲ ဖေဖေ ... "

"ကောင်မလေးတစ်ယောက်"

"ကျွန်တော်နဲ့ပေးစားဖို့လား ... ကျွန်တော် မယူဘူးနော်၊ ဖေဖေ အတင်းအကျပ်မစီစဉ်နဲ့"

"အောင်မလေးကွာ ... ဘယ်သူကမင်းနဲ့ပေးစားမယ် ပြောနေလို့လဲ ... မကြံကောင်း မစည်ရာတွေ မတွေးစမ်းပါနဲ့ကွာ"

"ဒါဖြင့် အဲဒီကောင်မလေးက ဘာလာလုပ်မှာလဲ"

"အဲဒါ ... မင်းသိစရာမလိုပါဘူး၊ မင်းအလုပ်က သွားကြိုဖို့ပဲ သွားကြိုပြီးရင် မင်းကိစ္စပြီးပြီ ... မနက်ဖြန် ငါကမအားလို့သာ မင်းကို ခိုင်းရတာပါ"

"ပြောလေ ... နာမည် ဘယ်လိုခေါ်လဲ"

"သြော် ... အေး ... သွယ်သွယ်မိုးတဲ့"

"ချောလား"

"အဲဒါ မင်းနဲ့ဘာဆိုင်လဲ"

"သြော် ... ဟုတ်ပါဘူး မေးကြည့်တာပါ၊ လူအများကြီးကြားမှာ ရှာရမှာလေ ... ထားပါလေ ... ဘယ်အချိန်လဲ"

"မနက် ရှစ်နာရီ ... "





"ပြီးတာပဲ သွားကြိုမယ်လေ ... လုပ်ပုံစံက အကြမ်းဖျင်း ဘယ်လိုပုံစံမျိုးလဲ ပြောပြလိုက်ဦး"

"မေးစေ့မှာ မှဲ့လေးနဲ့"

"အမ် ... မေးစေ့မှာ မှဲ့နဲ့ဆိုတော့ ကျွန်တော်က မိန်းမတိုင်းကို မေးစေ့ကိုင်ပြီး လိုက်ကြည့်ရမှာလား"

"မင်းကလေ ဖအေကို အထွန့်တက်လိုက်ရမှ ငါ့စကားမဆုံးသေးဘူး"

"အဲလိုပြောပါလား"

"ဆံပင်က ခြေသလုံးထိ ရှည်တယ် ... "

"တကယ်လို့ သူက ထုံးလာရင်ရော ... "

"အသားဖြူဖြူ မျက်လုံးဝိုင်းဝိုင်းနဲ့ကွာ၊ တွေ့အောင်ရှာလာခဲ့"

"ခဏလေး ဖေဖေ ... အဲဒါ ကျွန်တော်တို့အမျိုးလား"

"မဟုတ်ဘူး ... ငါ့အသိတစ်ယောက်ရဲ့သမီး ရန်ကုန်ကိုလာလည်မှာ"

"ဟင် ... ဓာတ်ပုံလေးဘာလေး မရှိဘူးလား ဖေဖေ"

"မပေးလိုက်ဘူး ဖုန်းပဲဆက်တာ ... "

"နောက်ရော ... "



www.burmeseclassic.com

www.burmeseclassic.com



"စကားပြောရင် တစ်မျိုးပဲလို့ သူ့အဖေကပြောလိုက်သေးတယ်"

"ဟူး ... မငယ်ကို သွားကြိုခိုင်းတာမဟုတ်ဘူး ဖေဖေရာ"

"မရှည်နဲ့ ... နယူးမန္တလာထွန်းကားနဲ့လာမှာ ကြိုဖို့ပဲပြင်ထား"

"ပြီးရော ပြီးရော ... ဒါပဲမဟုတ်လား၊ အိပ်ပြီ"

"အိပ် ... အိပ် ... အားရအောင် အိပ်ထား"

❦

အခန်း (၄)

မနက် ခြောက်နာရီထဲက ကျွန်တော့်ကို လာနိုးသဖြင့် စောစောနိုးတတ်သူ လင်းနေကိုပဲ အဝေးပြေးထိ ချောဆွဲလာခဲ့ရတော့သည်။

"ဘယ်တူလဲ ... မင်းနဲ့ပေးချားဖို့လား"

"မဟုတ်ပါဘူးကွာ ... ရန်ကုန်အလည်လာတာတဲ့"

"မင်းပြောတဲ့ ပုံချက လွယ်ပါ့မလား။ အဝေးပြေးမှာလူတွေမှ အများကြီး"

"မသိဘူးကွာ ရှာရမှာပဲ ... "

ကျွန်တော်နဲ့လင်းနေ နယူးမန္တလာထွန်းဂိတ် ရောက်သည်နှင့် ယောင်ပေ ယောင်ပေရပ်နေတုန်း ...

"ညီလေးတို့ ဘယ်သွားမလို့လဲ ... မန္တလေးလား လက်မှတ်တွေ ရှိတယ်နော်၊ ဘယ်သွားမလို့လဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှမသွားဘူးခင်ဗျ"

"ပြောပါ ညီလေးရ ... မန္တလေးလား တောင်ကြီးလား"

"ဟင့်အင်း ... "

"ဩော် ... ပြောပါဆို"

"မသွားပါဘူးဆိုမှ လူလာကြိုတာဗျ"

"စောစောက ပြောပါလား"

"ပြောသားပဲ မသွားပါဘူးဆိုမှ ... "

ကျွန်တော်နှင့်လင်းနေ ဟိုကြည့်ဒီကြည့်နှင့် ခေါင်းမူးချင်လာသည်။

ခပ်ဝေးဝေးမှလာသော နယူးမန္တလာထွန်းကားတစ်စီးကို တွေ့လိုက်သဖြင့် ကျွန်တော် လင်းနေကို လက်ကုတ်လိုက်သည်။

ကားကြီးရပ်သွားသည်နှင့် တစ်ယောက်ပြီးတစ်ယောက် အထုပ်ဆွဲကာ ဆင်းလာကြသည်။

နောက်ဆုံးတစ်ယောက်ကတော့ ...

အဲ ... ဘိုးတော် မှာလိုက်တာနှင့် ကွက်တိဖြစ်နေသူဖြစ်သဖြင့် ကျွန်တော် သူ့လက်ထဲမှ အိတ်ကို ဆွဲလိုက်သည်။

"ဟင် ... ဘာလုပ်တာလဲ"

"လာလေ ... သွားမယ်"

"ဘာ ... ရှင်နော် ကျွန်မကို ဘာမှတ်နေလဲ"





"ဟောဗျာ ... အကောင်းနဲ့လဲ လာခေါ်ရသေးတယ်"

"ကျွန်မ အော်လိုက်ရမလား"

"ဟာ"

"နေချမ်းပါဦး သတိုးရာ ... ဒီမှာ ခင်ဗျားက တွယ်တွယ်မိုးလား"

"ဘာ ... ဘာပြောတာ"

"သွယ်သွယ်မိုးလားလို့ မေးတာ"

"ဟုတ်တယ် ... "

"ဒါဆို ... လာ ... "

ကျွန်တော် သူမလက်ကိုဆွဲကာ တစ်ဖက်မှအထုပ်ကို မ, လိုက်သည်။

သူမက အတင်းရုန်းကာ ...

"ရှင်တို့ ဘယ်သူတွေလဲ"

"စီအိုင်ဒီက အဲလေ ... ဟုတ်ပါဘူး ... ရန်ကုန်ကလေ"

"ဒါတော့ ရှင်ပြောမှလား ... ဘယ်သူတွေလဲ"

"ကျွန်တော်က သတိုးစော ... ဒီကောင်က လင်းနေ ... "

"ရှင်တို့ကို ကျွန်မ မသိဘူး"

"ဟာ ... ခင်ဗျား မနောက်နဲ့နော်၊ ခင်ဗျား အဖေမှာလို့ လာကြိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ရှင်က ဖေဖေ့သူငယ်ချင်းပေါ့"

"ဟုတ်တယ် ... အဲ ... အာ ... ဟုတ်ပါဘူး"

"မဟုတ်ရင် ဘယ်သူလဲ"

"မင်းအဖေက ငါ့အဖေရဲ့သူငယ်ချင်း ... ရှင်းပြီလား"

"အဲလို စောစောကပြောပါလား"

"သိတယ်မှတ်လို့ပေါ့"

"ဘယ်သိမလဲ ... ဒီလိုကားဂိတ်မှာ အချောင်သမားက လည်း ပေါမှပေါ"

"ဒါဆို ... လာ သွားမယ် ..."

"နေဦး"

"ဘာလဲ ... မလိုက်ဘူးလား"

"ဘယ်လိုဖြစ်နေတာလဲ ရှင်ကလဲ ... ဟိုမှာ ကျွန်မအိတ် ကျန်ခဲ့လို့"

"ဩော် ... လင်းနေ ယူလာလေကွာ"

"ဟုတ်ကဲ့ ချာ ..."

လင်းနေက နောက်မှ အထုပ်ဆွဲကာ လိုက်လာသည်။

ကျွန်တော် သူမကို လှမ်းကြည့်တော့ သူမက မျက်နှာ လွှဲထားသည်။

"ခင်ဗျား ... ရန်ကုန်ကို ဘာလာလုပ်တာလဲ"





"ဘာလာလုပ်လုပ်ပေါ့"

"အင် ... ဟော ... ပြောမှသိမှာပေါ့ဗျ"

"ရှင့်အဖေက ကျွန်မအဖေကို မှာထားပြီးသားတဲ့"

"ဘာလဲ ... ဘာတွေမှာထားလို့လဲ"

"ရှင် လာကြိုလို့ စပ်စုရင် ဘာမှမပြောနဲ့တဲ့"

အီး ... ကောင်းရော ... ။

အိမ်ရောက်သည်နှင့် မေမေက အပြုံးပန်းနှင့်ဆီးကြိုသည်။

"လာ ... သမီး ... ထိုင် ..."

"ဟုတ်ကဲ့"

"တစ်ယောက်ထဲလာရတော့ သမီးဖေဖေ စိတ်ပူနေမှာပဲ"

"ဟုတ်တယ် အန်တီ ... မေမေ့ကို မနည်းပြောနိုင်းရတယ်"

"ဒါ ... သားငယ်လေ သတိုးစော ..."

"အဟဲ"

ကျွန်တော် ရယ်ပြတာကို သူက အထာကြီးနှင့် ခပ်တည်တည်ပြန်ကြည့်သည်။

"ဒါက သမီးငယ် နွေနွေစော ..."

"ဟုတ်ကဲ့ မမ ..."



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာတော့ စိတ်ကြိုက်လွတ်လွတ်လပ်လပ်နေ ညီမ"

"ဟုတ် ... "

"အေး ... ကိုယ့်အိမ်လို သဘောထားနေပေါ့ကွယ်"

"ဟုတ်တယ် ... ဟုတ်တယ် ... ကိုယ့်အိမ်လိုသဘောထား"

ကျွန်တော် ဝင်ပြီးအားတက်သရော အာချောင်လိုက်သဖြင့် မေမေရော မငယ်ပါ လှည့်ကြည့်သည်။

မေမေ ...

"သမီးကြီးနဲ့ အလတ်မကတော့ အိမ်ထောင်ကျကုန်လို့ အိမ်ခွဲနေတယ်"

"ဟုတ်"

"မေမေ ... သား ရဲထိုက်တို့အိမ် သွားလိုက်ဦးမယ်"

"ထမင်း မစားတော့ဘူးလား"

"မစားချင်သေးဘူး ... ပြန်လာမှပဲ စားတော့မယ်"

ကျွန်တော် ဖိနပ်စီးပြီး သူ့ကိုမျက်နှာပြောင်ပြလိုက်သဖြင့် ကျွန်တော့်ကို မျက်စောင်းကြီးထိုးလိုက်သည်။

လက်ဖက်ရည်ဆိုင်တွင် ရဲထိုက်နှင့်သိန်းဝေတို့ ရှိသည်။

ဇော်လေးလည်း မယောင်မလည်နှင့် ရောက်လာပြီး ...

"လူစုံနေပါလား ... ဟိုကောင် လင်းနေရော ... "

"ခုပဲ ပြန်လာကြတာ ငါတို့ ... "





"ဘယ်ကလဲ"

"အဝေးပြေးကပါကွာ ... "

"ဘယ်သူ့ကို သွားကြိုတာလဲ"

"ဖေဖေ့သူငယ်ချင်းရဲ့ သမီးပါ ... "

"ချောလား"

"မဆိုးပါဘူး"

"မဟုတ်မှလွဲရော မင်းဘိုးတော်က မင်းအတွက်များ ဖန်လာတာလား မသိဘူး"

"ဘယ်ကလာကွာ ... ငါက ငါ့အဖေကို ပွင့်ပွင့်လင်းလင်းမေးပြီးပါပြီ"

"ဘာတဲ့လဲ ... "

"မမျှော်လင့်နဲ့တဲ့ ... "

"ဟား ... ဟား ... ဟား ... "

"ဒါနဲ့ ရှင်းရှင်းကိစ္စ ဘယ်လိုလုပ်မှာလဲ"

"ဘာလုပ်ရမှာလဲ ... စောင့်ရမှာပေါ့"

"မင်းဘိုးတော်က အခုဆော်နဲ့ပေးစားရင် ဘယ်လိုလုပ်မလဲ"

"မယူပါဘူးကွာ ... ငါနဲ့လဲ မတည့်ပါဘူး"

"ဟုတ်လား ... အဲဒီစကားကြားရတာ ဝမ်းသာပါတယ်ကွာ၊ ဒါနဲ့ ချောလား ... "



www.burmeseclassic.com

www.burmeseclassic.com



"ဩော် … ဒါပဲမေးနေတယ်၊ စိတ်မဝင်စားလို့ ဂရုတစိုက်တောင် မကြည့်မိဘူး"

"ချောရင် ငါ့ကို ဘာညာလေးလုပ်ပေးလို့ ပြောမလို့ပါကွာ"

"သူများသားသမီးကိုကွာ … မလုပ်ပေးချင်ပါဘူး"

"ဘာလဲ … မင်းက တွန့်တိုတာလား"

"ဟောကောင် … ဘာမှတွန့်စရာမရှိဘူး၊ လိုချင်ရင် ကိုယ့်ဟာကိုယ်လိုက် … "

"အေး … ပြီးတာပဲ၊ နောက်မှ မင်းရှူ့မဲ့ ရှူ့မဲ့ မလုပ်နဲ့"

"ရှင်းရှင်းဆီ သွားမယ် လိုက်မလား … "

"မလိုက်ဘူး"

"မလိုက်နေပေါ့ကွာ … "

ကျွန်တော် လမ်းထိပ်စတိုးဆိုင်သို့ ထွက်လာခဲ့သည်။

ဆိုင်ထဲဝင်လိုက်သည်နှင့် ဆိုင်ပိုင်ရှင် ဦးစိုးက ရှင်းရှင်းအနားရစ်သီ ရစ်သီလုပ်နေသည်ကို မျက်စိထဲ ကန့်လန့်ချည်း မြင်လိုက်ရသည်။

"ဒီလ ကြိုက်တာယူ … "

"တကယ်လား ဦး … "

"တကယ်ပေါ့ … ရှင်းလေး ကြိုက်တာယူ"

"ဒါဆို … "





ကျွန်တော့်ကို မမြင်အောင် ဆိုင်ဘေးသို့ ပုန်းနေလိုက်ပြီး ကိုယ့်ပါးစပ်ကိုယ် လက်နှင့်ပိတ်ထားရသည်။

ဩော် …

ဒီလူကြီးလဲ မလွယ်ပါလား။

ဘုရားဒကာ ဘုရား ဒကာနဲ့ အလှူ့ဒကာအလုပ်ကို တော်တော်ရက်ရောပုံပဲ။

ကျွန်တော် ဆိုင်ထဲမှ ပြန်ထွက်လာလိုက်သည်။

အကြည်သဘောနဲ့ ပလီပြောနေသော ရှင်းရှင်းကိုလဲ မေ့ထားလိုက်တော့မည်။

လက်ဖက်ရည်ဆိုင်လဲ ဆက်မထိုင်ချင်တော့သဖြင့် အိမ်ကိုပဲ ခပ်လေးလေးနှင့် ပြန်ရောက်လာသည်။

ဝရံတာသို့ထွက်ကာ ချိတ်ဆွဲထားသော နှင်းဆီပန်းအိုးလေးက ရှင်းရှင်းပန်းအိုးလေး ဖြစ်သည်။

မိန်းမတွေများ တော်တော်ကြောက်စရာကောင်းသည်။

သိန်္ခါစိုး ပြောတုန်းက မယုံမိ။

တွေးရင်း တွေးရင်း ဒေါသထွက်လာသဖြင့် ပန်းအိုးကို လက်နှင့်အားကုန်လွှဲချလိုက်သည်။

"ခွပ်"

"အောင်မလေးဗျ"



www.burmeseclassic.com

www.burmeseclassic.com



အောက်ကို ငုံ့ကြည့်တော့ နဖူးကိုလက်နှင့်အုပ်ထားသူက ဖေဖေ … ကျွန်တော့်ပန်းအိုးနှင့်မိတ်ဆက်သွားပုံရသည်။

မြန်မြန် မြန်မြန် အောက်ထပ်သို့ဆင်းကာ ဆိုဖာခုံတွင်ထိုင်ရင်း တီဗွီဖွင့်လိုက်သည်။

နဖူးကိုလက်နှင့်ဖိကာ ဝင်လာသူက ဖေဖေ။

"အား … ကျွတ် … ကျွတ် … "

"ဟာ … ဖေဖေ … ဘာဖြစ်လာတာလဲ ဗိုက်နာလို့လား"

"အာ … ဒီကောင် … အား … နာလိုက်တာ"

"သားအဖချင်းလဲ အားနာမနေနဲ့ … အိမ်သာတက်ချင်တာများ အားနာနေသေး … ကြည့်ပါဦး … ချွေးစေတွေတောင် ပြန်နေတယ်"

"ဟေ့ကောင် … မင်း … မင်း … မငြိမ်းသက် … မငြိမ်းသက်"

"ရှင် … လာပြီ ကိုစော … ဟဲ့ … ဒါက ဘယ်လိုဖြစ်လာတာလဲ"

"မင်းသား … မင်းသား"

ဖေဖေက မျက်လုံးမှိတ်ရင်း ကျွန်တော့်ဘက်သို့လက်ညှိုးထိုးနေသဖြင့် မေမေက …

"ဩော် … အဲဒီမင်းသားက နေတိုးလေ၊ ကိုစောကလဲ





မင်းသားနာမည် မေ့နေတာများ အလန့်တကြား … "

"အာ … ဘာတွေပြောနေတာလဲကွာ … ဒီမှာ ငါ့နဖူး … "

"ဘာဖြစ်တာလဲ"

"ပန်းအိုး ပြုတ်ကျလို့ဟ"

"ကျွန်တော် မသိဘူးနော် … ဒီမှာ တီဗွီကြည့်နေတာ"

"မင်းမလုပ်လို့ ဘယ်ကောင်လုပ်ရမှာလဲ"

"အာ … စွတ်စွတ်စွဲစွဲ … မေမေ ကြည့်ပြောဦး … ဘာမှန်းလဲမသိဘူး၊ ကိုယ့်ဟာကို အေးဆေးနေနေတဲ့ဟာကို … တော်ပြီ လက်ဖက်ရည်ဆိုင်ပဲသွားတော့မယ် … စိတ်လေတယ် … "

"အောင်မာ … အောင်မာ … "

ကျွန်တော် ပါးစပ်ထဲတွေ့ရာ ကမ္ဘာ့ရှုးထိုးပြောရင်း ထွက်လာလိုက်သည်။

မျက်နှာက စပ်ဖြီးဖြီး ဖြစ်နေသဖြင့် ခြံထဲမှ သွယ်သွယ်မိုးက ကျွန်တော့်ကို မျက်စောင်းထိုးပြန်သည်။

ကျွန်တော် Fly Kiss လုပ်ပြလိုက်သဖြင့် ဒေါသထွက်ကာ ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်တွင် ရဲထိုက်နှင့်သူ့ညီ သားပုတို့ နှစ်ယောက်သာ တွေ့သည်။

"ဟိုကောင်တွေရော"

"မသိဘူး ... ငါလာတော့ မရှိကြတော့ဘူး"

"သားပုကို ကျောင်းသွားကြိုလာတာလား"

"အေး ... "

"ငါတော့ကွာ ... ရှင်းရှင်းကို လုံးဝလက်လျှော့လိုက်ပြီ"

"ဟင် ... ဘာလို့လဲ ... "

"ဦးစိုးနဲ့သူ့နဲ့က ဘာလိုလိုကွ"

"ဟုတ်ရဲ့လားကွာ ... "

"တကယ် ... ငါကိုယ်တိုင်မြင်ခဲ့တာ ... "

"ဟုတ်လား ... ငါတို့လမ်းထဲမှာ ပြောနေတာတွေ ငါက မယုံလို့ကွ"

"အမ် ... ခွေးသား ... မင်းကသိနေတယ်ပေါ့၊ ကြိုတော့ မပြောဘူး"

"ဩော် ... သူ့ရုပ်လေးနဲ့ မထင်ရက်လို့ပါကွာ"

"ရုပ်နဲ့စိတ်နဲ့က မတူဘူးလေကွာ ... "

"ကိုကြီးသတိုး"





"အေး ... ပြော ... သားပု ... "

"သားတို့ဆရာမက ပြောတယ် ... မိုးရွာရင် လျှပ်စီးလက်တာကို အရင်မြင်ရပြီး အသံကိုနောက်မှ ဘာလို့ကြားရတာလဲတဲ့"

"အဲဒါ ... အဲဒါက ... ဩော် ... သိပြီ၊ ဒီလို သားပုရဲ့ မျက်စိကရှေ့မှာရှိပြီး နားက မျက်စိနောက်မှာရှိတဲ့အတွက် အသံကိုနောက်မှကြားရတာ"

"တော်ပါတော့ကွာ ... ပေါက်ကရတွေလျှောက်ပြောမနေနဲ့"

"ကိုကြီးရဲထိုက်ကလည်း သားကမသိလို့မေးတာပါ"

"အေး ... မေးကွာ ... မေး ... "

"သို့စကားကို နားထောင်တဲ့လူမရှိဘဲ စကားကိုဆက်ပြောနေတာ၊ အဲဒါ ဘယ်သူဖြစ်မလဲဟင် ကိုကြီးသတိုး"

"ကျောင်းဆရာတွေပေါ့"

"ခွိခွိခွိ"

"သားတို့ဆရာမက ဘုရား တရား သိပ်ကြည်ညိုတာ ကိုကြီးသတိုးရ ... "

"ဟုတ်လား"

"အင်း ... "

"ဘာလဲ ... တရားစာကို တစ်ချိန်လုံးရွတ်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ဘူး ... သူစာမေးလို့ သားတို့ဖြေတိုင်း ဘုရား ဘုရား ဆိုပြီးပြောတာ ... "

"ဟဟား ... "

"ဒါနဲ့ နေစမ်းပါဦး ... မင်းတကယ်ပဲ ရှင်းရှင်းကို လက်လျှော့လိုက်ပြီလား"

"အေးပေါ့ ... ဘာလုပ်ရမှာလဲ၊ သူနဲ့ကြိုက်လဲ အိမ်ကဘိုးတော်က သဘောတူမှာမဟုတ်ဘူး ... "

"ဘာလဲ ... မင်းက အတည်ကြီးနေလို့လား"

"အေးပေါ့ကွ ... ခက်တယ်ကွာ မိန်းမတွေများ ... "

"သိန်းနိုးပြောတာ ယုံပြီမဟုတ်လား"

"အေး ... ရှင်းရှင်းကိုကြည့်ပြီး ယုံရမလိုဖြစ်နေတာပေါ့ကွာ"

"ဒါဆို ရည်းစားလဲ ထားမနေပါနဲ့တော့ကွာ၊ မင်းဘိုးတော်ပေးစားတာကိုပဲ ကြည်ကြည်ဖြူဖြူနဲ့ လက်ခံလိုက်ပေါ့"

"သူ့အကြိုက်နဲ့ ငါ့အကြိုက် တူနိုင်ပါ့မလားကွာ"

"ဘာပဲပြောပြော မင်းအရည်အချင်းနဲ့ဆိုလဲ ရှုံးမှာမှမဟုတ်တာ"

"မင်းပြောသလိုများ ဖြစ်နေမလားမသိဘူး ... ဟင်း စိတ်တွေညစ်ပါတယ်ကွာ"

ညစ်နေရုံနှင့် မပြီးသေးဆိုပေမယ့် ရဲထိုက်ပြောသည့် သွယ်





သွယ်မိုးဆိုသည်ကလည်း တွေ့တွေ့ချင်းပင် အကြောက မတည့်ချင်။

သူ့အဖေပြောသလိုပင် သူမစကားပြောရင် တစ်မျိုးပဲမို့။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

မြိထဲတွင် ပန်းပင်တွေကိုကြည့်နေသော သွယ်သွယ်မိုးကို ကျွန်တော် အပေါ်ထပ်ဝရံတာမှ ကြည့်နေမိသည်။

သူမ၏ ဆံပင်ရှည်ကြီးက ခြေသလုံးနားထိ ဆင်းနေပြီး ခန္ဓာကိုယ် အချိုးအစားက ပြောနေစရာမလို။

အချောအလှကြီး မဟုတ်တဲ့အတွက် ရန်ကုန်သားတွေကိုတော့ စိတ်ချလိုက်မိသည်။

စိတ်မချရတာက ဇော်လေးနဲ့သိန်းဝင်းစိုး ... ဒီနှစ်ကောင်က မျောက်နှစ်ကောင်။

သွက်ကလည်း သွက်သည်။

မတော် ...

အာ ...

ငါဘာတွေ တွေးနေမိပါလိမ့်။



ငါနဲ့ဘာဆိုင်လို့လဲ ...

သူက ရန်ကုန်မှာ ခဏပဲလာလည်တာ။

ပြီးရင် သူ့နေရာသူ ပြန်ရောက်သွားမယ့် လူတစ်ယောက်ပဲ။

ဟင်း ... ဘာပဲပြောပြော ကိုယ့်အိမ်လာတဲ့ဧည့်သည်ပဲ စကားတော့ ပြောသင့်သည်အထင်နှင့် မြိထဲဆင်းလာလိုက်သည်။

"မသွယ်သွယ်မိုး"

သူမက လှည့်ကြည့်သည်။

ပါးကွက်ကြားကြီးနဲ့ မျက်လုံးနှစ်လုံးက အရောင်တောက်နေသည်။

"ထမင်း စားပြီးပြီလား"

"အင်း ... "

"အသက် ဘယ်လောက်လဲဟင်"

"၂၂"

"ကျွန်တော်နဲ့ အတူတူပဲပေါ့"

"ဒါတော့ ဘယ်သိမလဲ"

"နေတာက မန္တလေးမှာနော် ... "

"အင်း"

"ရန်ကုန်ကို အခုမှရောက်ဖူးတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ကျွန်တော် အရင်က မန္တလေးမှာ နေလိုက်သေးတယ်"

"ဩော် ... "

"ဒါနဲ့လေ ... ရန်ကုန်လာလည်တယ်လဲ ပြောသေး ... ဟို နေရာ ဒီနေရာလဲ လိုက်မပို့နိုင်းပါလား"

"ဒီလိုပါပဲ ... "

"ဩော် ... ကျွန်တော့်နာမည်ရော မှတ်မိသေးရဲ့လား"

"မှတ်မိပါတယ်"

"တော်သေးတာပေါ့"

"ရှင် ... ဆေးသောက်ပြီးပြီလား"

"ဗျာ ... ကျွန်တော် နေကောင်းပါတယ်"

"ဦးလေးက ပြောတယ်လေ ... ရှင် အပြင်မသွားတာ တစ်ပတ်ရှိနေလို့ ရူးသွားပြီထင်တယ်လို့ ပြောလို့ ... "

"အာ ... အပြင်က မသွားချင်လို့မသွားတာပဲ ဥစ္စာ ... "

"ရှင့်ကြည့်ရတာ ရည်းစားပူမိနေသလိုပဲ"

"ဟာဗျာ ... ရည်းစားတောင်မထားဖူးဘူး၊ ဒါနဲ့ ရည်းစားဆိုတာ ပူတတ်လား ... "

"သေချာပြီ ... ဒါဆို ရှင်က မစွံတဲ့လူပဲ"





"ဘာလို့မစွံရမှာလဲ ... စွံတာမှ ဟိုဘက်တောင်လွန်နေပြီ"

"မျက်စိစွံတာလား"

"မနောက်ပါနဲ့ဗျာ"

"ရှင်က အောင်သွယ်လုပ်တာတော့ ဝါသနာကြီးတယ်ဆို"

"အဟင်း ... ဒီလိုပါပဲ ... အလျှဉ်းသင့်မှပါ"

"ကျွန်မကိုတော့ လာအောင်မသွယ်နဲ့နော်၊ ကျွန်မက ရန်ကုန်ကို လာလည်ရုံသက်သက်"

"မလုပ်ပါဘူး ... ကိုယ့်ညှို့သည်ပဲဟာ ... "

"တော်သေးတယ် ... အဲလိုမျိုးလေး စိတ်နဲ့ကိုယ်နဲ့နေ့တိုင်းကပ်နေရင်ပြီးတာပဲ ... ပတ်ဝန်းကျင်ကလူတွေလည်း စိတ်အေးလက်အေးနေရဲ့တာပေါ့"

ပြောပြီး သူမအိမ်ထဲဝင်သွားသဖြင့် ကျွန်တော်ပါ လိုက်ဝင်လိုက်သည်။

"ခင်ဗျားကလေ ... ကျွန်တော့်ကိုဆို အကောင်းမပြောဘူး"

"အို ... ဘာပြောမိလို့လဲ ... နည်းနည်းပါးပါး တို့ထိမိရုံလေးပါ"

"စကားလေးဘာလေး ဆင်ခြင်ပြောဦး ... ဒါ ရန်ကုန်နေ[illegible]"

"သိသားပဲ ... အဲဒီတော့ ဘာဖြစ်လဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ကျွန်တော့်အိမ် ... "

"ရှင်ဆိုလိုတာက ... "

"ခင်ဗျား ... ကျွန်တော့်ကို နည်းနည်းတော့ လေးစားသင့်တယ်"

"နေပါဦး ... ရှင်က ဒီအိမ်ရဲ့ ဗီအိုင်ပီလား၊ လေးစားအောင်နေရင်တော့ လေးစားရမှာပေါ့ရှင်"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်က အိမ်ရှင် ... "

"အဲဒါလည်း အသိအမှတ်ပြုထားပြီးသားပါ"

"သိလဲပြီးတာပဲ ... ကျွန်တော် စိတ်တိုရင် ဘာကိုမှကြည့်နေမှာ မဟုတ်ဘူး"

"ဩော် ... ရှင်ကစိတ်တိုရင် မျက်စိမှိတ်ထားတတ်တယ်ပေါ့"

"ခင်ဗျားနော် ... "

"ရှင်ကလဲ ကလေးကျနေတာပဲ"

"သိချင်လား ... "

"ဘာ ... "

"အသက်ပြောတာ"

"ဒီမှာ ... ရှင်လဲ စကားကို ဆင်ခြင်ပြော ... ကျွန်မက





ညည့်သည်"

"ညည့်သည့်ဖြစ်တော့ရော ဘာလုပ်ရမှာလဲ"

"ဒီမှာ ... အန်ကယ်ဈေးသွားနေလို့ သိလား"

"အဲဒါ ဘာဖြစ်လဲ"

"ကိစ္စမရှိပါဘူးလေ ... ပြန်လာမှ တိုင်ပြောမယ်"

"ဟဟား တိုင်ချင်ရာတိုင် မကြောက်ဘူး ... "

သူမက အခန်းထဲဝင်သွားပြီး တံခါးကိုဆောင့်ပိတ်လိုက်သည်။

ကျွန်တော် ပွစိ ပွစိပြောရင်း ဆိုဖာပေါ် လှဲလိုက်ပြီး စာအုပ်ဖတ်နေလိုက်သည်။

ခဏအကြာ သူမကထွက်လာပြီး ...

"ဒီမှာ ... "

ကျွန်တော် မကြားချင်ယောင်ဆောင်ကာ စာအုပ်ဖတ်နေဆဲ ...

"ဒီမှာ ... ရှင့်ကိုခေါ်နေတယ်လေ"

"ဒီမှာမဟုတ်ဘူး ... နာမည်ရှိတယ် ... "

"ကိုသတိုးစော"

"ဂိတ်စိမ်းဖို့ လာဖွင့်ပေး ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ"

"အန်တီ ဒီနေ့ ပဲကုလားဟင်းချက်မယ်ပြောတယ် ... ရေခဲသေတ္တာထဲမှာရှိတဲ့ ပဲတွေပြုတ်ထားမလို့ ... "

"ကိုယ့်ဘာသာကိုယ်လုပ် ... "

"မလုပ်တတ်ဘူး"

"ဟ ... ဒါလေးတောင် မလုပ်တတ်ဘူးလား"

"ထမင်းတောင် ချက်ဖူးတာမဟုတ်ဘူး"

"ဒါဖြင့်လဲ လုပ်မနေပါနဲ့တော့"

"သူများအိမ်လာပြီး အခန့်သားနဲ့မစားချင်ပါဘူး"

"ကျွတ် ... ခင်ဗျားကိုရတဲ့ယောက်ျားတော့ တော်တော်ကံဆိုးမှာပဲ"

"မဆိုင်တာတွေ လာပြောမနေနဲ့ လာဖွင့်ပေး ... "

"အဲဒီမှာ ခလုတ်လေးရှိတယ်လေကွာ ... ညာဘက်ကို တထစ်ချင်းလှည့် ... "

"ဟွန့် ... ယောက်ျားဖြစ်ပြီး အပျင်းကလည်းထူသေး"

"ပြောချင်တာပြော အပျင်းထူတယ်ဆိုတာ နာမည်သာဆိုးတာ လူဘယ်လောက်သက်သာတယ်မှတ်လဲ ... မင်းတောင် ငါ့လို အပျင်းထူလို့ရရဲ့လား ... "





"သူမက ဘာမှမပြောတော့ဘဲ မီးဖိုချောင်ထဲဝင်သွားသည်။ ခဏအကြာ ...

"ဂလွမ်း ဂလွမ်း ဂလွမ်း ... "

"ဟ ... ဘာဖြစ်တာလဲ"

ကျွန်တော် စာအုပ်ကိုဘေးချကာ မီးဖိုချောင်ထဲ ပြေးဝင်လာမိသည်။

"ဘာဖြစ်တာလဲ"

"လွတ်ကျတာလေ မမြင်ဘူးလား"

"ဟ ... ဒွေ့သည် လေသံကလည်း မာလှချည်လား"

"ဒီမှာ ... အိမ်ရှင် အလိုက်သိတတ်ရင် ဝင်ကူညီဖို့တောင်ကောင်းတယ်"

"ဘယ်သူက လုပ်ခိုင်းနေလို့လဲ ... "

"အလိုက်သိတာလေ"

"ခုဖြစ်ပြီ မဟုတ်လား"

"ကဲ ... ရှင် အပြစ်ပြောဖို့ကို အိမ်ရှေ့ပြန်သွားတော့ ... "

"ဖယ် ... ငါဖွင့်မယ် ... "

"မမနေ့ရော ... "

"အလုပ်သွားတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ပြောင်းပြန်ကြီး ဖြစ်နေသလိုပဲနော်"

"ဘာလဲ ... မင်းမျက်စိမှောက်နေလို့လား"

"မဟုတ်ပါဘူး ... မိန်းကလေးက အလုပ်လုပ်နေပြီး အိမ်မှာရှိတဲ့ ယောက်ျားလေးကကျတော့ အခန့်သားနဲ့"

"ဘာလဲ ... ခင်ဗျားက ကျွန်တော့်ကို ဆန်ကုန်မြေလေးလို့ ပြောတာလား"

"ကိုယ့်ကိုယ်ကို သိပေါ့"

"သူများချည်း ပြောမနေနဲ့ ... ခင်ဗျားလဲ အချက်အပြုတ် သင်တန်းလေး ဘာလေးတက်ဦး ... ဘဲဥပြုတ်ရင်တောင် ရေအရင် ထည့်ရမလား ဘဲဥအရင်ထည့်ရမလား မသိတဲ့လူကများ ... "

"ဒီလောက်ကတော့တတ်ပါတယ် ... ပိုက်ဆံရှိတဲ့ယောက်ျား ပဲ ရွေးယူလိုက်မယ် ... "

"သြော် ... ခင်ဗျားတို့ မိန်းမတွေကလေ တတ်လဲတတ်နိုင် တယ်"

"ဒါကတော့ ရှင်တို့ယောက်ျားတွေအပေါ်မှာ မူတည်တယ် လေ"

"ကျွန်တော်တို့ယောက်ျားလေးတွေက အခုခေတ်မှာ ရှားပါးနေပြီဗျ သိရဲ့လား ... "





"ကဲ ... ပဲအရင်ပြုတ်ပါ ... "

"သွား ... ရေသွားထည့် ... "

ကျွန်တော် လှမ်းပေးသော ဒန်အိုးကို သူကယူပြီး ရေသွား ထည့်သည်။

"ဒီမှာ ... "

"ဒီမှာမလုပ်နဲ့ ... ဒီပေါ်တင် ... "

" ... "

"ဟာ ... ရေတွေကလည်း များလိုက်တာ၊ ခင်ဗျားက ပဲကို ပြုတ်မှာလား ရေကိုပြုတ်မှာလား ... "

"တဖြည်းဖြည်း ခမ်းသွားမှာပေါ့"

"အချိန်ကြာပြီး ရေကုန်တာပေါ့ဗျ ... ရွှေတာရတယ်၊ သွား ရေသွားပြန်သွန်လိုက် ... "

"ဘယ်လောက်နုတ်ရမှာလဲ"

"ဟ ... ခွက်နဲ့တစ်ခွက်လောက် လျှော့လိုက်ပေါ့"

"တစ်ခွက်ဆို ရပြီလား"

"ရပြီ ... ဒီမှာတင် ... ရော့ ... ပဲထည့် ... "

"ရှင့်လက်ထဲရှိတာပဲ ရှင်ထည့်လိုက်ပါလား"

"ခင်ဗျား ချက်တတ်အောင် သင်ပေးနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ပဲထည့်တာလောက်ကတော့ ကျွန်မလဲ သိပါတယ်"

"သိလဲပြီးရော ..."

"ဒီမှာ"

"ဘာလဲ"

"ဘယ်လောက်ဆို ချရတော့မှာလဲ"

"ပွက်ပွက်ဆူမှ ... ချ ..."

"အင်း ..."

တကယ်ကို မလွယ်ဘူး။

သူနဲ့ရတဲ့လူတော့ ထမင်းဝတ်ရင်ဝတ် ... မဝတ်ရင် အားပြတ်ပြီးသေမှာပဲ ...

နာရီဝက်အကြာတွင် ...

"သတိုး"

"မေမေ ဈေးကပြန်လာပြီလား"

"ရှော့ ... ဒီမှာ ဆွဲခြင်း ... မေမေ မိတို့အိမ် ခဏသွားလိုက်ဦးမယ် ..."

"ဘာကိစ္စလဲ မေမေ ..."

"မိတို့အိမ် ညက သူခိုးတက်လို့တဲ့"

"ဟုတ်လား"





"အင်း ... အဲဒီမှာ ကြက်သားဝယ်လာတယ် ဒီတိုင်းထားရင်လဲ ထားလိုက် ... ကြောင်လဲ နှိုက်သွားဦးမယ်"

"အင်း ... အင်း ..."

ကျွန်တော် ဈေးဆွဲခြင်းဆွဲကာ မီးဖိုချောင်ထဲတွင် ဆွဲခြင်းကိုချလိုက်ပြီး ...

"ဟာ ... ပဲအိုးက တင်ထားတုန်းပဲလား"

"ရှင့်ပဲအိုးက ဆူလဲမဆူဘူး ..."

"မီးရောဖွင့်ထားရဲ့လား ..."

"အဲ ... ဟုတ်သား ... ရှမ့်နေတယ်"

"ခင်ဗျားကလေ ... နမော်နမဲ့နဲ့ ..."

"အန်တီ ပြန်လာပြီလေ ..."

"ဘေးအိမ်ခဏသွားတယ် ... ဒီမှာဆွဲခြင်း ... ဘာကူပေးရဦးမလဲ"

"အင်း ... လိုရမယ်ရ အစအဆုံးပဲ ကူပေးပါ ..."

"အင် ..."

သူမက မျက်နှာငယ်လေးနှင့် ကြည့်နေသဖြင့် ကျွန်တော် သက်ပြင်းတစ်ချက် ခိုးချလိုက်သည်။

"ရေပ်ဆုံယူ"



www.burmeseclassic.com

www.burmeseclassic.com



"မနိုင်ဘူး"

"ရအောင် မလာခဲ့ ... အဲဒီငရုပ်ဆုံက ခင်ဗျားယူလာတဲ့ အထုပ်လောက်တောင် မလေးဘူး"

"ရော့"

"ဒီမှာ ချ ... ဒီနားမှာချလေ ... "

"ရွှေ့လိုက်ပါလား နီးနီးလေးကို ... "

"ခင်ဗျားက သေသေချာချာ ကျွန်တော် ရှေ့တည့်တည့်ချလေ"

" ... "

"အား ... "

"ဘာဖြစ်တာလဲ"

"ခြေမ ... ခြေမ ... အား ... "

"ဟယ် ... ဆောရီး"

ရက်ရက်စက်စက်ပင် ကျွန်တော့်ခြေထောက်ပေါ်သို့ ငရုပ်ဆုံကို အားပါးတရပဲ ချထည့်လိုက်သည်။

"ရှင်ကလဲ အခြောက်ကျနေတာပဲ အော်လိုက်တာ"

"ကျွန်တော့်နေရာက ခင်ဗျားနေကြည့်ပါလား ... "

"မတော်လို့ပေါ့ ... တကယ်လုပ်မှတော့ ခြေထောက်ပေါ်





ပစ်ချမလား ခေါင်းပေါ်ပဲ ပစ်ချလိုက်မှာပေါ့"

"ဟာ ... ခင်ဗျားကလေ ... "

"ကဲပါ ... ဘာဆက်လုပ်ရမှာလဲ"

"ဒီမှာ ကြက်သွန်နွှာ ... "

"အဖြူလား အနီလား"

"နှစ်ခုစလုံး"

"တိတိကျကျပြောလေ ... ဘယ်နှစ်လုံးစီလဲ"

"အဖြူ (၅)မြွှာ ... အနီ(၄)လုံး ... "

"ဟင် ... များလိုက်တာ ... "

"ကျွန်တော်က အနှစ်ကြိုက်တယ်"

"အနှစ်ကြိုက်ရင် ဘဲဥပြုတ်စားပေါ့"

"အာ ... ဟင်းအနှစ်ကိုပြောနေတာ ... မြန်မြန်နွှာ"

"လက်ရှင့် စက်မဟုတ်ဘူး ... "

"ခင်ဗျား နွှာနေပုံနဲ့တော့ ဒီနေ့ဟင်းတော်တော့မှာပဲ"

"မကျေနပ်ရင် ရှင်ကိုယ်တိုင်နွှာလေ ... "

"တော်ပြီ ... မပြောတော့ဘူး ... လုပ်ချင်သလိုသာလုပ်တော့ ဆလံသတယ် ... ခင်ဗျားကို ... "

ကျွန်တော် အိမ်ရှေ့သို့ ထွက်လာလိုက်ပြီး ဆိုဖာခုံပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လှဲလိုက်သည်။

မေမေ ပြန်ရောက်လာသဖြင့် နည်းနည်းတော့ စပ်စုလိုက်ဦးမည်။

“မေမေ ... အန်တီမိအိမ် သူခိုးတကယ်တက်တာလား”

“ဟုတ်တယ်တဲ့ ... မိ အတွင်းပစ္စည်းတွေ ပါကုန်လို့”

“ခက်တာပဲ ... အန်တီမိတစ်ယောက်ကလဲ လှမ်းပြီးရင် ပြန်ရုတ်မှပေါ့”

“ဟဲ့ ကောင်လေး ... အတွင်းပစ္စည်းဆိုတာ အတွင်းခံကို ပြောနေတာမဟုတ်ဘူး ... လက်ဝတ်လက်စားတွေကိုပြောနေတာ”

“သြော် ... ”

“ခု ... ရဲတွေရောက်နေတယ် ... ”

“ဘာလာလုပ်တာလဲ”

“လာစစ်တာပေါ့ ... တရားခံ ဖမ်းရမယ်လေ”

“ကျွန်တော် သွားကြည့်လိုက်ဦးမယ် ... ”

ကျွန်တော် အန်တီမိ အိမ်သို့ ဂျပန်ဖိနပ်စီးကာ လာခဲ့သည်။

အန်တီမိကတော့ ငိုယိုနေဆဲ ...

အိမ်နီးချင်း တစ်ယောက် နှစ်ယောက်နှင့် ရဲနှစ်ယောက်လဲ





ရှိနေသည်။

ဦးချစ်မောင်ကလည်း မျက်နှာမကောင်း ...

ကျွန်တော် ဦးချစ်မောင်ဘေး ဝင်ထိုင်လိုက်ပြီး နားထောင်နေလိုက်သည်။

ရဲ တစ်ယောက်က ...

“ဒါဆို ... ကိုချစ်မောင်ရဲ့ အိမ်ခန်းကို သူခိုးက ဖောက်ထွင်းသွားတယ်လို့ ယူဆတယ်ပေါ့”

“ဟုတ်ကဲ့”

“ခုတင်အောက်မှာ ပုန်းနေတဲ့လူတစ်ယောက်ကို ဒီက ကိုချစ်မောင်ရဲ့ဇနီးက တွေ့တယ်လို့ ပြောကြတယ် ... ဟုတ်ပါသလား”

“ဟုတ်ကဲ့”

မေးသည့် ရဲမျက်နှာ ဝင်းပသွားပြီး လက်ဖျောက်တစ်ချက်တီးကာ ...

“အိုကေ ... အဲဒါ သူခိုးတွေထဲက တစ်ယောက်ဖြစ်မယ်၊ ကျွန်တော့်ကို အဲဒီလူရဲ့ပုံသဏ္ဌာန်ကို မှတ်မိသမျှပြောပြ”

“မ ... မဟုတ်ပါဘူး၊ အဲဒါ ... ကျွန်တော်ကိုယ်တိုင်ပါပဲ”

“ခိခိခိ”



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှရပ်နေသော လူများက ရယ်သံကို ထိန်းကြသော်လည်း ကျွန်တော်တစ်ယောက်ထဲ ရယ်သံထွက်သွားသဖြင့် ရဲက မျက်ထောင့်နီနှင့် လှမ်းကြည့်သည်။

ကျွန်ရဲတစ်ယောက်က ဦးချစ်မောင်ကိုကြည့်ကာ ဆက်မေးသည်။

"အခု ပါသွားတဲ့ပစ္စည်းက ... "

"ဟုတ်ကဲ့ ... ပိုက်ဆံတွေရယ်၊ ကျွန်တော့်ဇနီးရဲ့လက်ဝတ်လက်စားတွေပါ ... "

"ဟုတ်ပြီ ... ပိုက်ဆံကို ကိုချစ်မောင် ဘယ်ကယူသလဲ"

"ကျွန်တော် ... ဗီရိုထဲကပါ"

"အဲဒီဗီရိုထဲကို ဘယ်သူက ပိုက်ဆံထည့်ထားသလဲ"

"ကျွန်တော့်ဇနီးပါ"

"သူကရော ပိုက်ဆံကို ဘယ်ကရလဲ"

"ကျွန်တော် သူ့ကိုပေးတယ်လေ ... "

ရဲကြီးက ခေါင်းကိုကုတ်လိုက်ပြီး ဦးချစ်မောင်ကိုကြည့်သည်။

ခဏအကြာမှ ...

"စိတ်ချ ကိုချစ်မောင် တရားခံကို အမြန်ဆုံးဖမ်းမိအောင် ကျွန်တော်တို့ဘက်က လုပ်ပေးပါ့မယ်"





"ကျေးဇူးပါပဲ ဆရာ ... "

ကျွန်တော်လဲ ဦးချစ်မောင်နှင့်ဒေါ်မိမိဇင်ကို နှစ်သိမ့်ပေးပြီး အပြင်သို့ ထွက်လာလိုက်သည်။

"ဟော့ကောင် သတိုး ... "

ကျွန်တော့်ကို လှမ်းခေါ်တာက သိန်္ဂါစိုးဖြစ်သည်။

ကျွန်တော့်အိမ်ထဲ ဝင်မည်အလုပ် ကျွန်တော့်ကိုတွေ့သွားခြင်း ဖြစ်သည်။

"ဘယ်လဲ"

"မင်းဆီလာတာလေ ... မင်းကို မမြင်တာကြာလို့ သေများသေနေပြီလားလို့"

"စကားကို ကျက်သရေရှိအောင် မပြောဘူး ... လာ ... အိမ်ထဲဝင်"

ကျွန်တော် သိန်္ဂါစိုးကို ပခုံးဖက်ကာ အိမ်ထဲဝင်လာသည်။

သိန်္ဂါစိုးက အိမ်ထဲကို ကြီးကန်းတောင်းမှောက်ကြည့်ကာ ...

"ဟော့ကောင် ကောင်မလေးရော ... "

"ဘယ်ကောင်မလေးလဲ"

"ညှို့သည်လေ ... ညှို့သည် ... "



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဖေးမှာ"

"မိတ်ဆက်ပေးနော် ဟဲဟဲ ... "

"မင်းကတစ်မျိုး ... "

သိဂ်ီစိုး မျက်နှာက စပ်ဖြီးဖြီးဖြစ်နေသဖြင့် ကျွန်တော် မျက်စောင်းထိုးလိုက်သည်။

ကလေးတွေပြောသလို " 3 shadow you don't know" ဆိုသလိုပင် အရိပ်သုံးပါးလဲ နားမလည်။

"ခေါ်လိုက်လေကွာ အိမ်ရှေ့ကို ... "

"လာမှာပေါ့ကွာ ... မင်းကလဲ ... "

"ဟဲဟဲ ... နာမည်ဘယ်လိုခေါ်လဲ"

"မင်းသိချင်ရင် သူလာမှမေးလေ"

"ဟ ... လေသံက အေးစက်လှချည်လား ... ဘာလဲ၊ မင်းက အခု ညွှန့်သည်ကို ... "

"ဟာ ... ဟော့ကောင် ... ရှူး ... "

"သေချာနေပြီပေါ့"

"မဟုတ်ပါဘူးကွာ"

"မင်း မဟုတ်ရင် ငါဟုတ်မှာနော်"

"အာ ... "



"ဟဟ ... အူတိုတာလား"

"ဘာလို့ အူတိုရမှာလဲ"

ကျွန်တော်နဲ့သိဂ်ီစိုး စကားပြောနေတုန်း သူက နောက်ဖေးမှ ထွက်လာပြီး ...

"ဒီမှာ ... အန်တီခေါ်နေတယ်"

"ဗျာ ... ကျွန်တော့်ကိုလား"

သိဂ်ီစိုးက ပြောလိုက်သဖြင့် သူမ မျက်နှာလေးမဲ့သွားကာ

"ဟုတ်ပါဘူး ... သူ့ကိုခေါ်နေတာ"

"နာမည်နဲ့ခေါ်လေဗျာ ... တကယ်ပဲ"

"ရှင် သိမယ်ထင်လို့ပေါ့"

ကျွန်တော် နောက်ဖေးထဲဝင်လိုက်ပြီး လိုက်ကာနောက်မှ ပြန်ချောင်းကြည့်လိုက်သည်။

သိဂ်ီစိုးက ...

"ရန်ကုန်လာလည်တဲ့ ညွှန့်သည်ထင်တယ်နော်"

"ဟုတ်ပါတယ်"

"ကိုယ့်နာမည်က သိဂ်ီစိုးပါ ... "

"သွယ်သွယ်မိုးလို့ ခေါ်ပါတယ်"

"ဟုတ်ကဲ့ ... နာမည်လေးကပါလှတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီသောက်မလား ဖျော်ပေးမယ်လေ ... "

"နေပါစေတော့"

ကျွန်တော် လိုက်ကာနောက်မှ သူမကို မျက်ထောင့်နီဖြင့် ကြည့်လိုက်ပြီး အသံတိုးတိုးဖြင့် ...

"သူ့အိမ်ကျနေတာပဲ ... မဆိုင်တဲ့ကောင်ကို လောကွတ်သွားချော်နေတယ်"

ကျွန်တော် လိုက်ကာစကိုသာဆွဲကာ သက်ပြင်းချလိုက်သည်။

တကယ်ပါပဲလေ ...

သူနဲ့ကျွန်တော် ...

ကျွန်တော်နဲ့သူ ...

ဟင်း ...

ကျွန်တော့်စိတ်ထဲ သိန်းစိုးနှင့်မနီးစပ်စေချင်။

သူမကို ကြိုက်နေလို့တော့မဟုတ်ပါ။

သိန်းစိုးအကြောင်း သိနေသဖြင့် မနီးစေချင်တာအမှန်ပါ။

သူကလည်း ပြောပြီးသားပဲ ဘယ်သူနဲ့မှ လာအောင်မသွယ်နဲ့တဲ့။

သူကြိုက်နေတောင် ကျွန်တော်က အောင်သွယ်ပေးမှာ





မဟုတ်ဘူး။

အဲဒါတော့ စိတ်ချ အမိရေ ... ။

ဒီနေ့ အိမ်မှာ မေမေတစ်ယောက်ထဲသာ ကျန်ခဲ့သည်။

ဖေဖေကလည်း အလုပ်သွား ...

မငယ်နှင့်သွယ်သွယ်မိုးကလည်း ဘုရားသွားသည်။

ထုံးစံတိုင်း အန်တီမိတစ်ယောက် ဒေါသဖက်ပြီး စောဒကတက်ကာ ရင်လာဖွင့်သည်။

ကျွန်တော်က နှစ်ခုံတွဲဆိုဖာတွင် ခြေဆင်းထိုင်ကာ တီဗွီကြည့်နေသဖြင့် အန်တီမိက စကားသံကို ခပ်ကျယ်ကျယ်ပြောနေရှာရသည်။

ကျွန်တော် တီဗွီကြည့်နေရင်း လက်သည်း ကိုက်ကာ အန်တီမိအသံကို နားစွင့်နေလိုက်သည်။

"မပြောချင်တော့ဘူး မမငြိမ်းရယ် ... အဲဒီသူခိုးကို အခုမိသွားပြီလေ မိသွားပြီ ... "

"ဟုတ်လား ... ပစ္စည်းတွေရော ပြန်ရလား"

"ဘယ်ရပ့်ါမလဲ မမငြိမ်းရယ် ... အဲဒီသူခိုးကို မိတာပဲ ကျေးဇူးတင်ရမယ် ... "

"အင်းပေ့ါ ... အခု ကိုချစ်မောင်ရော ... "



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်သွားတယ်လေ ... သူလဲ စိတ်ညစ်ညစ်နဲ့ မနေ့က တစ်ညလုံး အရက်ထဲခေါင်းစိုက်နေရော"

"ဟာ ... အန်တီမိ ... ဦးလေးချစ်က အရက်ထဲခေါင်းစိုက်နေတာ ခြေချော်ကျလို့လား ... မထူပေးဘူးလား ... ဒုက္ခပဲ အရက်မွန်းနေမှာပေါ့"

"ဘယ်ကလာ ... အရက်သောက်လွန်းလို့ ပြောနေတာ သတိုးရဲ့"

"ဩော် ... ဖြစ်မှဖြစ်ရလေ အန်တီမိရယ်"

"အဲဒါ မမငြိမ်းရယ် ... ခက်ပါတယ် ... "

"ဟင်း ... တရားနဲ့ပဲဖြေပေါ့ မိရယ် ... "

"အဲလိုပဲဖြေရမှာပေါ့ မမငြိမ်းရယ်"

"အန်တီမိ တရားခွေ နားထောင်မလား ... ကျွန်တော် ဖွင့်ပေးမယ်"

"နေ ... နေပါစေ သတိုးရယ်၊ အိမ်ကျမှပဲ နားထောင်တော့မယ်"

"ဩော် ... အိမ်ရောက်ရင် နားထောင်ဖြစ်မှာမဟုတ်ဘူး။ ခု တစ်ခါထဲ နားထောင်သွား ... သိပ်ကောင်းတာ အရှင်ဆန္ဒာမိကလေ ရွှေပါရမီတောရ ဆရာတော် ... သိပ်ကောင်းတာ ... "





"အိမ်မှာ ရှိတယ်ကွဲ့"

"ဟုတ်လား ... ဩော် ... ကျွန်တော် ကြုံကြိုက်လို့ပြောရဦးမယ်"

ကျွန်တော် ဆိုဖာခုံမှထကာ တီဗွီကိုပိတ်လိုက်ပြီး အန်တီမိဘေး ဝင်ထိုင်လိုက်သည်။

"ဘာမှ စိတ်မခတ်မကျနဲ့ အန်တီမိ ... ငွေဆိုတာ ပြန်ရှာလို့ရတယ် ... သူခိုးကိုလဲ အပြစ်မမြင်သင့်ဘူး၊ သူလဲ မရှိလို့ ခိုးစားတာပေါ့ ရှိမှတော့ ခိုးပါတော့မလား ... အန်တီမိပဲ စဉ်းစားကြည့် ... ခု ဦးလေးချစ်ဆို ပိုက်ဆံရှိတယ် ... ခိုးစားလား၊ ကဲ ... ပြော"

"တစ်ခါတလေတော့ ... အဲလေ ဘာတုန်း ... "

"ဟုတ်ဘူးလေ သူတစ်ပါးဆီက ပိုက်ဆံခိုးပြီး အန်တီမိကို ရှာကျွေးနေတာလားလို့"

"ဘယ်လုပ်မလဲကွဲ့ ... "

"ဒါပဲပေါ့ ... အခု သူခိုးကလည်း ပိုက်ဆံမရှိလို့ သူ့ဇနီးမယားကို ခိုးကျွေးရတယ်၊ ကဲ ... ဒါ အပြစ်လား အန်တီမိ ... "

"အပြစ်မဟုတ်ပေမယ့် ဒေါသတော့ ထွက်တာပေါ့ကွယ်"

"မှားနေပြီ ... မှားနေပြီ အန်တီမိ ... အရှင်ဆန္ဒာမိက စာအုပ်ထဲမှာပါတယ် ... ဒေါသဆိုတဲ့ စကားလုံး ကိုယ်တိုင်ကိုက အပြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



အမိပ္ပာယ်ထွက်နေတော့ ဒေါသသမား တစ်ယောက်အနေနဲ့ တခြား သူကို အပြစ်မြင်တတ်တာ မဆန်းဘူးတဲ့၊ ဒါပေမဲ့ … အဲဒီသူတစ်ပါး ရဲ့ အမှားကို အပြစ်မြင်၊ အပြစ်တင် စိတ်ဆိုးမယ်ကြံတိုင်း ကိုယ့်ကိုယ် ကိုယ် ပြန်တွေးရတယ်၊ ငါကရော အမှားနဲ့ကင်းလို့လား … ငါ့ ယောကျ်ားကရော ကုမ္ပဏီက စာရင်းတွေကို အတိအကျတင်ရဲ့ လား။ ငါကရော ပါတီတ်ဘယ်နှစ်ထည်ဝယ်တာ ယောကျ်ားသိရဲ့ လား စသဖြင့် နှလုံးသွင်းနိုင်ရင် တခြားသူရဲ့လုပ်ရပ်ကိုသည်းခံနိုင် စွမ်း ရှိလာမှာပါ အန်တီမိရယ် … ”

“အဲ … ဟုတ်သေးဘူးလေ၊ ဒေါသထွက်တယ်ဆိုတာက …”

“အာ … ဟုတ်ပါတယ်နော် မေမေ … ”

ကျွန်တော် မေမေ့ကိုကြည့်ကာ စစ်ကူတောင်းလိုက်သဖြင့် မေမေကလည်း ယောင်ယမ်းကာ ခေါင်းညိတ်ပြသည်။

ကျွန်တော် အားတက်သရောနှင့် အန်တီမိကိုကြည့်ကာ ဆက်ပြောလိုက်သည်။

“ဒေါသဆိုတဲ့ စကားလုံးက မြန်မာစကားလုံးမဟုတ်ဘူး အန်တီမိရဲ့ … ပါဠိစကားလုံး … အဓိပ္ပာယ်ကတော့ ခုနကပြော သလိုပဲ အပြစ်လို့ အဓိပ္ပာယ်ရတယ် … ခန္ဓာကိုယ်မှာ သည်းခြေတို့၊





သလိပ်တို့၊ လေတို့ဆိုတာ ပုံမှန်ထက် လွန်ကဲပြီး ဖောက်ပြန်လာရင် သည်းခြေဒေါသထူပြောတယ်၊ သလိပ်ဒေါသများတယ်၊ လေဒေါသ သင့်တယ်လို့ ပြောလေ့ရှိကြတယ်တဲ့”

အန်တီမိတစ်ယောက် ကျွန်တော့်ကို ငေးငေးလေးကြည့် ကာ ခေါင်းလေးညိတ်နေရှာသည်။

ကျွန်တော်က ဆက်ပြီး …

“အဲ … သည်းခြေ၊ သလိပ်၊ လေတွေဟာ အပြစ်ဖြစ်နေ တယ်၊ သဘောကတော့ ပျက်စီးနေတယ်ပေါ့ဗျာ … အပြစ်ဆိုတာ ပျက်စီးခြင်းပေါ့ … ဒေါသဆိုတဲ့နေရာမှာ စိတ်တိုတာ၊ စိတ်ဆိုးတာ၊ စိတ်ပျက်တာ၊ ရန်ငြိုးဖွဲ့တာ၊ ကလဲ့စားချေတာ၊ ဝမ်းနည်းတာ၊ ပူဆွေးတာ၊ လွမ်းဆွတ်တာ၊ စိုးရိမ်တာ၊ ကြောက်ရွံ့တာ၊ ငိုကြွေးတာ အဲ … အားလုံးပါတယ် ဒါတွေအားလုံးက ဒေါသသဘော၊ ဒေါသ လက္ခဏာတွေချည်းပဲ … ”

“အင်း … အန် … အန်တီမိ … အိမ်ခဏပြန်လိုက်ဦးမယ်”

“စကားပြောကောင်းနေကာမှဗျာ ပြန်တော့မလို့လား အန်တီမိရဲ့ … မသိတာရှိရင်လဲ ကျွန်တော့်ကို မေးနော် … ဆရာ တော့်စာအုပ်တွေ ကျွန်တော်က အလွတ်ပါ ကျက်ထားတာ”

“အေး … အေး … သွားမယ် မမငြိမ်း”



www.burmeseclassic.com

www.burmeseclassic.com



စကားပြန်တောင် မစောင့်တော့။

သူ့အလှည့်ကျတော့ အန်တီမိတို့များ ပြေးလိုက်တာ တွန်း လို့။

နောက်တစ်ခါ အဟင်းလာတုပ်ကြည့်။

အခန်း (၆)

စောစောစီးစီး ကျွန်တော် နိုးနေသော်လည်း ပျင်းပျင်းရှိတာနဲ့ အတင်းအရင်း နားကိုဖိကာ ခေါင်းအုံးအောက်ထဲ ခေါင်းဝင်ပြီး နှပ်နေလိုက်သည်။

"ဣတိပိသော ဘဂဝါ ... အရဟံ ... သမ္မာသမ္ဗုဒ္ဓေါ ... "

ဘာလဲဟ ...

နားထဲဝင်လာတဲ့အသံကြီးက ကန့်လန့်ကြီးမို့ ကျွန်တော် အိပ်မှုံစုန်မွှား နားထောင်ကြည့်လိုက်သည်။

အသံက ကျွန်တော့်ဘေးခန်းမှ အသံ ဖြစ်သည်။

"သုဂတော ... လောကဝိဒူ အနုတ္တရော ပုရိသဓမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ ... "

ဘေးအခန်းမှအမိက စောစောစီးစီး ဘုရားစာရွတ်နေသည့် အသံဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တားပွဲပေါ်မှ နာရီကိုကြည့်တော့ ငါးနာရီအတိဖြစ်သည်။

ဘုရားကို မရှိခိုးနဲ့ မပြောပါဘူး ... တိုးတိုးသက်သာ ရှိခိုးပါလား။

*အပြောကြီးတာတော့ မဟုတ်ပါဘူး။*

အဓောကြီးဆိုတော့လဲ ဒီမှာက ဘုရစ်တနေစပီးယားလောက်နှင့်တော့ စိတ်ကူးယဉ်နေချင်သေးသည်။

သူမကတော့ မေတ္တာတောင် ပို့နေသေးသည်။

"အထက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တစကြဝဠာ အနန္တနတ်ဗြဟ္မာတို့ ... "

ကျွန်တော် ခွခေါင်းအုံးကြီးခွပြီး နားကို အတင်းအစမ့် ပိတ်ထားသော်လည်း အသံက ကြားနေရသည်။

"ဘေးအခန်း၌ရှိသော ထက်ဝန်းကျင် အနန္တစကြဝဠာ အပါယ်ဘုံသား အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ ... "

ဟာ ...

ဒါ ... ဒါ ...

ကျွန်တော့်ကို ပြောနေတာပဲ ...

ကျွန်တော့်ကိုများ အပါယ်ဘုံသားလေး ဘာလေးနဲ့





တွေ့မယ် ...

တွေ့ဦးမယ် ...

ကျွန်တော် အခန်းထဲမှ ခေါင်းစုတ်ဖွားနှင့်ထွက်လာကာ ဘေးအခန်းသို့ တံခါးသွားခေါက်လိုက်သည်။

"ဒေါက် ဒေါက် ဒေါက် ... "

"အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့"

"သာဓု သာဓု ... အဲလေ ... ဟုတ်ပါဘူး။ ဒီမှာ ... ဒီမှာ ဒေါက် ဒေါက် ဒေါက် ... "

သူမက တံခါးလာဖွင့်ပြီး ကျွန်တော့်ကိုကြည့်ကာ ...

"ဘာလဲ အမျှရတယ်မဟုတ်လား ... သာဓုခေါ်တာ ကောင်းတယ် ... ကောင်းတယ် ... "

"ဒီမှာ ... ခင်ဗျား အသံလေး နည်းနည်းတော့လျှော့သင့်တယ်ထင်တယ်"

"ဘာအတွက်လဲ"

"ကျွန်တော် အိပ်လို့မရဘူး"

"ဘုရားရှိခိုးတာပဲ ... သီချင်းထဆိုနေတာမှ မဟုတ်တာ၊ ရှင် အိပ်မရရင် ထတော့ပေါ့ ... ကြက်ဖတောင် တွန်နေပြီ"

"ကြက်ဖတွန်တာပဲ ကျွန်တော်က ကြက်မမှ မဟုတ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



အာကိမ္ဘ သရုပ်လဲ ..."

"ဒီမှာ ကိုယ်ကိုယ်တိုင်က ဘုရားစာမရွတ်နိုင်တောင် အေးလူရွတ်တာကို နားထောင်ရုံနဲ့ ကုသိုလ်ယူစမ်းပါ ..."

"ဩော် ... ခင်ဗျား ရွတ်တာကလဲ ကုသိုလ်ယူချင်စရာကိုး၊ ဘာဆေးခန်းက အပါယ်ဘုံသားလဲ ..."

"ဟုတ်တယ်လေ ... ဦးလေးက ရှင့်ကို အပါယ်ဘုံသားလို့ ပြောထားတာပဲ ..."

"တိန် ..."

"ဒီမှာ ... ရှင်ပြောစရာမရှိရင် သွားတော့၊ ကျွန်မ ဘုရားရှိခိုးတာ မပြီးသေးဘူး ..."

"ခင်ဗျားဗျာ ... ရှိခိုးချင်ရင်လဲ ဘုရားခန်းထဲသွားရှိခိုး ... သွား ... အပေါ်ထပ်မှာ ဘုရားခန်းက"

"ကိုယ့်ဘာသာ ဘယ်မှာရှိခိုး ရှိခိုးပေါ့ ... အပေါ်မှာ အန်တီတို့အိပ်တုန်း"

"ဟုတ်တယ် အန်တီတို့ပဲအိပ်နေတာမဟုတ်ဘူး ... ကျွန်တော်လဲအိပ်နေတာ ... ခင်ဗျား အသံလျှော့"

"ကောင်းတာလုပ်တာပဲ မလျှော့နိုင်ပေါင် ..."

"ခုန်း"



သူမကပြောပြီး တံခါးပိတ်သွားသဖြင့် ကျွန်တော့်မှာ ဟပ်ကော့ကြီးကျန်ခဲ့သည်။

အခန်းထဲပြန်ဝင်ကာ စောင်ခြုံပြီး ကွေးနေလိုက်သည်။

သူမက ခုနကထက် အသံကို ပိုကျယ်ကာ ...

"လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ"

ကျွန်တော် ဟိုလိမ့်ဒီလိမ့်နှင့် အရှိန်လွန်ကာ ခုတင်ပေါ်မှ ပြုတ်ကျတော့သည်။

"ဝုန်း"

"အောက်မလေးဗျ ... ကျိုးပါပြီ ..."

ဒေါသခပ်သိမ်းမှ မငြိမ်းတာ ... ဘေးရန်ခပ်သိမ်း ဘယ်ငြိမ်းတော့မှာလဲ။

❧

ကျွန်တော် လပ်ကီး လက်ဖက်ရည်ဆိုင်တွင် စောစောစီးစီး ကော်ဖီတစ်ခွက်မှာကာ ငုတ်တုတ်ထိုင်နေလိုက်သည်။

စိတ်ထဲမှလဲ တောသူမကို မေတ္တာပို့ပေးနေမိသည်။

တကယ် ...

မနက်ဆို အိပ်ရေးဝအောင် အိပ်မရတာလောက် စိတ်တို

www.burmeseclassic.com

www.burmeseclassic.com



တာ မရှိဘူး။

ဘယ်ဘဝက ရေစက်လဲတော့မသိ။

မြန်မြန် ပြန်မှပဲ ကျွန်တော် အိပ်ရေး ဝမည်။

ဘုရားသွားပြီး ပြန်လာကထဲက ဘာစိတ်ကူးပေါက်လာမှန်း မသိ။

ဩော် ...

အကုသိုလ် လုပ်ခဲ့တဲ့လူဆိုရင် အဲလိုပဲ ရုတ်တရက် တရားရပြီးမှ ငရဲကျမှာစိုးလို့ အကြောက်အကန် ဘုရားစာရွတ်ကြတာတဲ့။

သူလဲ အဲလိုပဲလို့ ကျွန်တော် ထင်သည်။

"ဘာပွစိ ပွစိ ရွတ်နေတာလဲ"

"ဘယ်လာတာလဲ ဖော်လေး ... "

"အိမ်က လက်ဖက်ရည်လာဝယ်ခိုင်းလို့ကွ ... လက်ဖက်ရည် ပါဆယ်နဲ့ အီကြာကွေး တစ်ချောင်းပေးကွာ ... ပါဆယ်နော်"

ဖော်လေးက လက်ဖက်ရည်နှင့်အီကြာကွေး မှာလိုက်ပြီး ကျွန်တော့်ဘေး ဝင်ထိုင်လိုက်သည်။

ကျွန်တော် သက်ပြင်းတစ်ချက် ချလိုက်သဖြင့် ...

"ဟင်း ... "

"မင်းကြည့်ရတာလဲ မျက်စိကနောက်စိကို ကပ်နေသလိုပဲ





အိပ်မပျော်လို့လား"

"ဟုတ်ပါ့ ဟုတ်ပါ့ ... "

"မျက်တွင်းကြီးကလဲ ကျနေတာမှ Tom and Jerry ထဲက ခွေးဘီလူးကြီး ကျနေတာပဲ"

"ဟေ့ကောင် ... မင်း ဒိုးတော့သွား ... အိပ်မပျော်ရတဲ့အထဲ နားပါ ဒုက္ခလာပေးနေတယ်"

"နားငြီးသက်သာချင်တာများ ... နားထဲရေလောင်းထည့်လိုက်လေ အနဲလေး နားပိတ်ပြီးတော့ တစ်ရက် နှစ်ရက်လောက်ကတော့ ကြားရမှာမဟုတ်ဘူး"

"ခွေးကောင် ... "

ဖော်လေးက လက်ဖက်ရည်နှင့်အီကြာကွေး ကိုင်ကာ ဆိုင်ထဲမှ ထွက်သွားသည်။

ဖော်လေးသွားပြီး မကြာပါ ... လင်းနေနှင့် သိန်းရစိုးတို့ ရောက်လာကြသည်။ သိန်းရစိုး မျက်နှာက သကာရည်လောင်းထားသည့်အတိုင်း ချိုမြနေသည်။

"စောလှချည်လား ... "

"ခုနကပဲ ဖော်လေး ပြန်သွားတယ် ... "

"တွေ့တယ် ... ပြီးရင် ဟိုဘက်ကမ်းက ဆံပင်ညှပ်ဆိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့လို့ ပြောလိုက်တယ် ... ”

“ဘာသွားလုပ်မလို့လဲ ... ”

“ဟ ... ဆံပင်ညှပ်ဆိုင် သွားတာပဲ ... ဆံပင်သွားညှပ်မလို့ ပေါ့ကွ ... ”

“ဖော်လေး ... လာပ့ါမလား ... ဟို အချော်တကောက်ကြီး ရှိတဲ့ဟာကို”

“အာ ... အဲဒီဆိုင်တော့ ငါလည်း မသွားရဲဘူးကွာ ... ကိုမျိုး ဆိုင်သွားမလို့ ... ”

“ကြည့်လည်းလုပ်ပါဦး ... အဲဒီလူကြီးက ညတိုင်း ရေချိန် ကိုက်နေတာ ... ”

“အခုက ... မနက်လေကွာ ... ”

“အရှိန်ပြေသေးရင် မင်းခေါင်းက အမွှေးပြောင်မယ် ... ”

“ဘာပဲပြောပြော ကိုမျိုးဆိုင်က ဈေးလည်း သက်သာတယ် ဘောပွဲလေး ... ဘာလေး လျှောက်ချီးရတာပေါ့ကွာ ... ”

“စောစောစီးစီးကွာ ... ”

“ဘာဖြစ်လဲ ... မင်းတောင် စောစောစီးစီး လက်ဖက်ရည် ဆိုင်ရောက် နေသေးတာပဲဟာ ... ”

“ငါက ငါ့အကြောင်းနဲ့ငါ ... ”





“ဘာအကြောင်းလဲ ... ”

ကျွန်တော် မနက်က အကြောင်းကို ပြန်ပြောပြလိုက်သဖြင့် တခွန်းမှဝင်မပြောသေးသော လင်းနေက ...

“မင်းကလည်း ... ဒါ တူ ဘုရား ရှိခိုးတာပဲ”

“ဟ ... ရှိခိုးတာလည်း ရှိခိုးပေါ့ ... ပတ်ဝန်းကျင်ကိုတော့ အနှောက်အယှက် မပေးနဲ့ပေါ့ ... ငါ အိပ်မပျော်ဘူး”

“မင်း ... အိပ်မပျော်တာပဲ ကုလားမနိုင် ကုလားမသွားမည်း နေတယ် ... ”

“ကုလားမနိုင် ရနိုင်မည်းပါကွာ ... ”

“မသိဘူးပါ ... အမိပွါယ် သိဝ်မလှဲပါဘူး”

“မန္တလေးကို မြန်မြန်ပြန်မှပဲကွာ ... ကြာရင် ငါလည်း မျောက်ခေါင်းဖြစ်တော့မယ် ... ”

သိန်းစိုးက ကော်ဖီနှစ်ခွက် မှာလိုက်ပြီး လင်းနေကို ကြည့် ကာ ...

“မင်း ... အဲဒီကောင်မလေးကို မြင်ဖူးတယ် မဟုတ်လား”

“အင်း ... ဘာဖြစ်လဲ ... ”

“ချောတယ်နော် ... ”

“မချောပါဘူး ... မျက်ရုံးကြီးက ပြူးပြူးကြီးနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်းတယ် ခေါ်တယ်ကွ ... မျက်ဝန်းရွဲကြီးနဲ့ဆိုတာ အဲဒါမျိုးပေါ့ ..."

"မသိဘူး ... ငါ့မျက်ချိထဲမှာတော့ ပြူးပြူးကြီးပဲ ..."

"မင်းက အလှအပမှ မခံစားတတ်ဘဲ ..."

"ခံရှားတတ်ပါတယ်ကွာ ... မင်း အစ်မ သန္တာကျော်ချို ငါ့မျက်ချိထဲမှာ ချောမှချောပဲ ..."

"ဟော့ကောင် ... ဟော့ကောင် အဲဒါတွေ မပါကြေးလေ"

"ဘာဖြစ်လဲ ... ချောလို့ ချောတယ်ပြောရပဲ ဟာ ..."

"အဲဒီ ခွေးကောင်က သူ့အစ်မေထိတော့ တွန့်နေလိုက်တာ"

"ဟိုမှာ ... ဖော်လေး ပြန်လာပြီ ..."

ဖော်လေးက ကျွန်တော်တို့ကို ကြည့်ကာ လင်းနေသောခုံဆွဲ ထိုင်လိုက်သည်။

ထိုင်ထိုင်းချင်း သန်းစိုးက ...

"ကြည့်တာပေါ့ ... သတိုး မင်းရော ..."

"အာ ... ငါ အဲဒါတွေ မသိဘူး ... ကြည့်လည်း မကြည့်ဘူး"

"မင်းကလည်း ယောကျ်ား မဟုတ်တာ ကျနေတာပဲ"

"ဟာ ... ဘာဆိုင်လို့လဲ ... ဘောပွဲကြည့်မှ ယောကျ်ားလားကွ ..."





"ဒီလောက် တစ်နိုင်ငံလုံးက အုတ်အော်သောင်းတင်း ဖြစ်နေတဲ့ ကမ္ဘာ့ဖလားပွဲကို မင်းမို့လို့ မကြည့်တယ် ... ဘာအသင်းဘာအသင်းရော သိရဲ့လား"

"အဲဒါတော့ သိပါတယ်ကွာ ... မကြည့်ဖြစ်တာ တစ်ခုပါပဲ"

"ဒါဖြင့် ဘယ်အသင်းဘက်က မင်းအားပေးလဲ ..."

"မကွေး (FC) လေ"

"သေပါတော့ကွာ ... ငါတို့ပြောနေတာ နိုင်ငံခြား ပွဲစဉ်တွေကွ"

သူတို့လည်း ပြောချင်တာပြော ... ကျွန်တော်လည်း ငေးချင်ရာငေးနေရင့် ... ကိုယ့်အလုပ် ကိုယ်လုပ်နေကြသည်။

ခဏအကြာ ရဲထိုက် ရောက်လာသဖြင့် ကျွန်တော်တို့အားလုံး ဆံပင်ညှပ်ဆိုင်ကို သွားကြသည်။

"ဟော့ကောင် သိန်း ... ကိုမျိုးကြီး ကြည့်ရတာ အမြဲမပြေသေးဘူး ထင်တယ်နော် ... ဟိုမှာ ခုံတွေရွှေ့နေတာ ယိုင်တိုင်တိုင်နဲ့ ..."

"ပြေလို့ ရွှေ့နိုင်တာပေါ့ကွာ ..."

"သူ ရွှေ့တဲ့ခုံလည်း ကြည့်ဦး ... ခွေးခြေခုံလေး နှစ်ခုံထဲကို"



www.burmeseclassic.com

www.burmeseclassic.com



"အင် ... "

"ကိုမျိုးကြီး ဆံပင်ညှပ်လို့ ရပါတယ်နော်"

"ဟ ... ဆံပင်ညှပ်ဆိုင် ဖွင့်ထားတာပဲ ညှပ်လို့ရတာပေါ့ကွ"

"ဟိုဒင်း ... မပြေသေးမှာစိုးလို့"

"ငါ့ကိုများ အထင်သေးလိုက်တာကွာ ... "

"မဟုတ်ပါဘူး ... ကိုမျိုးကြီးရာ ... "

"မမူးပါဘူးကွ ... လာ ... ခုံမှာထိုင် ... ခေါင်းဘယ်နားမှာ လဲပဲ ပြ ... "

"အိ ... ဟာဗျာ ... "

"ဟဲ ဟဲ ... စတာပါကွာ ... ပြော ... ဘယ်လိုညှပ်ပေးရမလဲ"

"စကားမပြောပဲ ညှပ် ... "

"အေး ... အေး"

ကိုမျိုးကြီးကတော့ စညှပ်ပါတော့သည်။

မှန်ထဲမှ သိန်္ခါရိုး ရုပ်က သရက်သီးမှည့် ဖင်လို ရှုံ့တွနေသည်။

"အား ... "

"ဘာဖြစ်တာလဲကွ ... "





"ကိုမျိုးကြီးရော ... ကပ်ကြေးလေး ဘာလေးသွေးပါဦး တုံးတိနေလိုက်တာ ... ဆံပင်ကို ညှပ်မနေပဲ ဓာဂနာနဲ့ ဆွဲနုတ်နေ သလိုပဲ ... "

"ဟဲ ဟဲ ... မင်းကလည်း ငါသွေးတော့ သွေးတာပဲကွ ... ကပ်ကြေးနဲ့ ဘီးမှားသွားမိလို့ ... "

"သေလိုက်ပါတော့ဗျာ ... "

ကျွန်တော် ထမင်းစားချိန်တွင် အိမ်ပြန်လာခဲ့သည်။

အိမ်ထဲ မဝင်သေးဘဲ စကားပြောနေသံကို ကြားရသဖြင့် ဒန်းပေါ်ထိုင်ပြီး နားထောင်နေလိုက်သည်။

ရုံးပိတ်ရက်မို့ လူစုံနေသည်။

"သားက နည်းနည်းတော့ ဆိုးတယ် သမီးရယ် ... အဲဒါ သမီးပဲ ပြုပြင်ပေးပါဦး ... နောက်ဆိုရင်လည်း နှစ်ဖက်သဘောတူ ထားလို့ အတူနေကြရတော့မှာပဲ ... မဟုတ်လား သည်းခံပေးပါ"

"ဟုတ်ကဲ့ ... အန်တီ"

"ဦးတို့ကတော့ ဒီကောင့်ကို ဆလံသတယ် ... သမီးငယ်



www.burmeseclassic.com

www.burmeseclassic.com



တောင် ကံကောင်းထောက်မလို့ ... အခုလို သမီးနဲ့တွေ့ရတာ နမို့ဆိုရင်လား ... "

"သူ အခုငြိမ်နေပါပြီ ဦးရဲ့ ... "

"အေး ... အဲလိုပဲ ဖြစ်ရမှာပေါ့"

ဩော် ...

လက်စသပ်တော့ သွယ်သွယ်မိုးက ကျွန်တော်နဲ့ ယူရမယ့် ကျွန်တော့်ဇနီးလောင်းကိုး ...

ဒါများ ဖုံးနေရသေး ဘိုးတော် တစ်ယောက်နဲ့တော့ ခက်တယ် ... ပွင့်ပွင့်လင်းလင်း ပြောလိုက်တော့ ... ဒီကကောင်က ဘာဘဝင်မြင့်စရာရှိတုန်း။

အပေါက် ဆိုးဆိုး ... ခပ်စွာစွာ မိန်းမကို ယူရတော့မှာမို့ ထွက်ပြေးမယ် ထင်နေလို့လား ...

ပြေးပေါ်င် ...

"ဗွမ်း ... "

"ဟာ ... "

ကျွန်တော် ထိုင်နေသော နေရာသို့ ရေတွေရွှဲသွားသဖြင့် ပြတင်းပေါက်ရှေ့ ရပ်လိုက်သည်။

"အမလေး ... လန့်လိုက်တာ ... "





"ဘာ ... လန့်ရမှာလဲ ... ခင်ဗျား တမင်သက်သက် လုပ်တာ မဟုတ်လား ... "

"ကျွန်မက ရှင်ရှိနေမှန်း မသိလို့ပေါ့ ... သိမှတော့ ရေအေးနဲ့ ပက်မလား ရေနွေးနဲ့ပဲ ပက်မှာပေါ့ ... "

"ဘာကွ ... "

"ရှင်ကရော ဒီမှာ ဘာလုပ်နေတာလဲ ... ချောင်းနားထောင်နေတာ မဟုတ်လား ... "

"ဟုတ်တယ် ... အာ ... ဘာကိစ္စ နားထောင်ရမှာလဲ ... ဒီလိုပဲကြားနေတာရတာကိုး ... "

"ဟင်း ... ယောကျ်ားဖြစ်ပြီး ခိုးနားထောင်နေပြီးတော့"

"ငါ့ အတင်းကို ဘာလို့ တုတ်နေလဲ ... "

"ဘယ်သူက ပြောနေလို့လဲ ... အား အား ယား ယား စိတ်ဝင်စားစရာ တစ်စက်မှ မရှိတဲ့လူအကြောင်းများ ... "

"ဟွန့် ... "

"ဟင် ... "

ကျွန်တော် ရေမိုးချိုး၊ ထမင်းစားအပြီးတွင် ဧည့်ခန်း၌ ထိုင်လိုက်ပြီး သီချင်းဖွင့် နားထောင်နေတုန်း သွယ်သွယ်မိုးက ...

"ဒီမှာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... "

"ရှင်လည်း အခုဆို သိရောပေါ့ ... "

"ဘာသိရမှာလဲ ... "

"ရှင်နဲ့ ကျွန်မနဲ့က ... ဘာလဲဆိုတာလေ ... "

"အဲတော့ ဘာဖြစ်လဲ ... "

"ဒီမှာ ... ရှင့်ကို ယူချင်လွန်းလို့ ရန်ကုန်လာနေတယ် မေ

နဲ့ ဖေဖေ့စကားကို နားထောင်ပြီး ရန်ကုန်လာတာ"

"ဘာပဲပြောပြော ခင်ဗျား ကျွန်တော့်ကို ယူရမှာပဲလေ

ခုကတည်းက ကိုယ့်ယောကျ်ားကို ရိုရိုသေသေ ဆက်ဆံ

ကြားလား"

"အံမယ် ... ဘယ်သူက သူ့မိန်းမလဲ ... စိတ်ကူး မယဉ်

"မယဉ်ပါဘူး ... ခင်ဗျားက ဘရစ်တနေစပီးယားလော

မချောဘဲ ... "

"ရုပ်ကိုက ... "

"ဘာဖြစ်လဲ ... ဘာဖြစ်လဲ ... "

"မိန်းမစိတ်ဓာတ်နဲ့ အခြောက်လို့ပဲ ... "

"အေး ... ရတယ် ပြောထား ... အခုတော့ ပြန်မပြော

ဘူး ... မင်း ငါနဲ့ယူရဲယူကြည့် ... တွေ့မယ် ... ဟင်း"





"ရှင့်ကို ဘယ်သူမှ မယူသေးဘူး ... စိတ်ရှူး ယဉ်မနေနဲ့"

"ကြည့်လိုက်လေ ... ဟား ဟား ဟား ... "

"တဖွာရှူး ... ဒါကြောင့် ရှင့်ကို စိတ်ကူးယဉ်မနေနဲ့လို့

မပြောဘဲ စိတ်ရှူးယဉ်မနေနဲ့လို့ပြောတာ ... ရှင်းလား"

ပြောပြီး သူမက ခြေဆောင့်ကာ အခန်းထဲဝင်သွားသဖြင့်

ကျွန်တော် အားရပါးရရယ် လိုက်သည်။

ဖေဖေ ထွက်လာသဖြင့် ရယ်သံကို တိခနဲရပ်ပစ်လိုက်ပြီး

သီချင်းကို Volume တိုးလိုက်သည်။

ဖေဖေက ကျွန်တော့်ရှေ့ဆိုဖာတွင် ဂျာနယ်တစ်စောင်ယူ

ကာ စိမ်ပြေနပြေ ဖတ်နေသည်။

"ဟေ့ကောင် ... "

"ဗျာ ... "

"မင်း ဟာကြီး ပိတ်လိုက်စမ်းကွာ ... နားကို အူနေတာပဲ၊

ဘာတွေပြောလို့ ပြောနေမှန်းလည်း မသိဘူး ... "

"အင်းလေ ... အင်္ဂလိပ် Rapper သီချင်းတွေပဲ ဖေဖေ ဘယ်

နားလည်ပါ့မလဲ ... "

"ဟေ့ကောင် ... မင်းက ငါ့ကိုစာမတတ်ဘူးလို့ ပြောတာ

လား"



www.burmeseclassic.com

www.burmeseclassic.com



"မပြောပါဘူး ... ကျွန်တော်က လူတစ်ယောက်ကို အပြင်ပန်းကြည့်ပြီး မခွဲခြားတတ်ဘူး"

"ဟော့ကောင် ... ခုပိတ် ... စကားမရှည်နဲ့"

"ဖေဖေကလဲ ... "

"အထွန့်တက်ပြန်ပြီလား ... "

ကျွန်တော် TV နှင့် အောက်စက်ကိုပိတ်ကာ ရီမုကိုနောက်ပြန်ပစ်ချလိုက်သည်။

"ခွပ် ... "

"အောင်မလေးဗျ ... "

ကျွန်တော် လှည့်ကြည့်ပြီး မျက်လုံး ပြူးသွားသည်။

ကျွန်တော်ပစ်လိုက်သော ရီမုနှင့် ဒုတိယမ္ဘိ ဖေဖေ့နဖူး မိတ်ဆက်သွားပြန်သည်။

ကျွန်တော်ကလည်း ကျွန်တော် ... ဖေဖေကလည်း ဖေဖေ ဘာလို့များ မလွတ်မလပ်မှာ လာထိုင်နေရလည်း မပြောတတ်။

စားပွဲရှေ့မှာ ဆေးလိပ်ပြာခွက်နှင့်လှမ်းအပျော်က ကျွန်တော် အရှောင်ကောင်း၍ နံရံပေါ်မှ ဖေဖေနှင့်မေမေ့ ပုံကို သွားထိကာ မှန်ကွဲသွားတော့သည်။

အဲဒီမှန်အကွဲကိုမြင်မှ ဖေဖေ့အတွက် ပြဿနာ အတုံးလိုက်





အတစ်လိုက် ဝင်မှာ။

စိတ်မကောင်းပါဘူး ဖေဖေရယ်။

ကျွန်တော်ကတော့ ... လစ်ပြီ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

ဒီနေ့တော့ မနေ့ကလို အသံမကြားရပါ ... ကြားရတဲ့အသံကတော့ တဟားဟား ရယ်သံဖြစ်သည်။

ဒီအသံကြီး ရင်းရင်းနှီးနှီး ကြားဖူးနေသဖြင့် ထတော့ ကြည့်ချင်သည်။

ပျင်းတာနဲ့ ဖင်ဗူးတောင်းထောင်ကာ အိပ်နေတုန်း အခန်းတံခါးကို ဖွင့်ပြီးဝင်လာသူက ...

"အမလေး ... "

"ဟ ... ဘာလဲ ... ဟင် ... ခင်ဗျား"

ကျွန်တော့် အခန်းထဲဝင်လာသူက သွယ်သွယ်မိုး ... သူက အလန့်တကြား အော်ကာ မျက်လုံးကို မှိတ်ထားသည်။

ကျွန်တော် အဲဒီတော့မှ သတိရသည် ...

ပုဆိုး ... ဘယ်ရောက်သွားပါလိမ့် ...





ဘြော် ... ဒုက္ခပဲ ... အတွင်းခံဘောင်းဘီ ပါတာတောင်ကာ ရှက်နေသေးတယ် ...

"အသံမပေး ဘာမပေးနဲ့ ... ခင်ဗျား ဘာကိစ္စနဲ့ ကျွန်တော့်ခန်းထဲ ဝင်လာတာလဲ ... "

"ဦးက ... ဒီအခန်းထဲမှာ စာရွက်တွေထားထားတာ ယူလာပါဆိုလို့ ဝင်လာတာနော် ... လာချင်လွန်းလို့တော့ မထင်နဲ့"

"တံခါးလေး ... ဘာလေး ခေါက်ပါလား"

"ရှင် မရှိဘူးမှတ်လို့ပေါ့ ... လန့်လိုက်တာနော် ... အမလေး"

"ဘာ လန့်တာလဲ ... ဒီမှာ အတွင်းခံ ဘောင်းဘီပါတယ်"

"မဟုတ်ပါဘူး ... လူမရှိဘူး ထင်တဲ့အခန်းထဲ ရှင်က ငုတ်တုတ် အဲလေ ... ဟိုလိုကြီး လုပ်နေတော့ ကျွန်မလန့်သွားတာပေါ့"

"မြန်မြန်ယူဗျာ ... ယူပြီးသွားတော့ ... ပြန်အိပ်ရဦးမယ်"

"ရှာပေးလေ ... ဘီဒိုထဲမှာတဲ့ ... "

"ရှုပ်နေတာပဲ ... ဘယ်သူရောက်နေလို့လဲ"

"ကျွန်မ ဖေဖေ ... "

ကျွန်တော့်လက်ထဲမှ ပုဆိုးစကို ယောင်ပြီး လွှတ်ချမိသည် ...

"ဟာ ... ရှင်နော် ... "

"ဆောရီး ... ဆောရီး ... လက်က လွှတ်သွားတာ ... တော့



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ … ဒါ ဘာစာရွက်တွေလဲ …”

“မသိဘူး … ပြီးရင် ရှင်ထွက်လာခဲ့တဲ့ …”

“ဘာလုပ်ဖို့လဲ …”

“မသိဘူး …”

“အေး … မသိနဲ့ … ဘာမှကို မသိနဲ့ … သွားတော့”

“မအော်ပါနဲ့ … သွားမှာပါ”

“မအော်ပါဘူးဗျာ … ကြောက်ပါတယ် … ခင်ဗျားကို”

ကျွန်တော် ရေချိုးပြီး အိမ်ရှေ့သို့ ထွက်လာသည်နှင့် ဖေဖေက …

“ဒါ … ငါ့သား သတိုးစောလေ … ဘယ်နဲ့လဲ ငယ်ငယ်က အတိုင်းပဲ မဟုတ်လား …”

“ငယ်ငယ်ကပဲ မြင်ဖူးတာ … ကြီးလာမှ တော်တော်ချောတာပဲ …”

“ဟဲ ဟဲ … အဲလောက်လည်း မဟုတ်ပါဘူး … အန်ကယ်ရယ် … မေမေနဲ့တူလို့ ကျွန်တော်က ချောတာပါ …”

ဖေဖေက ကျွန်တော့်ကို မျက်ထောင့်နီဖြင့် လှည့်ကြည့်သည်။

ပြီးမှ …

“ဒါ … သမီး သွယ်သွယ်မိုးရဲ့အဖေ ဦးထက်အောင်တဲ့”





“သိတယ် … ဖေဖေ”

“အောင်မာ …”

မေမေက ဖေဖေ့ပေါင်ကို လှမ်းတို့လိုက်သဖြင့် ဖေဖေက ဆက်မပြောတော့ … ခဏနေမှ ဦးထက်အောင်က ကျွန်တော့်ကို ကြည့်ကာ …

“သား လက်ထဲပဲ သမီးကို အပ်ရတော့မယ် … သမီးက သိပ်ဆိုးတာ …”

သွယ်သွယ်မိုး ရှက်သွားပြီး …

“ဖေဖေကလည်း …”

“ဟုတ်တယ် … ဦး … သူက သိပ်ဆိုးတယ် … ဆိုတာ ဒီရက်ပိုင်းလေးအတွင်းမှာ ကျွန်တော်ပါသိသွားပြီ …”

သွယ်သွယ်မိုးက ကျွန်တော့်ကို မျက်စောင်းထိုးပြသည်။

“အေးကွာ … သည်းခံပေးကြပေါ့ တစ်ယောက်နဲ့တစ်ယောက်နော် …”

“ဟုတ်ကဲ့ …”

“ဒါဆို … မင်္ဂလာရက် ဘယ်တော့ သတ်မှတ်မလဲ …”

“ဗျာ … မင်္ဂလာရက် …”

“အင်းလေ …”

ကျွန်တော်နဲ့ သွယ်သွယ်မိုးနဲ့ ခြံထဲမှာ ဒန်းပေါ်တွင်ထိုင်နေ

www.burmeseclassic.com



ကြသည်။

သွယ်သွယ်မိုးက ...

"ကျွန်မ တစ်ခုပြောချင်တယ် ... အရေးကြီးတယ်"

"ပြောပေါ့ ... "

"ပြောပေါ့ ... မလုပ်နဲ့ ... သေချာနားထောင် ... အရေးကြီးပါတယ်ဆို ... "

"ဘာလဲဆိုတာပဲ အရင်ပြောကြည့်ပါဦး ... "

"ရှင်နဲ့ ကျွန်မ ... မကြာခင် ယူရတော့မှာ ... ဒါပေမယ့် ကျွန်မ ရှင်နဲ့အတူ မနေနိုင်ဘူး ... အဲဒါ ကြိုပြောထားတာ"

"ဘာလဲ ... ငါက မင်းနဲ့ လိုက်နေရမှာလား"

"အို ... မဟုတ်ပါဘူး ... ရှင်နဲ့ ကျွန်မ ... လက်ထပ်ပြီးလည်း ခွဲအိပ်မယ်လို့ပြောတာ"

"ဟာ ... မင်း ... ဒါတော့ မ မဟုတ်တာ ... "

"ဘာလဲ ... ရှင် သဘောမတူရင် ... အခုထဲက ပြောလေ ကျွန်မ ဖေဖေ့အဆူကိုခံပြီး ပွဲဖျက်လိုက်မယ် ... "

"ဟ ... မင်း ငါနဲ့ မယူလည်း တခြားလူနဲ့ယူရင် ... "

"အို ... မသိဘူး ... မသိဘူး ... ခုလောလောဆယ် ရှင် သဘောတူ မတူပဲပြော ... "

"အေးကွာ ... အေး ... အေး"





"အစီက,က အဲဒါပဲ ... ဒါပေမယ့် ကျွန်မနဲ့ ရှင် အခုလို သဘောတူညီချက်ကို ရှင်ဘယ်သူ့ကိုမှ မပြောရဘူး ... ဘယ်လိုလဲ"

"ကောင်းပြီလေ ... ငါ့ဘက်ကလည်း တစ်ခုတောင်းဆိုမယ်"

"ဘာလဲ ... "

"လွယ်ပါတယ် ... အခု ချိန်ကစပြီး မင်းက ငါနဲ့နှစ်ယောက် ရှိတဲ့ အချိန်တွေကလွဲရင် အားလုံးရှေ့မှာ ချစ်ချစ်ခင်ခင် ပုံစံ နေပြမယ်"

"ဟင် ... ဒါကတော့ ရှင် ... "

"ရတယ်လေ ... သဘောမတူလည်း ခုနကအကြောင်းတွေကို သွားပြောပြလိုက်ရုံပဲပေါ့ ... "

"တောက် ... "

"ဟာ ဟ ... (၅)မိနစ် အချိန်ပေးတယ် ... စဉ်းစား ... စဉ်းစား"

"ဟွန်း ... ကောင်းပြီလေ ... ဒါပေမယ့် ရှင်သိပ်တော့ အသားမယူနဲ့ ... အသားယူရင် မလွယ်ဘူးမှတ်နော် ... ရှင် ကျွန်မ အကြောင်း သိပါတယ် ... "

"စိတ်ချစမ်းပါ ... ဟဲ ဟဲ ... ငါ့အကြောင်းလည်း မင်းသိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဟဲ ဟဲ ဟဲ ... ရုပ်က ကြည့်လို့ကိုမရဘူး"

ကျွန်တော့်ကို သူက မျက်စောင်းကြီးထိုးကာ ပွစိပွစိ ပြောနေသေးသည်။

ကျွန်တော့်ကတော့ ကိုယ့်အတွေးနဲ့ကိုယ်မို့ သဘောကျနေမိသည်။

BURMESE CLASSIC

ရဲထိုက်က ခုံမှထကာ ပုဆိုးကို လှည့်ဝတ်လိုက်ပြီး အကြောဆန့်ကာ ...

"အား ... ညောင်းလိုက်တာကွာ ... မင်းတို့တွေ ဖင်မပူကြဘူးလား ..."

"ပူမပူသိချင်ရင် ဆေးလိပ်ယူလာပြီး ငါ့တင်ပါးကိုလာတို့ကြည့်ပါလား ... ဟုန်း ဟုန်း တောက်သွားမယ် ..."

"ဒါဖြင့်လဲ ဘာလို့ ထိုင်နေကြတာလဲကွာ ..."

"ဒီကောင်လေ ... ဘာမှန်လည်းမသိဘူး ... ရောက်ကထဲက ပြုံးစိစိနဲ့ ဘာဖြစ်တာလဲဆိုတော့လည်း မပြောဘူး ..."

"အဟီး ဟီး ..."

"ဟော ... ရယ်ပြန်ပြီ ... ဒါပါနဲ့ဆို ရယ်နေတာ (၁၅)ခါရှိ





ပြီ"

"မင်းတို့ မသိပါဘူးကွာ ..."

"အေးလေ ... မသိလို့ မေးနေတာပါ"

သိန်းစိုးက စိတ်မရှည်သလို လေသံဖြင့် ရေရွေးငုံ့ကာ ပြောသည်။

ဇော်လေးက ကျွန်တော့်ကို ကြည့်ကာ ...

"Psychosis ဖြစ်သွားပြီ Psychopath ရသွားတာထင်တယ်"

"ဟေ့ကောင် ... စိတ်ဖောက်သွားတာ မဟုတ်ဘူးကွ ... မိန်းမ ရတော့မှာမို့ ပျော်နေတာ ..."

"ဘုရား ... ဘုရား"

"ဘယ်က မိန်းမလဲ ..."

"ဟာ ... မဟုတ်မှတ်လွဲရော ... ဟိုတစ်ယောက်က ..."

"အေး ... ဟုတ်တယ် ..."

သိန်းစိုး စကားကို ကျွန်တော် ချက်ချင်းမဖြေပေးလိုက်သဖြင့် မတ်တတ်ရပ်နေသော ရဲထိုက်တစ်ယောက် ခုံကိုဆွဲကာ ပြန်ထိုင်လိုက်သည်။

"ဘယ်တော့ ယူမှာလဲ ..."

"အခုယူရင်တောင် ရတယ်"

"ကောင်းလှချည်လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... ဟဲ သတိုးစောပါကွ"

"အဲဒါ ... မင်းအဖေတော်လို့ကွ မင်းအဖေတော်လို့ မင်းနဲ့ ကို ကျေးရူးတင် ..."

"ငါတော်လို့ကွ ... ငါတော်လို့ ငါနဲ့ပေးစားတာပေါ့"

"ကဲ ... ထားပါတော့ ... သူကရော မင်းကိုကြိုက်ရဲ့လား"

"ကြိုက်တာပေါ့ ... ကြိုက် ကြိုက် ကြိုက်နဲ့တောင် မြည် လေ ..."

"မဖြစ်နိုင်တာကွာ ... အဲဒါတော့ ယုံဖို့တော်တော်ခက် သွားပြီ ..."

လင်းနေကလည်း ...

"ဟုတ်တယ် ... ကိုယ်တိုင် မျက်စိနဲ့ မြင်ရမှာ ယုံမှာ"

"အေး ... အခုပဲ ခေါ်လာပြမယ် စောင့်နေ"

"စောင့်နေဦးမှာ ..."

ကျွန်တော် လက်ဖက်ရည်ဆိုင်မှ ထပြေးကာ အိမ်သို့ရောက် လာခဲ့သည်။

မေမေနဲ့ သူက စကားပြောနေသဖြင့် ...

"အဟမ်း ... ဟမ်း ..."

"ဘာလဲ ... သား"

"အဲ ... ဟိုဟာလေ ... မေမေ ပိုက်ဆံတစ်ထောင်လောက်





"ဘာလုပ်မလို့လဲ ..."

"ဟိုဒင်းလေ ... သြော် ... သူ ... သူ"

ကျွန်တော် သူ့ကို လက်ညှိုးထိုးလိုက်သဖြင့် သူမက ကြောင် အမ်းအမ်း ဖြစ်သွားသည်။

"သူ့ကို မုန့်လိုက်ဝယ်ကျွေးမလို့ ..."

"ရပါတယ် ..."

"ဟိုနေ့က သွယ်ပဲ မုန့်လင်မယား စားချင်လို့ဆို ..."

"ရှင် ..."

ကျွန်တော် သူ့ကို "သွယ်" ဟုခေါ်လိုက်သဖြင့် မေမေက တော့ သဘောကျနေသည်။

သူ့မျက်နှာကိုတော့ ကျွန်တော်မကြည့်ရဲပါ ... ပြာကျသွား မှာစိုးလို့ ...

"ရော့ ..."

"ကျေးဇူးပဲ မေမေ ... လာလေ"

"မ ... မလိုက်"

"အာ ... လာစမ်းပါဟ"

ကျွန်တော် သူမလက်ကိုဆွဲကာ ခေါ်လာသဖြင့် ပါလာ တော့သည်။

အိမ်ရှေ့ရောက်မှ သူက ...

www.burmeseclassic.com



"ဒီမှာ ... ရှင် ... လက်ကို လွှတ်ဦး"

"အာ ... ဆောရီး ... "

"ဘာ သဘောလဲ ... "

"ဒီလိုပါကွာ ... ငါ့ သူငယ်ချင်းတွေက မင်းနဲ့ယူမယ်ဆိုတာကို တစ်ယောက်မှ မယုံကြဘူး ... "

"ယုံချင်စရာကိုး ... ရှင့် အရည်အချင်းနဲ့ ... "

"အေး ... ငါက သိပ်ချောနေတော့ မယုံကြဘူး ဖြစ်နေတယ်"

"ဖြစ်မှ ဖြစ်ရလေ ... ပတ်ဝန်းကျင်ကိုလည်း အားနာတတ်ဦး"

"အဲဒါ ... မင်းနဲ့ငါ အတူတူ ... အတူတူလေ ... "

"အတူတူ ဘာဖြစ်လဲ ... "

"လက်တွဲပြီး ... ဆိုင်ထဲ ဝင်သွားပြမှ ယုံမှာတဲ့"

"ဘာ ... "

"အ ... လား ... နားကို အူသွားတာပဲကွာ ... ဖြည်း ဖြည်း ပြောပါဟ ... "

"ရှင် ... ကျွန်မကို ဘာမှတ်နေလဲ"

သူမက လှည့်ထွက်သွားသဖြင့် ကျွန်တော် ကြောင်သွားသည်။





ပြီးမှ ...

"ဟာ ... ဟော့ ... မင်း သဘောတူထားတယ်လေ"

ကျွန်တော့်စကားကြောင့် သူမ ခြေလှမ်းများ တိခနဲရပ်သွားသည်။

"ဟဲ ... ဟဲ"

သူမက ပြန်လာပြီး ကျွန်တော့်ကို ကြည့်ကာ ...

"အသားယူဖို့တော့ မစဉ်းစားနဲ့နော် ... လက်ကို ကိုင်ရုံပဲ"

"အိုကေ ... အိုကေ"

ကျွန်တော်နဲ့ သူမ လမ်းထိပ်ရောက်သည်နှင့် ဟိုကောင်တွေ ရှုပိုးထနေတာ တွေ့လိုက်သည်။

"မင်းမျက်နှာကြီးကလည်းကွာ ... ပြုံးထားစမ်းပါ ... တကယ်ပဲ ... "

"ရပြီလား ... "

"ပြစမ်း ... "

ကျွန်တော် သူ့မျက်နှာကို ကြည့်ကာ နှာခေါင်းရှုံ့လိုက်သည်။

"အဲဒါ ... ပြုံးတာနဲ့ မတူဘူး ... ရှုံ့နေတာနဲ့တူတယ်"

"ဘာ ... ရှင်နော်"

"ဟိုး ... ဟိုး ... ဟိုရောက်ရင် ငါ့ကို မောင်လို့ခေါ်နော်"

"ဘာ ... ဘာလို့ ခေါ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှူး ... တိုးတိုးပြောစမ်းပါ ... သဘောတူညီချက်နော်၊ သဘောတူညီချက် ... "

"ရှင်နော် ... ရှင်"

"ကိုယ့်အကြောင်းနဲ့ကိုယ်ပဲနော် အဓိ ... "

သူက ကျွန်တော့်ကို မျက်စောင်းထိုးပြန်သည်။

ဆိုင်ထဲရောက်သည်နှင့် ခုံဆွဲကာ ကျွန်တော် ထိုင်လိုက်သဖြင့် ရဲထိုက်က ...

"ဟေ့ကောင် ... ဟိုကို အဲဒီခုံပေးလိုက်လေ ... "

"ဩော် ... ဟုတ်သား ... သွယ် ... ဒီမှာထိုင်"

"ရတယ် မောင် ... မောင်ပဲထိုင်လိုက် ... အဲဒီခုံက ကွဲနေတယ် ... "

"အင် ... "

သဘောကတော့ ကျွန်တော်ပဲ ခုံကွဲပြီး ညပ်ညပ်ပေါ့ ... သူကတော့ ဘေးပိုင်းမှ ခုံတစ်ခုံကိုယူကာ ကျွန်တော့်ဘေးတွင် ဝင်ထိုင်လိုက်သည်။

"ဒါ ... ငါပြောတဲ့ သွယ်သွယ်မိုးလေ ... သွယ် ... ဒါ မောင့်သူငယ်ချင်းတွေ ... သူက ဇော်လေး သူက လင်းနေ ... ဒါက ရဲထိုက် ... ဒီခွေးသားကတော့ သိမှာပါ"

"ဟုတ်ကဲ့ရှင့် ... "





"တွေ့ရတာ ဝမ်းသာတယ်နော် ... 'မသွယ်သွယ်မိုး သတိုးကိုရတာ ကံကောင်းတယ် သိလား ... "

"ဟုတ်လား ... ဒါပေမယ့် နောက်ဆို သူကံဆိုးမှာပါ"

"ဗျာ ... "

"အဲ ... မဟုတ်ပါဘူး ... နောက်လည်း ကံကောင်းမှာလို့"

"အဟဲ ... ဟုတ်တယ်ဗျ ... ဒါနဲ့ ဘယ်တော့ယူမှာလဲ"

"အဲဒါက သိပ်မသေချာ ... "

"ဒီတစ်ပတ်ထဲပေါ့ကွာ ... "

ကျွန်တော်က သူ့စကားကို ဖြတ်ပြောလိုက်သဖြင့် ကျွန်တော့်ကို မျက်စောင်းထိုးကြည့်ပြန်သည်။

"ဘယ်မှာ ဆောင်မှာလဲဟင် ... "

"အိမ်မှာပဲ ဆွမ်းကျွေးမှာ ... "

"ကောင်းတာပေါ့ ... "

"ဆွမ်းကျွေးရင် အကုန်အကျ များနေပါဦးမယ်မောင်ရယ် ရုံးတက်ပြီး လက်မှတ်ထိုးလိုက်တာ မကောင်းဘူးလား"

ကျွန်တော့်ကို အစ္စဲ့တိုက်နေမှန်း သိသည်။

ဇော်လေးတို့ကတော့ မပိန်းတပိန်း ရုပ်ကလေးတွေနှင့် ကျွန်တော်တို့နှစ်ယောက်ကို ကြည့်နေကြသည်။

ကျွန်တော်ကလည်း အကြောမခံနိုင်ပါ ...



www.burmeseclassic.com

www.burmeseclassic.com



"သွယ်ကလည်း ရုံးတက်ပြီး လက်မှတ်ထိုးရင် သက်သေထ ခေါ်ဦး ... ရှေ့နေကခေါ်ဦးနဲ့ အလုပ်ရှုပ်တယ် ... အိမ်မှာ ဆွမ်းကျွေး မယ်ဆိုတော့ ... ဘုန်းကြီးငါးပါးပင့် ... ဥတ္တုဖြွေ ကပ် ... ဟော မောင်တို့တောင် သက်သာသေး ... "

"အင်း ... ဒါလည်း ဟုတ်သားနော် မောင် ... အကုန်အကျ ရှော လူရှော သက်သာအောင် အိမ်ပေါ်ထပ် ဝရံတာကနေ လော် စပီကာနဲ့ တရစ်ကွက်လုံးကြားအောင် ဖိတ်လိုက်ရအောင်လား ... အဲဒါဆို ဖိတ်စာဖိုးလည်း မကုန်တော့ဘူး လိုက်မဝေရတော့ လူလည်း သက်သာတယ် ... "

"အာ ... သွယ်ကလည်း လော်စပီကာဖိုးနဲ့ မိုက်ဖိုးကရှင်း ပေးနေရဦးမယ် ... လမ်းထိပ်မှာ blackboard နဲ့ရေးပြီး ထောင်ထား တော့ ... တွေ့တဲ့လူတိုင်း လာလို့ရတောပ့ါ မဟုတ်ဘူးလား"

ဟင်း ... ဟင်း ... သတိုးစောကို ဒီလိုကြောလို့ ဘယ်ရမလဲ မှတ်ပလား ...

"မင်းတို့ဟာတွေကလည်းကွာ ... တဖြည်းဖြည်း ရက်လည် နဲ့တူနေပြီ ... ကြည့်လည်းလုပ်ဦး ... "

"မင်း မသိပါဘူး ... ရဲထိုက်ရာ ... ဒါ ... ခြွေတာတယ်လို့ ခေါ်တယ်ကွနော် ... သွယ် ... "

"ဟုတ်တာပေ့ါ မောင်ရဲ့ ... သွယ်က ချွေချွေတာတာနဲ့ပဲ





မောင့်အတွက် မင်္ဂလာဆွမ်းကျွေးကြရင်ဝတ်ဖို့ စွတ်ကျယ်တွေ တောင် ဝယ်ထားသေး ... တစ်ထောင်ဖိုး (၃)ထည်လေ ... ဈေး တောင် များသွားလား မသိပါဘူး မောင်ရယ် ... "

"ဟာ ... ရတယ် ... သွယ် ... ကိစ္စမရှိဘူး ... ပုဆိုးလည်း ဝယ်မနေနဲ့ သွယ် ... ဖေဖေရုံးသွားရင်ဝတ်တဲ့ ပုဆိုးပဲ ယူဝတ်လိုက် မယ် ... သွယ်လည်း ဝယ်မနေနဲ့တော့ မေမေနဲ့ ဖေဖေ မင်္ဂလာ ဆောင်တုန်းက အင်္ကျီ ခုထိ မေမေသိမ်းထားတယ် ... အဲဒါပဲ ဝတ် လိုက်နော် ... လိမ်မာတယ် ... အဲ ... ဒါပေမယ့် မေမေ့ မင်္ဂလာဦး ထမီက ... အနောက်တည့်တည့်မှာ ပေါက်နေတယ်ဆိုလားပဲ ... ပြန်ဖာလိုက်ပေ့ါကွာ ... "

"အဟင်း ... ရပါတယ်မောင်ရယ် ... လေဝင်လေထွက်ရ တာပေ့ါ ... "

ကျွန်တော်နဲ့သွယ်သွယ်မိုးစကားကို နားမလည်စွာ ခေါင်း တွေ ကုပ်နေကြတော့သည်။

လင်းနေက ...

"သတိုး ... မင်းအမေ အင်္ကျီကြီးက တူနဲ့တော်ပ့ါမရားကွာ"

"အေးလေ ... တော်ကြာ ငါတို့က မင်္ဂလာဆောင်လာတာ ဘိုးဘွားရိပ်သာ ရောက်နေတယ် ထင်ရဦးမယ် ... ဖိုသီဖတ်သီကြီး ဖြစ်နေမှာပေ့ါ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွာ ... သိပြီး ဝတ်လိုက်ပေါ့နော် ... သွယ် ဟဲ ဟဲ"

"ဒါပေါ့ မောင်ရဲ့ ... ရပါတယ် ... ဒါလေးများ ... "

"ဒါနဲ့လေ ... ဟဲ ဟဲ ... "

ဇော်လေးက မပြောဘဲ ရယ်နေသဖြင့် ကျွန်တော်တို့အားလုံး သူ့ကို ကြည့်မိသည်။

"ဘာလဲ ... ပြောလေ"

"ဟဲ ဟဲ ... bachelor night ကျရင် နည်းနည်းပါးပါး ... ဒါလေး မပါဘူးလား ... "

ဇော်လေးက လက်ညှိုးထောင်ကာ ပါးစပ်နားတော့ပြသဖြင့် ဘီယာတိုက်နိုင်းမှန်း ကျွန်တော်သိလိုက်သည်။

"ဩော် ... အဲဒါလား ... အဲဒါပါတာပေါ့ကွ ... "

"ဘာလဲဟင် မောင် ... ဩော် ... သွယ်သိပြီ ... ပါတာပေါ့ ကိုဇော်လေးရဲ့ ... "

"တကယ်လား ... အပေါ့ ပေါ့"

"အင်း ... တကယ် ... ဖေဖေကလည်း လုပ်ပေးမှာပါ"

"ဟာ ... မိုက်တာပေါ့ ... "

"အဲဒါကတော့ ပါရမှာပေါ့ ... "

"ဒါပေါ့ ... ဒါပေါ့"





"မဟုတ်ဘူးလား ... နမို့ဆို ထမင်းစားပြီးရင် နင်နေမှာပေါ့ အဲဒါကြောင့် ... ဖေဖေက လိမ္မော်ရည် ပုလင်းကြီးတွေ ဝယ်ပေးမယ်တဲ့ ... "

"သေလိုက်ပါတော့ကွာ ... "

အခုတော့လည်း အတိုင်အဖောက် အတွဲအစပ် ညီလွန်းတဲ့ ချစ်သူစုံတွဲတွေလိုပါပဲလေ ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

တကယ်ပင် ...

ကျွန်တော်တို့ မင်္ဂလာဆွမ်းကျွေးကို အိမ်မှာပဲ လုပ်ဖြစ်သည်။

မနက်စောစောထရသဖြင့် ကျွန်တော့်မျက်နှာလေးက မှောက်ခေါင်းလေးလား မှတ်ရသည်။

ဇော်လေးတို့ ရဲထိုက်တို့လည်း ရောက်လာကြသည်နှင့် ကျွန်တော် သူတို့ဘေးသွားထိုင်လိုက်သည်။

"ဟေ့ကောင် ... တော်သေးတာပေါ့ကွာ ... တကယ်ပဲ စွတ်ကျယ်နဲ့များ မင်္ဂလာဆောင်တာလားလို့ ... "

"မေမေ ... ဆင်ပေးလို့ကွ ... ငါ့သဘောနဲ့ငါဆို စွပ်ကျယ်ပဲ ဝတ်တယ် ... နော် ... သွယ် ... "

"အင်း ... "

ကျွန်တော် စစ်ကူတောင်းလိုက်သဖြင့် သူမပါ ခေါင်းညိတ်





ပြသည်။

ဇော်လေးက လေသံတိုးတိုးဖြင့် ကျွန်တော့်နားကပ်ကာ

"တစ်ပိုင်းနော် တစ်ပိုင်း ... "

"အေးပါကွာ ... "

သွယ်သွယ်မိုးတစ်ယောက် မသိမသာနှင့် ကျွန်တော့်ကို မျက်စောင်းထိုးလိုက်သည်။

ဆွမ်းကျွေးပြီးတာနဲ့ အိမ်မှာ အလုပ်ရှုပ်နေကြသည်။

ကျွန်တော့် အစ်မကြီးလင်မယားနဲ့ မလတ်လင်မယားတို့ လည်းရှိနေသဖြင့် ကျွန်တော် အခန်းထဲဝင်ကာ ခုတင်ပေါ် လှဲမည် ဟု ကြံရွယ်နေတုန်း ဖေဖေက ...

"ဟေ့ကောင် ... မင်း အခု အရင်လို ဗလွတ်ရွတ်တ လုပ်နေရမယ့် အရွယ် မဟုတ်တော့ဘူးနော် ... နောက်ပြီး ထက်အောင်က သူ့သမီးနဲ့ မင်းနဲ့နေဖို့ သီးသန့်အိမ်တစ်လုံး ဝယ်ထားတာ ... အဝတ် အစားတွေ တစ်ခါတည်းထည့်ထား ပြီးရင် သွားရမှာ ... ဟိုမှာ ပရိဘောဂ အစုံထည့်ထားတယ်တဲ့ ... "

"ဗျာ ... ဟာ ... ဖေဖေကလဲ ... "

"ဖေဖေကလည်း မလုပ်နဲ့ ... သွားရမှာပဲ"

"သွားမှာပေါ့ ... ခုချက်ချင်းတောင် သွားလိုက်ချင်သေး"

"အေး ... လိမ်လိမ်မာမာတော့ နေနော် ... မနက်ဖြန်ကျရင်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုလာခဲ့ဦး ... သမီးကိုပါခေါ်လာခဲ့ ... ပြောစရာရှိတယ်"

"ခုပဲ တစ်ခါတည်း ပြောလိုက်ပါလား ဖေဖေရာ ... "

"အထွန့်မတက်နဲ့ ... သွား အဝတ်အစားတွေ သွားပြင်"

"ဟူး ... "

ကျွန်တော် အခန်းထဲဝင်ကာ ဗီရိုထဲမှ အင်္ကျီများကို ခရီးဆောင်အိတ်ထဲ ထည့်လိုက်သည်။

သွယ်သွယ်မိုးကတော့ သူ့အဖေ အမေနှင့် စကားပြောနေပုံရသည်။

ခဏနေမှ အခန်းထဲဝင်လာပြီး ...

"ခဏလာဦး ... ကန်တော့မလို့ ... "

"ညအိပ်ခါနီးမှ ကန်တော့လေကွာ ... ခု မအားသေးဘူး"

အောင်မာ မျှော်လင့်နေသေး ...

"ရှင့်ကို ကန်တော့ဖို့ မဟုတ်ဘူး ... ဖေဖေနဲ့ မေမေကို ကန်တော့ဖို့ ... "

"အဲလို ရှင်းရှင်းပြောပါလား ... "

ကျွန်တော် အဝတ်အစားများကို ဘေးချကာ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

နှစ်ဖက်မိဘများကို ကန်တော့ပြီး ဖေဖေကလည်းမှာသည်။

သွယ်သွယ်မိုး အမေကတော့ မျက်ရည်ဝဲရုံသာ ဝဲနေသည်။





အိမ်သစ်ကို မသွားခင် ဖော်လေးတို့ကို လိပ်စာပေးခဲ့ပြီး ညကျရင် လိုက်လာရန် မှာလိုက်သည်။

ကျွန်တော်တို့ အိမ်နှင့်သိပ် တော့ ဝေးမနေပါ ... သွယ်သွယ်မိုး အဖေက အိမ်ထဲထိ ဝင်ကြည့်ပြီး ...

"ဒီအခန်းမှာ အိပ်ကြပေါ့ ... ရှေ့က ဘုရားခန်းလုပ်လိုက်၊ အနောက်က မီးဖိုချောင်ထဲ ပစ္စည်းတော့ ဝယ်ထည့်ရမယ် ... ခု မဝယ်နဲ့ဦး ... နောက်မှ ဖေဖေတို့ ဝယ်ပေးမယ် ... "

"ဟုတ် ... "

"ကဲ ... ဒါဆို သီဟစောရေ ငါတို့သွားရအောင် ... "

"အေး ... ဟိုကောင် ငါမှာထားတယ်နော်"

"သိပါတယ် ဖေဖေရာ ... "

"အေး ... သိလည်းပြီးရော"

ကျွန်တော် ခြံရှေ့ထိ လိုက်ပို့ပေးပြီး ဖေဖေမှာသမျှကို ပုတ်သင်ညိုအလား အကြိမ်ကြိမ် ခေါင်းညိတ်ကာ ကတိပေးခဲ့ရသည်။

"ဗျူး ... မောလိုက်တာကွာ ... "

"အဟင့် ... အဟင့် ... "

"ဟင် ... ဘာလို့ ငိုနေတာလဲဟ"

"မေမေ့ကို သတိရလို့"

"သတိရရင် ခုနထဲက မင်းအဖေကားနဲ့ လိုက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး ... "

"ရမလားလို့ ... အပြောခံရမှာပေါ့ ... "

"အေး ... ဟုတ်သား ... မင်းအခု ငါ့မိန်းမဖြစ်ပြီနော် ... အဟီး ... "

ဘာလိုလိုနဲ့ သတိုးတို့တောင် ပျိုရာမှ အိုရပြီကိုး ...

"ရှင်နော် ... ကတိမဖျက်နဲ့ ... "

"မဖျက်ပါဘူး ... အမည်ခံလေးပါပဲ ... "

"ဟွန့် ... "

"ကဲ ... ကဲ အဝတ်အစားတွေ စီပေးဦးကွာ"

"ကိုယ့်ဘာသာ စီပါလား ... "

"ဟ ... မင်းက လုပ်ပေးရမှာပေါ့ကွ ... မင်းက ငါ့မိန်းမလေ"

"ရှင့်မှာ လက်မပါဘူးလား ... "

"ဟာ ... မင်းအမေက မယားဝတ္တရား မသင်ပေးလိုက်ဘူးလား ... အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြည့်ရှောင်၊ လျှော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာတဲ့ကွ ... နားလည်လား"

"သိတယ် ... သိတယ် ... အဲဒါတွေက စာအုပ်ထဲမှာရှိတာ"

"နားမလည်ဘူး ... သိရင် သွားလုပ် ... "





"ကျွန်မက ရှင်နဲ့တူတူ အိပ်မှာမှ မဟုတ်တာ ဟိုဘက်ခန်းမှာ အိပ်မှာ ... ရှင့်အခန်းထဲ ပစ္စည်း ရှင်စီပေါ့ ... "

"ဟာ ... ဒါ ... ဒါ ... ဟင်"

ကျွန်တော့်ကို ဘောက်ဆတ်ဆတ်နှင့်ပြောပြီး အခန်းထဲ အထုပ်ဆွဲဝင်သွားတော့ သူ့ကိုကြည့်ရင်း ကိုယ့်ကိုယ်ကိုသာ ဒေါသထွက်မိတော့သည်။

ကိုယ့်ခေါင်းကိုယ်ထုကာ ...

"ယားချင်ဦးဟာ ... ယားချင်ဦး ... ဒီပါးစပ် ... "

အချိန်က(၃)နာရီ ရှိနေပြီ ... ကျွန်တော် ရောက်ကတည်းက အိမ်ရှေ့မှာ ထိုင်နေသည်။

သူကလည်း အိမ်ရှေ့ထွက်မလာပါ။

လက်ထဲမှ နာရီက တစ်ချက်ချက် ရွှေ့လာလေလေ ... ဗိုက် ထဲ တကျုတ်ကျုတ်နှင့် ဆာလာလေလေ ဖြစ်သည်။

ကျွန်တော် လက်ဖွဲ့ပစ္စည်းများကို ခွကျော်ကာ သူဝင်သွားသော အခန်းကို သွားခေါက်လိုက်သည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

"ဘာလဲ ... "

"ဘာလုပ်နေလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်လုပ်ပေါ့ ... "

"အပြင်ထွက်လာခဲ့ဦး ... "

"ဘာကိစ္စလဲ ... "

"ငါ ဆာနေပြီ ... "

"ဘာ ... "

"ဗိုက် ... ဗိုက် ဆာနေပြီလို့"

"အဲဒါ ... ကျွန်မက ဘာလုပ်ပေးရမှာလဲ"

"အပြင်မှာ ထမင်းသွားစားမယ်လေ ... "

"မဆာဘူး ... "

"မင်း မဆာပေမဲ့ ငါဆာနေပြီကွ ... "

"ဆာရင် သွားစားပေါ့ ... "

"ကဲ ... လာပါကွာ ... မင်းကလည်း မင်းလည်းဆာနေမှာပဲ ... လာ ... "

သူမက တံခါးကိုဖွင့်လိုက်ပြီး လက်ထဲမှ ပေါင်မုန့်ကို ကျွန်တော့်ထံ လှမ်းပေးသည်။

"ဟာ ... ဩော် ... မင်းကတော့ အထဲမှာ စားနေတယ်ပေါ့ ... ကိုယ့်ယောကျ်ားက အိမ်ရှေ့မှာ ငတ်နေတော့ နေနိုင်တယ်ပေါ့လေ ... "





"ရှင်မှ လာမတောင်းစားပဲ ... "

"သိမလားကွ ... နောက်ပြီး ငါက တောင်းစားရမှာလား"

"ကိုယ့်ဟာကိုယ်သိပေါ့ ... ရှေ့လေ ... "

"ထမင်းပဲစားချင်တာ ... "

"ဒါဖြင့်လည်း သွားစားလေ ... ကျွန်မ နေခဲ့မယ်"

"မင်းအိတ်ထဲမှာ ပိုက်ဆံတွေက ... "

"ဘယ်လောက် ယူမှာလဲ ... "

"နှစ်သောင်းလောက် ... "

"ဘာ ... ရှင်က နှ ထမင်းသွားစားမှာလား ... KTV သွားမှာလား ... "

"ဟ ... ဒီည ဖော်လေးတို့ကို ဘီယာတိုက်ရမယ်လေကွာ"

"ရှင် ... ပိုက်ဆံရော ... "

"ငါ့ အိတ်ထဲမှာ ... "

"အဲဒါ ... ယူသွားပါလား"

"မင်း မနက်ဖြန်ကျရင် ထမင်းမစားတော့ဘူးလား"

"ဖွန်း ... ရှေ့ ... ရှေ့"

"ဒါနဲ့ ... နေရပါတယ်နော်"

"ကျွန်မ ကလေးမဟုတ်ဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



"ကလေး မဟုတ်တာ သိသားပဲ ... လာပြောမနေနဲ့ ... သရဲ မကြောက်တတ်ရင်တော့ နေခဲ့ပေါ့ ... "

သူမရဲ့ နဂိုပြူးမျက်လုံးက အနည်းငယ်ဝိုင်းသွားသည်။

"ရှင်နော် ... လာ မခြောက်နဲ့"

"မခြောက်ပါဘူး ... အခွေတွေထဲမှာ မတွေ့ဘူးလား ... အခန်းအပြင်က လမ်းလျှောက်နေတာကို ဂါဝန်ဖြူကြီးနဲ့ ဆံပင်ဖျားလျားချပြီး ခေါင်းကြီးငိုက်ငိုက်နဲ့ ... "

"တော်တော့ ... "

သူမက တံခါးကို ပိတ်လိုက်သဖြင့် ကျွန်တော်အပြင်မှ ထပ်စလိုက်သည်။

"အေး ... Rain ကားထဲကလိုမျိုး ရေတွင်းကြီးက ဒီခြံထဲမှာ ရှိတယ်နော် ... လာတုန်းကတွေ့မယ် မဟုတ်လား ... TV တော့ မဖွင့်မိစေနဲ့ ... TV ထဲက လေးဘက်ထောက် ထွက်လာလိမ့်မယ် ဟဲ ဟဲ ... သွားပြီနော်"

ကျွန်တော် 'ဘောင်းဘီရှည်နှင့် အကျီလက်ရှည်လဲကာ ပိုက်ဆံအိတ်ထဲ ပိုက်ဆံနှစ်သောင်းကို ထည့်ပြီး အိမ်ထဲမှ ထွက်လာခဲ့သည်။

ခြံဝ အရောက်တွင် ...





"ဒီမှာ ... "

ကျွန်တော့်ကို သူက တံခါးပေါက်မှ လှမ်းခေါ်သည်။

တစ်ခါမှ မမြင်ဖူးသေးသော ဂျင်းဘောင်းဘီရှည်နှင့်မို့ ကျွန်တော် ကြည့်နေမိတာကိုတော့ ပန်ခံသည်။

မျက်စိထဲလည်း ကြည့်ကောင်းနေသည်မို့ ...

"ဒီမှာလို့ဆို ... "

"ဩော် ... အေး ... ပြောလေ"

"ကျွန်မလည်း လိုက်မယ် ... "

"ဟာ ဟ ... ထင်သားပဲ"

"မရယ်နဲ့ ... "

ကျွန်တော်နဲ့သူ လမ်းတဝက်ထိ လျှောက်လာခဲ့ပြီး ထမင်းဆိုင်တစ်ဆိုင်တွင် ဝင်ကာ မှာလိုက်သည်။

"မင်းက ... သရဲတော့ ကြောက်တတ်သားပဲ ... ဒီပြင်နေရာ မှာသာစွာတာ ... "

"မိန်းမပဲရှင့် ... ဘာဆန်းလဲ ... "

"မိန်းမတိုင်းလည်း မဟုတ်ပါဘူးကွာ ... "

"ရှင်ကရော မကြောက်ဘူးလား ... "

"ကြောက်စရာလားကွ ... ငါ ကြောက်တာဆိုလို့ အခုပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ် ... ”

“ဘာလဲ ... ”

“မိန်းမတွေ ဖောက်ပြန်မှာ ... ”

“ဟင်း ... ရှင်က ဒါကျတော့ ကြောက်တတ်သားပဲ”

“ကြောက်တာပေါ့ကွ ... သြော် ငါညကျရင် ဇော်လေးတို့နဲ့ ဘီယာသွားသောက်မှာ လိုက်မလား ... ”

“လိုက်စရာလား ... ”

“မင်း နေရဲလို့လား ... ”

“နေရဲ ... အဲ ... ရှင် မသွားပါနဲ့လား”

“ဟာ ... မရဘူးလေ’ ... အစောကြီးထဲက ကတိပေးထားတာ”

“ ... ”

“အဲဒါကြောင့်, မင်းကိုလိုက်ခဲ့လို့ပြောတာပေါ့ ... ”

“အဲဒါဆိုရင် ... ဒီအိမ်မှာ သောက်ကြလေ ... ”

“အဲလို လုပ်လို့မရဘူးကွ ... ငါတို့ ကိစ္စတွေပေါ်ကုန်မှာပေါ့”

“အဲဒါလည်း ဟုတ်သား ... အို ... မသိဘူး ... ရှင် မသောက်ရဘူး ... ”

“ဟာ ... မင်း အဲဒါတော့ မကောင်းဘူးကွာ ... ဒါဖြင့် ဒီလို





လုပ် ... မင်း ... ငါ့အခန်းထဲမှာ လာအိပ် ... ”

“ဘာရှင့် ... ရှင်ကတိ ဖျက်တာလား”

“နားထောင်ဦးလေ ... ငါ့အခန်းထဲမှာ ခွဲအိပ်ကြတာပေါ့ ဒီတစ်ညထဲပဲ ... ”

“အင်းလေ ... ပြီးတာပဲ ... ရှင့်ကို ယုံရဖို့ပဲ အရေးကြီးပါတယ် ... ”

“အိုကေ ... ဒါဆို အပြန်ကျရင် ငါဝယ်သွားလိုက်မယ် ... မူးရင်တော့ ငါ့ကတိကို တည်နိုင်ပါ့မလားမသိ ... ”

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၉)

ကျွန်တော် ဘီယာပုလင်းများ အမြည်းများဝယ်ကာ တိုက်ခန်းသို့အလာ ဇော်လေးတို့နှင့် သွားတိုးတော့သည်။

"ဟေ့ကောင် ... ဘာတွေလဲ ဒါက ..."

"အိမ်မှာ သောက်မယ်လေကွာ ..."

"မင်းကလည်း ဆိုင်မှာသွားသောက်မှ လေပေါရင်းနဲ့ပျော်ရမှာ"

"ငါ့မိန်းမ တစ်ယောက်ထဲကွ ... သရဲကြောက်လို့ မနေရဲဘူးဟဲ့ ..."

"ဒါဖြင့်လည်း ခေါ်လာလေကွာ ..."

"အာ ... မလုပ်ပါနဲ့ကွာ ... မင်းကလည်း"

"အေးလေ ... ဇော်လေးကလည်းကွာ ... သူလည်း ဝယ်ပြီးနေပြီပဲ ..."





ကျွန်တော်နှင့်ဇော်လေးကို သွယ်သွယ်မိုးက လှည့်ကာကြည့်သည်။

ဇော်လေးက လေသံတိုးတိုးဖြင့် ...

"သတိုး ... မင်းမိန်းမက မင်းကိုစိတ်မချလို့ အဲဒါ အကြောင်းပြတာကွ ... မင်း သဘောပေါက်ထား"

"သူ သရဲကြောက်လို့ပါကွာ ... အဲဒါတော့ ငါယုံတယ်"

"မင်းက ယုံလား ..."

"ကဲပါဇော်လေးရာ ... သူများ လင်မယားနှစ်ယောက်ကို ကျပ်ပေးမနေစမ်းပါနဲ့ ..."

ရဲထိုက်က ပြောလိုက်သဖြင့် ဇော်လေး ဆက်မပြောတော့ အိမ်ထဲကို သွယ်သွယ်မိုးက မဝင်သေးဘဲ ခြံထဲမှရေတွင်းကြီးကို ကြည့်နေသည်။

ကျွန်တော့ မထိန်းနိုင်တော့သဖြင့် ...

"အဟီး ..."

"ဘာရယ်တာလဲ ..."

"ဩော် ... သရဲတွေ့ချင်လို့များ မျှော်နေသလားလို့"

"အဟင့် ... ရှင်နော်"

"ဒီကိုလာ ... အဲဒီထဲက တကယ်ထွက်လာလိမ့်မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟွန့် … သူပြောတိုင်း ယုံမယ်မှတ်မနေနဲ့ … "

ကျွန်တော့်ကိုခြေဆောင့်ကာ ဝင်သွားသော သူမကို ကြည့်ရင်း ရယ်သည်။

တစ်ခါတစ်ခါတော့လည်း သူက ကျွန်တော့်မျက်စိထဲ ချစ်စရာကောင်းသည်။

※

အကုန်လုံး မူးသွားသော်လည်း လင်းနေတစ်ယောက်က ခေါင်းထောင်နေဆဲ … ကျွန်တော့်မှာ သူ့အပီမှောက်ဖို့ကို အတည်သောက်ပြနေရသည်။

"ချယ်နှစ်နာရီ ထိုးနေပြီကွ … "

"အေး … မင်းလည်း သောက်နိုင်တယ်နော်"

"ဗိုက်တော့ လေးနေပြီကွဲ … မင်း သွားအိပ်ချင်အိပ်ရွှေလေကွာ … "

"အေး … ဟိုကောင်တွေတော့ မှောက်ကုန်ပြီ … "

"Good Luck သတိုးအောင်မြင်ပါစေ … "

"အေး … Good Luck သူငယ်ချင်း"

ကျွန်တော် မူးလို့ မဖြစ်ပါ … မူးနေရက်နှင့် ပါးစပ်ထဲ သံပုရာသီးကိုက်ကာ အခန်းတံခါးခေါက်လိုက်သည်။





"ဒေါက် … ဒေါက် … ဒေါက်"

" … "

"သွယ် … သွယ်"

"ဒီမှာလေ … ဘယ်ကိုသွားခေါက်နေတာလဲ"

"အမ် … ဩော် … ဟော် အခန်းမှားပြီး သွားခေါက်တာပဲ ဟီး ဟီး … "

"ရယ်မနေနဲ့ … အမြင်ကပ်တယ် … "

ကျွန်တော် အခန်းထဲဝင်လိုက်သည်နှင့် သူက မျက်စောင်းကြီးထိုးကာ …

"သောက်လည်းသောက်နိုင်တယ် … တကယ်ပဲ မပြီးနိုင်မစီးနိုင် … "

အဘွားအိုလေးလို မြည်တွန်တောက်တီးသည်။

"ဒါတောင် လျှော့သောက်ထားတာ … "

"ဒီမှာ … ရှင့်အိပ်ရာက … "

"ဩော် … အင်း"

ကျွန်တော့်အတွက် သူက ခုတင်ပေါ်မှာ ကျကျနနခင်းထားသည်။

"မင်း … မင်းရော … "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဒီအောက်မှာ အိပ်မယ်"

"ဟိုခုတင်ပေါ်မှာ အိပ်ပါ ... ငါ အောက်မှာအိပ်မယ်"

"မလုပ်ပါနဲ့ ... ကျွန်မ ငရဲကြီးမှာပေါ့ ... "

"ငရဲထက် ပိုအရေးကြီးတာရှိတယ် ... ငါလိုမ့်ရင် ခုတင်အောက် ပြုတ်ကျပြီး နှစ်ပါးသွားကမိနေမှာစိုးလို့ ... "

ကျွန်တော့်စကားကြောင့် သွယ်သွယ်မိုးခမျာ ... နှစ်ခါမပြောလိုက်ရ ဖျတ်ခနဲ ခုတင်ပေါ်တက်ကာ စောင်ခြုံပြီး နေလိုက်သည်။

ကျွန်တော် ထိုခုတင်အောက်မှ စလိုက်သေးသည်။

"သွယ် ... "

"ဘာလဲ ... "

"ငါ ... အခုနေ ခုတင်ပေါ်တက်လာရင် မင်းဘယ်လိုလုပ်မလဲ ... "

"ရှင်နော် ... "

"မေးကြည့်တာပါ ... မတက်ပါဘူး ... ဘာလုပ်မလဲဟင်"

"ကျွန်မ အော်လိုက်မှာနော် ... "

"အင်း ... မင်းအော်လိုက်လို့ကတော့ ဟိုကောင်တွေ ဒီအခန်းရှေ့ပြုပြီး ရောက်လာမှာပဲ ... "



"ရှင် အိပ်မှာမဟုတ်လား အိပ်တော့ နားငြီးတယ် ... ရစ်မနေနဲ့တော့ ... "

"မင်း ... ငါ့ကို မကန်တော့ဘူးလား"

"ကန်တော့ပြီးပြီ ... "

"ဘယ်တုန်းကလဲ ... "

"စိတ်ထဲက ... "

"ဟာ ... စိတ်ထဲက မကန်တော့ရဘူးလေ ... အခုကန်တော့ ခုတင်ပေါ်ကနေ ကန်တော့ ... "

"ရှင် ... ရူးနေလား ... ကန်တော့မဲ့လူက ခုတင်ပေါ်တက်ပြီး ကန်တော့ခံမဲ့လူက အောက်ကနေလို့ ရမလား ... "

"အေး ... ဒါဆို ခုတင်ပေါ်တက်လာပြီ ... "

"ရှင်နော် ... "

"မင်း ... အောက်ကို ဆင်းလေကွာ"

"ရှုပ်နေတာပဲ ... "

ကျွန်တော် မမူးတမူးနဲ့ ခုတင်ပေါ် ငုတ်တုတ်ထိုင်လိုက်သည်။

"ဟော့ ... ဟော့ ... ပေါက်ဆိန်ပေါက် မပေါက်နဲ့"

"ကန်တော့နေတာပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကောင်းမွန်မွန်ကန်တော့ ဆုတောင်းပေးမယ်"

"မွေးမွေးနဲ့ပေးတဲ့ဆု ပြည့်မှာမို့လို့လား ... "

"ပြည့်မှာပေါ့ဟ ... အင်း ... အခုလို ကိုယ့်ယောက်ျားကိုယ် သိတတ်တဲ့ ... အတွက် ယောက်ျားနဲ့ အတူ ... "

"မြန်မြန်ပြောပါ အိပ်ချင်နေပြီ ... "

"အဟမ်း ... ကလေးတစ်ဒါဇင်မွေးပြီး ပျော်ရွှင်နိုင်ပါစေ"

"ဟာ ... ရှင်"

"ပြောလေကွာ ... ပေးတဲ့ဆုနဲ့ ပြည့်ပါစေလို့ ... "

"မပြောဘူး ... "

"မပြောရင် ... ငါ ခုတင်အောက်ဆင်းလာမှာနော်"

"ရှင် ... ပြောလေ ကလေပါလား"

"ငါ ... အောက်မှာ အိပ်မလို့လေကွာ ... အဲဒါကြောင့် ဆင်းလာတာပါလို့ ... "

"ဟွန့် ... "

ကျွန်တော် ခုတင်အောက်သို့ လေးဘက်ထောက်ဆင်းကာ ပစ်စလက်ခက်အိပ်လိုက်သည်။

နောက်ပိုင်းတော့ အိပ်ပျော်သွားသလားပဲ ... မသိတော့။

အိပ်မက်ထဲ ဘရစ်တနေစပီးယား တောင်မလာတော့ ...



ကော့ ကျွန်တော် မိန်းမ ယူလိုက်ဖို့ စိတ်ဆိုးသွားပုံပဲ ... သနားပါ ရဲ့ဗျာ။

❦

နားထဲ ကြွတ်စိ ကြွတ်စိဖြင့် ညံနေသည်။

ကျွန်တော် ထုံးစံတိုင်း စားပွဲပေါ်မှ နာရီကိုလှမ်းရှာတာ မတွေ့ ...

မျက်စိလည်း မဖွင့်ချင် ခြေထောက်နှင့် စောင်ကိုဖယ်လိုက်ပြီး အားပါးတရ ဘေးကိုလိမ့်ချလိုက်သည်။

"ခွပ် ... "

"အောင်မလေးဗျ ... သေပါပြီ"

"ဟင် ... ဘာဖြစ်တာလဲ"

ကျွန်တော့်ခေါင်းကို လက်နှင့်ဖိရင်း မျက်စိကိုပြူးကြည့်လိုက်သည်။

ကျွန်တော် ခုတင်ခြေထောက်နှင့် မိတ်ဆက်သွားသဖြင့် သွယ်သွယ်မိုးက ...

"ဘယ်လိုဖြစ်တာလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"တိုက်မိတာလေ မတွေ့ဘူးလား ..."

"နိုးရင်လည်း ထတော့ ... ရှင့်သူငယ်ချင်းတွေကို နှိုးဦး ... ကျွန်မ မနက်ငါးနာရီထဲက ဘုရားထရှိခိုးမလို့ ... ရှင့် သူငယ်ချင်းတွေက ဘုရားစင်အောက်မှာ တုံးလုံးပက်လက်တွေ ..."

"ကျွတ် ... မင်း အလုပ်ကိုထားဦး ... ဒီမှာ ငါ့ခေါင်းကိုလာကြည့်"

သူက ကျွန်တော့်နား ဒူးထောက်ကာ လက်ကိုဖယ်ပြီး ကြည့်လိုက်သည်။

"ရှင် ... အဲဒါ ဝင့်လည်းတာပဲ"

"ဘာလဲ ... ဘာပြောတာလဲ"

"ဟုတ်တယ်လေ ... ရှင့်အဖေကို ပန်းအိုးနဲ့ပစ်ချတာလေ"

"ဟာ ... အဲဒါ မတော်တဆကွ ..."

"ခုလည်း မတော်တဆပဲလေ ... ဘယ်သူက ရှင့်ခေါင်းကို ခုတင်ခေါင်းနဲ့ ဆောင့်နေလို့လဲ ..."

"အဟမ်း ..."

အခန်းဝမှရပ်နေသော ဇော်လေးကို ကျွန်တော်တို့နှစ်ယောက် လန့်သွားသည်။

သွယ်သွယ်မိုးက ချက်ချင်းပုံစံပြောင်းလိုက်ကာ ...





"မောင်ကတော့လေ ... တကယ်ပဲ ခုတင်ပေါ်ကပြုတ်ကျရတယ်လို့ ..."

"အဟင်း ... သွယ့်ကို လှမ်းဖက်လိုက်တာ ... အရှိန်လွန်ပြီးကျသွားတာလေ ... ဘယ်လဲဇော်လေး ..."

"အိမ်သာ ..."

"ဒီက တည့်တည့်သွားလေကွာ ..."

"မသိလို့ပါကွာ ..."

"အိမ်သာပဲ နောက်ဖေးမှာရှိမှာပေါ့ကွ ... အိမ်ရှေ့မှာထားမလား"

"ဆောရီး သားကြီးရေ ဆောရီး ... ဘာမှ မဟုတ်ဘူး စပ်စုတာ ..."

"ကဲ ... ထပါ ... မျက်နှာသစ် ... ဒီမှာ ကျွန်မကော်ဖီဖျော်ထားတယ် ..."

"လီမွန်တီးလေး ဖျော်ပေးပါလားကွာ ..."

"သွားဝယ်လေ ..."

"မင်းကလဲ ..."

"ဟုတ်တယ်လေ ... ရှိတာဖျော်တာပဲ ... မသောက်ချင်လည်း ပြော ... တခွက်လျှော့ထည့်လိုက်မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ … လုပ် … လုပ် … မင်းသဘောတိုင်းပဲ"

ခုတည်းက သွယ့်သဘောဖြစ်နေပြီ … ။

အခန်း (၁၀)

ကျွန်တော် ရေချိုးလိုက်ပြီး ဇော်လေးတို့ကို ကားဂိတ်လိုက်ပို့ပေးလိုက်သည်။

အိမ်ကိုလည်း ဒီနေ့မလာဖြစ်သေးကြောင်း ထပ်ဆင့် မှာလိုက်ရသည်။

ဘယ်လို မနက်စာ စားပြီး ဘယ်လိုနှစ်ပါးသွား ရမှန်းတောင် မသိတော့ … အိပ်ကပ်ထဲ ထည့်လာသော ပိုက်ဆံ တစ်ထောင်ဖြင့် တွေ့ရာဈေးထဲ ဝင်လိုက်သည်။

"ကဲ … ရော့ … အဲဒါတွေချက် … "

"ဟင် … ပဲသီးနဲ့ ခရမ်းသီးတွေ"

"အေးလေ … "

ကျွန်တော်ကို စူပုတ်ပုတ် မျက်နှာသေးနှင့် မော့ကြည့်သည်။

"ဘာလဲ … မင်းမချက်တတ်ရင်လည်း ငါချက်မယ် … "



www.burmeseclassic.com

www.burmeseclassic.com



"ရှင်စားတတ်ရင် ပြီးတာပဲ ... ကျွန်မ ချက်တတ်သလို ချက်ပေးမယ်လေ ... "

"ဗိုက်ပြည့်ရင် ပြီးတာပဲ ... ချက်သာချက်"

"ပြီးတာပဲလေ ... "

"ငါ ဘာကူပေးရဦးမလဲ ... "

"ရတယ် ... "

"ရတယ်ဆိုလည်း ပြီးတာပဲ ... ပဲသီးက ဘဲဥနဲ့ကြော်မှာနော် ရေနဲ့မပြုတ်လိုက်နဲ့ဦး ခရမ်းသီးကိုနပ် တစ်တုံးတစ်တုံးကို အနေတော်လောက်ပဲလှီး ... "

"သိတယ် ... "

"အေး ... ငါ အိမ်ရှေ့မှာရှိတယ် ... "

"နေဦး ... "

"ပြော ... "

"ဒီမှာ ... ဒယ်အိုးကတစ်အိုးထဲ ရှိတယ်"

"ကြည့်ကျက်လုပ်လိုက်ကွာ ... ဆန်လည်းနည်းနည်းဝယ်လာတယ် ... လက်ဖွဲ့ထဲမှာ ပေါင်းအိုးပါမယ်ထင်တယ် ... ဖောက်လိုက်"

ကျွန်တော် အိမ်ရှေ့ထွက်လာကာ ဆေးလိပ်ဗူးကိုဖောက်





လိုက်သည်။

မီးညှိပြီး သောက်ရန် ပြင်နေတုန်း ...

"ဒီမှာ ... "

"ပြော ... "

"ဆန် ဘယ်နှစ်လုံးဝယ်လာလဲ ... ဘယ်နှစ်လုံးချက်ရမှာလဲ ... "

"လေးလုံး ... နှစ်လုံးခွဲလောက်ပဲချက် ... "

"လောက်လား ... "

"မလောက်လည်း ဝယ်စားမယ် ... ပိုလည်း မနက်ဖြန် ထမင်းကြော် ... "

"ရှင် ... ကျွန်မပိုက်ဆံ နှိုက်သွားတာလား"

"ဟုတ်တယ် ... "

"ဘယ်လောက်လဲ ... "

"တစ်ထောင်ထဲ ... "

"ဟုတ်ရဲ့လား ... ဆန်က ဘယ်လောက်တန်လဲ"

"မင်းကွာ ... တော်တော်ပဲ ငါ့ကိုတောင် မသဒ္ဒါဘူးလား ဆန်ကတစ်ထောင်တန် ... ဘဲဥ ပဲသီးနဲ့ ခရမ်းသီးက သုံးရာ ... ရှေ့ ဒီမှာ နှစ်ရာပိုတယ် ... ယူသွား ... "



www.burmeseclassic.com

www.burmeseclassic.com



"ဆေးလိပ်ကရော ..."

"ဟိုကောင်တွေ ... လှူလိုက်တာပေါ့ ... လှူလိုက်တာ"

သူက ဘာမှမပြောတော့ဘဲ နောက်ဖေးထဲဝင်သွားမှ ကျွန်တော်ဆေးလိပ်ကို ဖွာလိုက်သည်။

ဘဝက အခုမှ အစပဲရှိသေးတာ ခင်ဗျား ကျွန်တော့်အသိစိတ်ထဲက နောက်ဆံတင်းစရာ လူတစ်ယောက် တိုးလာသဖြင့် ခေါင်းတော့ နည်းနည်းကိုက်ချင်သည်။

အရင်လို စိတ်လွတ်ကိုယ်လွတ်နေရမယ့် အချိန်မဟုတ်တော့ပါ။

ကျွန်တော် မေးခနဲ အိပ်ပျော်သွားသဖြင့် လက်ကိုလာလှုပ်နှိုးမှ နိုးသွားသည်။

သွယ်သွယ်မိုးက ရေချိုးပြီး သနပ်ခါး ပါးကွက်ကြားနှင့် ဆံပင်ရှည်ကြီးကို ဘီးစပတ်ပတ်ထားသည်။

"ထမင်းစားလို့ ရပြီ ..."

"မစားချင်သေးဘူး ..."

"အိပ်ချင်ရင် အခန်းထဲသွားအိပ်ပါလား ..."

"မအိပ်ပါဘူး ..."

"ရှင့်ကြည့်ရတာ အခုမှ လောင်ချိုင့်ထဲက ငုတ်ကျနေတာ





ပဲ ... တမှိုင်မှိုင်နဲ့ ... ကျွန်မနဲ့ ယူလိုက်ရတာ နောင်တရနေလို့လား ..."

"မဟုတ်ပါဘူးကွာ ... မင်းကလည်း နောင်တမရပါဘူး"

"ပြီးတာပါပဲ ... ဒါဆို သဘောတူထားတာ ဖျက်လိုက်ရအောင်လား ..."

"ဘာဆိုင်လို့လဲ ..."

"ဘယ်အချိန်ထိ အဲလိုနေရဦးမှာလဲကွာ ... ငါနေရတာတစ်မျိုးကြီး ဖြစ်နေပြီ"

"အဲဒါတော့ မပြောတတ်သေးဘူး ..."

"ဟင်း ... ဟင်း ... ငါ့နှယ်နော် ... ကံဆိုးလိုက်တာ ... ငါ ကျွမှ မင်္ဂလာဆောင်ပြီး ဘာမှ မဘာရတဲ့ လူဖြစ်နေရတယ်လို့"

"အပိုတွေ မပြောနေနဲ့ ... ဖယ် ... ကျွန်မ လက်ဖွဲ့တွေ ဖောက်မလို့ ..."

"ဖောက် ... ဖောက် ... သွားအိပ်တော့မယ်"

"အားနေ ... ဒါပဲ တော်တော်အားနေတယ်"

"အားတယ်ကွာ ... ဘာဖြစ်လဲ ... အဲဒီ အားနေလို့"

ပြောပြောဆိုဆို ကျွန်တော် သူ့ကို ပွေ့ချီလိုက်သဖြင့် လန့်သွားပုံပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော် ... ကျွန်မကို အခုပြန်ချပေးဆို ... "

"အားနေလို့လေ ... "

"ပြန်ချပေးလို့ ပြောနေတယ် မဟုတ်လား ... "

"နောက်ကို ပြောဦးမလား ... ငါ့ကို အဲလိုမထိတထိ ... "

"အဟမ်း ... အဟမ်း ... "

ကျွန်တော် အိမ်ရှေ့သို့လှည့်ကြည့်လိုက်သည်။

ကျွန်တော့် အစ်မ နွေနွေစောက စတီးချိုင့်နှင့်ရပ်နေသဖြင့် သူ့ကို ပြန်ချပေးလိုက်ရသည်။

ရပ်က စပ်ဖြီးဖြီးနှင့်မို့ အစ်မက ရယ်နေသည်။

"အစ်မ တစ်ယောက်ထဲလား ... "

"အင်း ... ဟုတ်တယ် ... သွယ် ... မေမေ ဟင်းတွေပို့ခိုင်းလိုက်လို့"

"အဟမ်း ... ဒီအိမ်တော့ ရှာတတ်သားပဲ မငယ်က ... "

"ဟဲ ... ငါက ကလေးမှ မဟုတ်ပဲ"

"ထိုင်လေ ... အစ်မ ... "

"လက်ဖွဲ့တွေ မဖောက်ရသေးဘူးလား ... "

"ခုဖောက်မလို့ ... သူပေါ့ ဘာမှန်းလည်းမသိဘူး ... "

"အဟင်း ... အဲလိုလည်း ချစ်ချစ် ခင်ခင် နေမှပေါ့ ... ရှန်





လည်း ဖြစ်မနေနဲ့ဦး ... "

"စိတ်ချ ... မငယ် သွယ့်ကို ကျွန်တော်က အရမ်းချစ်တာ မယုံရင် သူ့မေးကြည့် ... "

ကျွန်တော် သွယ်သွယ်မိုးကိုကြည့်ရင်း ပြောလိုက်သဖြင့် အစ်မက သဘောကျနေပြန်သည်။

ကျွန်တော် သွယ်သွယ်မိုးဘေး နားဝင်ထိုင်လိုက်ပြီး သူ့ကို ရယ်ပြလိုက်သဖြင့် သူကလည်း မပြုံးချင် ပြုံးချင်ဖြင့် ပြုံးပြသည်။

အစ်မက ကြည့်ပြီး ...

"ဩော် ... ငါ့မောင်လေးလည်း ခုမှပဲ လူနဲ့သူနဲ့ တူတော့တယ် ... "

"အာ ... အစ်မကလည်း ကျွန်တော်ကပဲ လူမဟုတ်တာကျနေတာပဲ ... "

"အရင်တုန်းကလို မဟုတ်တော့ဘူးလို့ပြောတာပါ ... ကဲ ဒါဆို ငါပြန်တော့မယ် ... ချိုင့်ကို နောက်မှပဲ အိမ်လာပေးတော့"

"ပြန်တော့မလို့လား အစ်မ ... "

"အင်း ... ရုံးရှိသေးတယ်လေ ... "

"ဩော် ... ဟုတ်လား"

"သွားပြီ ... "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အစ်မကို သူကခြံဝထိ လိုက်ပို့ပေးပြီးမှ ကျွန်တော့်ကို ကြည့်ကာ ...

"ရှင်နော် ... ဘာမှန်းလည်း မသိဘူး ... "

"ဘာတုန်းဟ ... "

"စကားပြောတာ ကောင်းကောင်းပြောပါလား ... ဘာလို့ ရှင့်လက်ကြီးကို ကျွန်မပေါင်ပေါ်တင်ထားရတာလဲ ... "

"ဟ ... လင်မယားလို့ ထင်နေတဲ့ လူတွေရှေ့မှာ မင်းနဲ့ငါ နဲ့ကလည်း လင်မယားလို နေပြရမှာပေါ့ကွ ... ဘာလဲ တစ်ယောက် နဲ့တစ်ယောက် တစ်လံအကွာကနေပြီး စကားပြောရမှာလား"

"ဟွန့် ... ပြောလိုက်ရင်တော့ သူ့ဆင်ခြေနဲ့သူ ကွက်တိပဲ"

"ကွက်တိပဲပေါ့ ... မှန်တာပြောတာပဲ ... ဒါတောင် မင်းကို သနားလို့"

"နောက်တစ်ခါဆို အသဲယားအောင် လာမကလိနဲ့ ပြေးပြီး နမ်းပစ်လိုက်မှာ ... "

"ဘာလဲ ... ရှင်က ကျွန်မကို ကြိုက်နေတာလား"

သူ့စကားကြောင့် ကျွန်တော့်မှာ ဘာပြောလို့ပြောရမှန်း မသိတော့ ... ။

"အဲ ... အဟမ်း ... ဘာ ... ဘာလို့ မင်းကိုကြိုက်ရမှာလဲ





စိတ်ကူးယဉ်မနေနဲ့ကွာ ... "

"မကြိုက်ရင်လည်း ပြီးတာပဲ ... စကားက အဲလောက်ထစ် စရာမလိုပါဘူး ... "

"စကားကလည်းရှည်လိုက်တာကွာ ... ဒီက စတီးချိုင့်ကို ဒီမှာပဲ ထားတော့မှာလား ... "

"ယူမှာ ... ယူမှာ ... တကတည်း ဆီလိုအပေါက်ရှာပြီး ပြောဖို့ပဲ ... "

ကျွန်တော့်ကို ပွစိပွစိ လုပ်ပြီး ဝင်သွားသော သူ့ကိုကို ကြည့်ရင်း ပြုံးလိုက်မိသည်။

ဩော် ... ကျွန်တော့်မှာလည်း မိန်းမ တစ်ယောက်ရတာ ကလေးတစ်ယောက်ရထားသလိုပဲ ... ဘာမှ နားမလည် ဘာမှ မသိနှင့် ...

"ဟိုဒင်းလေ ... "

"ဘာလဲ ... "

"ရဲထိုက်တို့ဆီ သွားမလို့ ... "

"ဘာကိစ္စနဲ့လဲ ... ထမင်းက မစားတော့ဘူးလား"

"ဟိုမှာပဲ စားတော့မယ် ... "

"ရှင်က အခု လူလွတ်လား ... အားနေရင်လည်း အိမ်နေပါ



www.burmeseclassic.com

www.burmeseclassic.com



လား ... ”

“ဟ ... ပျင်းတယ်ကွ ... ”

“ရှင် ... အဲလိုသွားတော့ ရှင့်သူငယ်ချင်းတွေပြောမှာပေါ့”

“မပြောပါဘူးကွာ ... ”

“ဘယ်အချိန် ပြန်လာမှာလဲ”

“ညနေပေါ့ ... ဒါမှ မဟုတ် ညလောက်ပြန်လာမှာပါ”

“ဘာ ... ”

“ဟာ ... လန့်လိုက်တာကွာ ... ”

“မနက်ထဲက ထွက်သွားပြီး ... ညမှ ပြန်လာမယ်ပေါ့”

“ဟ ... သွားရမှာက နီးနီးလေးလည်း မဟုတ်ဘူး ... အခု ရောက် အခုပြန်လုပ်ရင် ငါသေသွားလိမ့်မယ် ... ”

“မသွားနဲ့တော့ပေါ့ ... ”

“ဘာလဲ ... ငါ့ကို မသွားစေချင်ဘူးလား ... မဟုတ်မှလွဲ ရော”

ကျွန်တော် ဒူးလေးနန့်ပြီး သူ့ကို စောင်းကြည့်လိုက်သည်။

သူကလည်း ပျာပျာသလဲ ငြင်းရှာသား ...

“ဘာမှ မဟုတ်ဘူး ... ကျွန်မ သရဲကြောက်လို့ ... ”

“ငါလည်း အဲဒါပဲပြောမလို့ပါ ... မင်းပါ လိုက်ခဲ့လေ”





“မလိုက်ပါဘူး ... ရှင်မို့လို့ အရှက်မရှိမျက်နှာနဲ့ သွားရဲတယ်”

“ဟ ... ငါက ဘာကို အရှက်မရှိရမှာလဲ”

“မနေ့ကပဲ မင်္ဂလာဆောင်တယ် ... ဒီနေ့ပဲ သူတို့နဲ့သွား တွေ့တယ် ... အဲဒီလောက် ချစ်နေရင်လည်း သူတို့ထဲက တစ်ယောက်ကိုပဲ ယူလိုက်ပါလား ... ”

“ဟာ ... မင်းနော် ... ဟင်း ဟင်း”

“အနားကပ်မလာနဲ့နော် ... ဒီက စတီးခွက်နဲ့ ပေါက်လိုက်မယ် ... ”

“ပေါက်ကြည့်လိုက်လေ ... ပေါက်ကြည့်လိုက် ပိုဆိုးသွားမယ် ... ”

“ရှင်နော် ... သူများသားသမီးကို အနိုင်မကျင့်နဲ့”

“ကိုယ့်မိန်းမကိုယ် အနိုင်ကျင့်တာ ဘာဖြစ်လဲ ... ”

သူနဲ့ကျွန်တော် ထမင်းစား ဝိုင်းကိုပတ်ကာ ကလေးတွေ ဆော့သလို စိန်ပြေးတမ်း ကစားနေသည့်အတိုင်း ပတ်ချာလည်နေသည်။

“ရှင်ပြောလို့မရရင် ကျွန်မ အဆိုးမဆိုနဲ့နော် ... ”

ကျွန်တော် သူ့ကိုရအောင် အမိဖမ်းလိုက်နိုင်သော်လည်း သူ့လက်ထဲမှ စတီးခွက်က ကျွန်တော့်နဖူးကို အမိပြန်ဖမ်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါင် ..."

"အား ... သေပါပြီဟ"

"ဟယ် ..."

ကျွန်တော် စားပွဲဘေး ဒူးထောက်လိုက်ပြီး နဖူးကိုလက်နှင့် အုပ်လိုက်ကာ ...

"အား ... နာလိုက်တာကွာ ... ကွဲပါပြီ နဖူး"

"ဟို ... မတော်လို့နော် ... တမင်လုပ်တာမဟုတ်ဘူး ... ရှင်ဘာလို့ အတင်းကျွန်မလက်ကို လာဆွဲလဲ ..."

"အား ... ကိုယ့်မိန်းမ ကိုယ်ဆွဲတာပဲကွာ ... ထောက်ခံစာ ယူရဦးမှာလား"

"ဖယ် ... လက် ဘာဖြစ်သွားပြီလဲ ... မသိဘူး ... ကြည့် ပေးမယ် ..."

"ဘာမှ မဖြစ်ဘူး ... အဟီး"

"ဟာ ..."

ကျွန်တော် သူ့ပါးကိုနမ်းလိုက်ပြီး အိမ်ရှေ့သို့ ထွက်ပြေးကာ ဖိနပ် စီးလိုက်သည်။

"ညနေ ပြန်လာခဲ့မယ် ... အိတ်ထဲက နှစ်ထောင်နှိုက်သွားပြီ ဟေ့ ..."



ကျွန်တော် အိမ်ရှေ့တံခါးဝမှအော်ပြီး အိမ်တံခါးကိုစေ့ကာ ထွက်လာခဲ့သည်။

ဒေါပွပြီး ကျန်နေခဲ့သည့် သွယ်သွယ်မိုး မျက်နှာကို တွေးကာ ရယ်လိုက်မိသည်။

ဖြတ်သွားသော လူများက လှည့်ကြည့်သဖြင့် ခပ်တည်တည် နှင့် လမ်းလျှောက်လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ကျွန်တော် လမ်းထိပ်လက်ဖက်ရည်ဆိုင်ကို လှမ်းကြည့်လိုက်သည်။

သိင်္ဂါစိုးတို့ ရှိသဖြင့် ဆိုင်ထဲဝင်လိုက်သည်။

ရဲထိုက်က ရေနွေးခွက်ကို မှုတ်လိုက်ပြီး ...

"လာပါပြီဗျာ ... ဟိုမှာ ... ဘယ်နဲ့လဲ သတိုး"

"ဘာကို ဘယ့်နဲ့လဲကမှာလဲ ... ဘာမေးလို့ မေးမှန်းလည်း မသိဘူး ..."

"အကုန်လုံးပေါ့ကွာ ... ဟဲ ဟဲ ..."

"တော်ပါကွာ ... မင်းတို့ကလေ ... အားနေ ဒါပဲ"

"ပင်ကျရည်လေးလေ ..."

"တော် ... ကော်ဖီတစ်ခွက်ဟေ့ ..."

"အစ်ကို ... ဘာကော်ဖီလဲ ..."





"ဟာ ... သောက်နေကျတောင် မမှတ်မိတော့ဘူးလား"

"ကိုရဲထိုက်တို့က ပြောတယ် ... အစ်ကိုက ပြောင်းလဲသွားပြီတဲ့ ..."

"အောင်မာ ... ကဲ ... ကဲ ... စက်ာပူ တစ်ခွက်ပေးကွာ အရှင်းကြီးတော့ မပြောင်းသေးဘူး ... တဝက်လောက်တော့ ပြောင်းလိုက်မယ် ..."

"စကားကြီးစကားကျယ် လာပြောနေသေး ... မယကကြီးရယ်"

"ဟေ့ကောင် ... ငါက ဘာကိစ္စ မိန်းမကို ကြောက်ရမှာလဲ"

"တိုးတိုးပြော ... နောက်ကနေ မင်း မိန်းမရောက်လာဦးမယ်"

"လာ ... လာ ... ပေါ့ ငါ့အကြောင်းကို မနေ့ကထဲကသိသွားပြီးပြီ ..."

"အဟေး ... ဟေ့"

"ဟေ့ကောင်တွေ လျှောက်တွေးမနေနဲ့ ... ငါပြောတာက"

"မတွေးပါဘူး ..."

"မင်းကို ချင်းချင်းက ချိတ်ဆိုးနေတယ်"

"ဘာ အတွက်လဲ ..."

"သူ့ကို မဖိတ်လို့တဲ့ကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို သိသွားတာလဲ"

"မင်းကလည်း တရပ်ကွပ်တည်းနေတာပဲ ဘယ်အိမ်က ဘယ်သူ မင်္ဂလာဆောင်သလဲဆိုတာကတော့ သူတို့လည်းသိပါတယ်ကွာ ... "

"ငါ ဘယ်မှာနေလဲ မေးရင် မပြောနဲ့နော် ... "

"ဘာလဲ ... မိန်းမကို ကြောက်လို့လား"

သိန်းစိုးက ဆေးလိပ်ကိုဖွာလိုက်ပြီး ကျွန်တော့်ကို ကြည့်ကာ ပြောသည်။

"ဘာလို့ ကြောက်ရမှာလဲ ... "

"အေးလေ ... ဘာကိစ္စနဲ့ ကြောက်ရမှာလဲ ... ရှင်းရှင်းနဲ့ မင်းနဲ့က ဘာမှမှ မဘာရသေးတာ ... "

"ဟေ့ကောင် ... ဖော်လေး ရှင်းရှင်း လင်းလင်းပြော"

"သြော် ... ရည်းစားတောင် မဖြစ်လိုက်ရဘူးလို့ပြောတာပါ"

"မင်း မိန်းမကြည့်ရတာ အေးမလိုလိုနဲ့ ရွာမယ့်ပုံပဲ"

"အေးလည်း မအေးပါဘူးကွာ ... တစ်ချိန်လုံး ပူနေတာပဲ"

"ဘာပူတာလဲ ... "

"စိတ် ... စိတ်"

"ဘာလဲ မနက်စောစောစီးစီး ဘုရားထရှိခိုးလို့လား"





"ဒီနေ့ မင်းတို့တွေရှိလို့တဲ့ ... သူ ဘုရားမရှိခိုးတာတဲ့"

"ငါတို့ကပဲ ညတိုင်းလာအိပ်ပေးရမယ့် ပုံပေါက်နေပြီ"

"မအိပ်ပါနဲ့ ရှုပ်ကရှုပ်နဲ့"

"အေးပေါ့ ... အခုတော့ ရှုပ်နေပြီပေါ့ကွာ ... ဟင်း ဟင်း"

"မင်း ညကျမှ ပြန်မှာမဟုတ်လား ... "

"ညနေ ပြန်ရမယ် ... "

"ဘာလဲ ... ဟဟ ... မိန်းမ ဆူမှာကြောက်လို့လား"

"ဘာမှ မကြောက်ဘူး ... ညနေ ပြန်လာခဲ့လို့ မှာလိုက်လို့"

"ဟ ဟား ... အဲဒါ မိန်းမစကား နားထောင်တာပဲပေါ့"

"မင်းကလည်း သူက သရဲကြောက်တတ်တယ်ကွ"

"ပြောပြန်ပြီ ... နောက်နေ့ကျရင် သရဲလိုလုပ်ပြီး လာခြောက်ဦးမယ်"

"သရဲလိုတောင် လုပ်စရာမလိုဘူး ... မင်းပုံစံကြီးက မျောက်ကြီးထဲကြည့်လိုက်တာနဲ့ လန့်ပြီးမေ့သွားနိုင်တယ် ... "

"အေးပေါ့ကွာ ... မင်းကတော့ ပြောအားရှိသွားတာပေါ့"

"ဘာမှ မဆိုင်ဘူး ... ချွေးသား"

"ငါကြားဖူးတာရှိတယ်ကွ ... မိန်းမရှိတဲ့လူတွေက [illegible] ကြီးတွေထက် အသက်ပိုရှည်တယ်လို့ ပြောကြတယ် ... [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား"

သိန်္ဓိုးစကားကို ကျွန်တော်တို့အားလုံး စဉ်းစားလိုက်မိသည်။ ရဲထိုက်က ...

"အဲဒါတော့ ငါတို့လည်း မသိဘူး ... ဒီကောင် သတိုးကို မေး ... "

"အိမ်ထောင်သည်တွေက သူတို့ရဲ့ ဘဝသက်တမ်းကလိုတာထက် ပိုပြီးရှည်တယ်လို့ ထင်တာပဲ ... "

"ဘာလဲ ... မိန်းမ ကွယ်ရာမှာ လာပြောတာ အဲဒီစကားလား ... အသံသွင်းပြီးတော့ကို မင်းမိန်းမဆီသွားပို့လိုက်ဦးမယ်"

"မင်းကလည်း ငါ့အထင်ပြောတာပဲ ... "

"ပေါပေါ့ကွာ ... "

ကျွန်တော် လက်ဖက်ရည်ဆိုင်မှာပဲ အချိန်ဖြုန်းလိုက်ပြီး ညနေကျမှ အိမ်ပြန်လာခဲ့သည်။

သွယ်သွယ်မိုးကြိုက်တဲ့ ကြေးအိုးကိုလည်း ပိုက်ဆံမလောက်လို့ လင်းနေဆီက ချေးပြီးဝယ်လာခဲ့သည်။

အိမ်ထဲသို့ ခြေသံမကြားအောင် ဝင်လာပြီး ချောင်းကြည့်လိုက်သည်။

သွယ်သွယ်မိုး ကြက်မွေးတစ်ချောင်းနှင့် ဖုန်လိုက်သုတ်နေ





သဖြင့် နောက်မှ ခြေသံမကြားအောင် သွားလိုက်သည်။

"ဟိတ် ... "

"အမလေး ဖုခွေါ ... "

သူ့လက်ထဲမှ ကြက်မွေးတံမြက်စည်းနှင့် ကျွန်တော့်ကို လှည့် ရိုက်လိုက်သဖြင့် ကျွန်တော့်ခေါင်းကြီးကို တည့်တည့်မှ တည့်တည့် ခွပ်ခနဲ မြည်သည်။

"အား ... ချပြန်ပြီကွာ ... ငါချည်းပဲ ခံနေရပါလားဟ ... "

"ရှင်ကလေ ... အသံမပေး ဘာမပေးနဲ့ ... ဘာလို့ အနားရောက်လာလဲ ... ရုတ်တရက်ဆိုတော့ လန့်သွားတာပေါ့"

"မင်းကို စလိုက်တဲ့ဟာ ... "

"သူများ မကောင်းကြံတာကိုး ... ခံပေါ့ နာပေါ့"

"ကျွတ် ... ရော့ ဒီမှာကြေးအိုး ... "

"ကျွန်မ အတွက်လား ... "

"မင်းအတွက်မဟုတ်လို့ ... ငါက ဘယ်မိန်းမအတွက် ဝယ်လာရမှာလဲ ... "

"မသိဘူးလေ ... ရှင် အလိုက်သိတာ အရေးမကြီးဘူး ... ကျွန်မ ပိုက်ဆံကုန်တယ် ... "

"မင်းကိုလည်း အကုန်မကျွေးပါဘူး ... ငါ တဝက်စားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန့် … အခုစားမှာလား"

"ဘာလဲ … စားပိုးနင့်အောင် လုပ်နေတာလား"

"သေသွားအေးတာပဲ … "

"ခုချိန်မှာတော့လည်း မသေချင်သေးဘူး … အနည်းဆုံး မြေးဆယ်ယောက်လောက်ရမှ သေမှာ … "

"ဖြစ်ဦးမယ် … ဒီရုပ်ဒီရည်နဲ့ ကျွန်မတစ်ယောက်ထဲကိုပဲ ရှာကျွေးစမ်းပါဦး … "

"ကျွေးမှာပါ … ကျွေးမှာ … စိတ်ချ"

"တတ်လည်း တတ်နိုင်တဲ့ယောကျ်ား … "

"ဩော် … မင်း ဒီည … တစ်ယောက်ထဲ အိပ်ရဲရဲ့လား"

"ဘာကိစ္စ မအိပ်ရဲရမှာလဲ … "

"အေးလေ … ပြီးတာပါပဲ … ဟို … ရေတွင်းက ခြေရင်းဘက်နားမှာဆိုတော့ … ဟဲ ဟဲ … မင်းအိပ်မဲ့အခန်းက ပြတင်းပေါက်နဲ့များ နီးနေသလားလို့ … "

"ရတယ် … ကျွန်မ ရေတွင်းကို သံပြားနဲ့အုစ်ထားတယ်"

"ဟာ … တော်တော်ပိန်းတာပဲ … သရဲဆိုတာ ကိုယ်ယောင်ဖျောက်ပြီး လာလို့ရတယ်ကွ နားလည်လား … "

"လာမဲ့လာ … ရှင့်အခန်းထဲပဲ လာမှာပေါ့ … အဲဒီ့ သရဲက





သရဲမပဲဟာ … "

"အေး … ငါ့ဆီလာလည်း ငါက ဟင်း ဟင်း … "

"တော်တော် ညစ်ပတ်တဲ့လူ … "

"ဟာ … ရိုက်လွှတ်လိုက်မယ် ပြောတာကွ … ငါ့မိန်းမက မင်းမှန်းသိလို့ကတော့ မင်းဆီလာမှာ … "

"မဆိုင်လိုက်တာ … "

"ဆိုင်တယ် … အခုဆို ငါ မင်းနဲ့ယူလိုက်ပြီးမှ ဘာရစ်တနေ့ စပီးယားလည်း ငါ့ဆီမလာတော့ဘူး … အဲဒါ မင်းကြောင့် … "

"ကျွန်မလည်း ရှင့်လိုပဲ … မနေ့ညထဲက ဂူဂျွန်ဖြိုးက ကျွန်မကို ဖြတ်သွားပြီလေ … "

"ဝမ်းသာတယ် … အဲဒီ့အကောင်ကို သိပ်ကြည့်တာ မဟုတ်ဘူး … "

"ရှင့်ဟာမကိုလည်း ကြည့်ရတာ မဟုတ်ဘူး … ဟိုအိမ်က ပိုစတာမှာတောင် နှုတ်ခမ်းမွေး တပ်ထားလိုက်သေးတယ်"

"ဘာ … မင်း ငါ့အခန်းထဲဝင်ပြီး စပ်စုခဲ့တယ်ပေါ့ ဟုတ်လား … "

"ဘာဖြစ်လဲ … ဒီလောက်တော့ သိရမှာပေါ့"

"အေး … အဲဒါကြောင့် သူ ငါ့ကို စိတ်ဆိုးသွားတာဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှတ်တောင် ထားရဦးမယ် ..."

ကျွန်တော်နဲ့သူ စကားမပြောကြတော့ ... ထပ်ပြောနေရင်လည်း ကျွန်တော်ပဲ ဒေါသထွက်မိလိမ့်မယ် ... သူလည်း သူ့အခန်းထဲ ခေါင်းအုံးတွေ ရွှေ့ကာ တံခါးကို ခပ်ပြင်းပြင်းနှင့်ပိတ်လိုက်သည်။

ကျွန်တော်လည်း အခန်းထဲမှ တံခါးကို အားရပါးရနှင့်ပိတ်ချလိုက်သည်။

❀

မနက်စောစောစီးစီး ကြေးစည်ထုလိုက်သဖြင့် ကျွန်တော်လန့်သွားသည်။

"ဟ ... နား နားကိုကပ်ပြီး ထုရသလားကွ ..."

"ထတော့လေ ... ခုနစ်နာရီခွဲနေပြီ"

"အာကွာ ... မင်းဈေးသွားမှာ မဟုတ်လား ... သွား"

"ဘယ်မှာလဲ ... တံခါးသော့ ..."

"မနေ့က ခတ်မိလို့လား ..."

"ရှင်ပဲ ... ခတ်ပြီး ရှင်ပဲ သိမ်းသွားတာလေ ..."

"ဟုတ်လား ..."





"အူကြောင်ကြောင်နဲ့ ..."

"အဲဒီ အူကြောင်ကြောင်က မင်းယောကျ်ားလေ ..."

"ကဲ ... တံခါးသွားဖွင့်ပါ ... ဈေးသွားမယ်"

"ဈေးဘယ်မှာရှိလဲ ... သိလို့လား"

"သိတယ် ... သိတယ်"

ကျွန်တော် ဘောင်းဘီအိတ်ထဲမှ သော့ကိုထုတ်လိုက်ပြီး တံခါးကို ဖွင့်နေတုန်း သူ့ကိုလှမ်းကြည့်လိုက်သည်။

မှန်ဘီရိုရှေ့ ရပ်ကြည့်ပြီး ပဲများနေသဖြင့် ...

"နေပါဦး ... မင်းက အခုဈေးသွားမှာလား ... Shopping ထွက်မှာလား"

"ဘာလဲ ... ကျွန်မ လှတာကို မနာလိုဖြစ်နေတာလား"

"သနားဖို့တောင် ကောင်းတယ် ..."

"ကဲ ... တံခါးပဲဖွင့်စမ်းပါ ... နောက်ကျနေပြီ"

"မဖွင့်ပေးဘူးကွာ ... ဘာဖြစ်လဲ မကျေနပ်ရင် ပြတင်းပေါက်က ကျော်ပြီးထွက် ..."

"ရှင်နော် ... မညစ်ပတ်နဲ့"

"အာဘွားပေးရင် ဖွင့်ပေးမယ် ..."

"အာဘွားတော့ မရဘူး ... လက်ဝါးပဲ ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး ... ဒီသော့ကို ခြံထဲလှမ်းပစ်လိုက်မယ် ... ပြီးရင် ငါက ပြတင်းပေါက်ကကျော်ပြီး အပြင်ထွက်မယ် ဟား ဟား"

"တော်တော် စိတ်ပုတ်တဲ့ လူပဲ ... ရှင်က ... "

"ပြောချင်တာပြော ... စိတ်ပုတ်တယ်ဆိုတာ နာမည်ပဲဆိုးတာ ကိုယ့်အတွက် ဘယ်လောက်ကျန်သလဲ ... မင်းသိလား"

"ရှင်နော် ... "

"ပေးကွာ ... မြန်မြန်ပေး ငါသွားပြန်အိပ်တော့မယ်"

"ဟင်း ... "

ကျွန်တော် သူ့ကို ကြည့်လိုက်ပြီးပါးကို လက်နှင့်ထောက်ပြလိုက်သည်။

သူက ကျွန်တော့်ကို ခြေဖျားထောက်ကာ ပါးကို ကိုက်လိုက်သည်။

"အား ... ပါး ... ပါး ... ဟာ ... မင်း ... "

"ရပြီလား ... "

"ငါ နာသွားပြီနော် ... ကဲကွာ ... သွားစမ်း ... ဒီသော့"

"ကိုက်မှတော့ မနာပဲနေမလားရှင့် ... ရှင်ပဲ ပါးမှာအရသာခံချင်တယ်ဆို ... "





"မင်း ... ဟင်း ... ဟင်း ... ဟင်း ... မင်းတော့နော် ငါလုပ်လိုက်ရ ... သေတော့မယ် ... "

"လုပ်ကြည့်လိုက်လေ ... နားရွက်ကို ပြတ်အောင်ကိုက်ပစ်လိုက်မယ် ... "

"ကဲ ... ကိုက်ဦးကွာ ... ကိုက်ဦး"

"အမေ့ ... "

အမေတနေလို့လည်း မထူးဘူး ... အမေက ဒါတွေဖြစ်မယ်ဆိုတာ ကြိုသိပြီးသား ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

"မငြိမ်းသက် ... "

"ပြော ... ကိုစော"

"မင်းသားက ... အိမ်ကိုလာကို မလာတော့ပါလားကွ"

"ရှင်ကလည်း ... ကလေးတွေ အေးအေးဆေးဆေးနေပါစေ လား ... ဘယ်လိုဖြစ်နေမှန်းကို မသိဘူး"

"ဟ ... ဟိုကောင့်ကို အလုပ်ကိစ္စ ပြောရမယ်ကွ ... ဒီတိုင်း"

"မေမေရေ ... အဟင့် ဟင့် ... "

"ဟဲ့ ... ဘယ်သူတုန်း"

"မေမေ ... "

ဦးစောသီဟနှင့် ဒေါ်ငြိမ်းသက်တို့ စကားပြောနေတုန်း ငိုကြီးချက်မနှင့် ဝင်လာသူက သွယ်သွယ်မိုး ... နောက်မှ သတိုးစော ဝင်လာသည်။





ခေါင်းကုတ် ဖင်ကုတ်နှင့် ရုပ်ကစပ်ဖြစ်ဖြစ်နေသဖြင့် ဦးစောသီဟ ကြည့်နေသည်။

"ဘာဖြစ်တာလဲ ... သမီး"

"သမီးကို ... သူ ... သူ"

"ဒီကောင် ... ဘာလုပ်လိုက်လဲ ... ပြော"

"သူ ... အီး ... ဟီး ... ဟီး ... အဟင့် ... "

သွယ်သွယ်မိုးက မပြောသေးဘဲ ငိုနေသဖြင့် ကျွန်တော် ခေါင်းကို ထပ်ကုပ်လိုက်ပြီး ဖေဖေ့ကို ကြည့်လိုက်သည်။

"ဟေ့ကောင် ... မင်း ရိုက်လိုက်တာလား"

"အာ ... မရိုက်ပါဘူး"

"သမီး ... ဘာဖြစ်တာလဲ မေမေ့ကိုပြော"

"ဘာဖြစ်လို့လဲ ... ညီမ"

"အိမ် ... အိမ်တံခါးကို သော့ခတ်ထားပြီး ... မဖွင့်ပေးဘူး"

"ဟ ... ဘယ်သူက အရင်ကိုက်တာလဲ ပြောဦး"

"သူ သော့ကို မဖွင့်ပေးဘဲ သမီးကို ... သမီးကို ... "

သွယ်သွယ်မိုး စကားကို မေမေနှင့်မငယ်က နားထောင်နေရင်း စိတ်မရှည်တော့ ...

ဖေဖေက ကျွန်တော့်ကိုကြည့်ကာ ...

"သော့ ... ဘယ်ရောက်သွားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟာ ... လေ ... ဟို ကိုရောက် ... သွားတာ"

"သူ ... ခြံထဲ လွှင့်ပစ်လိုက်တယ် ဖေဖေ ..."

"ကဲ ... အခု ဘယ်လို ထွက်လာကြလဲ"

"သမီး ပြတင်းပေါက်ကနေ ခုန်ဆင်းတာ ... ဒီမှာ ထမီ တောင် ပြဲသွားပြီး ... ဒူးခေါင်းမှာလည်း သွေးတောင်ထွက်တယ်"

"ဒါတော့ မင်းညံ့တာကိုး ... ငါဆို ဘာမှ မဖြစ်ဘူး"

"မင်းက ဘာလို့သော့ကို လွှင့်ပစ်ရတာလဲ"

"အာ ... ဖေဖေကလည်း သူမှ အာဘွားမပေးဘဲ"

"ဘာကွ ... သိပ်လိုချင်လား လာ ... ငါ ချွေးမအစား ငါပေး မယ် ... အဲ ... အာဘွားကြီးကြီးအစား ... လက်သီးကြီးကြီးပေး မယ် ... လာခဲ့"

"ဟာ ... ဖေဖေ ... ဖေဖေ ... မှားမယ်နော် ... မှားမယ်"

ကျွန်တော် ဆိုဖာခုံကိုပတ်ကာ ဖေဖေ့လက်သီးကို ရှောင် ရင်းပြောသည်။

သွယ်သွယ်မိုးတစ်ယောက် ပြန်တဲ့အထိ တဟင့်ဟင့်နှင့် နှပ်ရှုံ့နေဆဲ ...

"မင်းကလည်း အကဲပိုလိုက်တာ ... ကိုယ့်မိန်းမကိုယ် ဟို ခင်း ..."

"ဘာမှ လာမပြောနဲ့ ..."





"ဟင်း ... ဘာလဲ ... မင်းက ငါနဲ့အတူမနေချင်ဘူးပေါ့ ဟုတ်လား ..."

"အပိုတွေလာပြောမနေနဲ့ ... အဲဒီသော့ကို ကျွန်မပဲကိုင်မယ် ဟွန်း ..."

"မင်းနဲ့ငါနဲ့ လင်မယားတွေလေကွာ ... မချစ်ကြပဲ ယူကြ တာ ဆိုပေမဲ့ ... အခု ယူပြီးသွားကြပြီပဲ ..."

"..."

"မင်း ... ငါ့ကို နည်းနည်းလေးတောင် မချစ်နိုင်ဘူးလား"

"ဒီမှာ ... ရှင်ချစ်ရှင် ချစ်နေတယ်ပြော ... ကျွန်မကိုလာ ပြီး ဇေလည်ကြောင်ပတ် လုပ်မနေနဲ့ ..."

"အေးကွာ ... ချစ်တယ် ချစ်တယ် ... ကဲပြော"

ထိုအခိုက် ...

"ကိုသတိုး ..."

"အမ် ..."

ကျွန်တော့်လက်ကို လှမ်းဆွဲလိုက်သဖြင့် သွယ်သွယ်မိုးရော ကျွန်တော်ပါ လှည့်ကြည့်လိုက်သည်။

ရှင်းရှင်းက ...

"ဘယ်လဲ ... ဒါ ကိုသတိုး မိန်းမလား ..."

"အဲ ... အင်း ... ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသတိုးကလည်းနော် ... မိန်းမယူတာတောင် မပြောဘူး ... ဘာမှန်းလည်း မသိဘူး ... ဒီကတော့ သူ့ကိုမျှော်နေတာ"

"ဟုတ် ... ဟုတ်တယ် ..."

"ခု ... ဘယ်မှာနေလဲ ဟင်"

"အိမ်မှာ ... မြို့ထဲ ... မြို့ထဲမှာ ..."

"လာလည်မှာနော် ..."

"ဟုတ် ..."

"သွားပြီ ..."

"အင်း ..."

ကျွန်တော့်ကို မျက်စောင်းထိုးကြည့်နေသော သွယ်သွယ်မိုးကို ရယ်ပြလိုက်သည်နှင့် သူက ရှေ့မှ ခြေဆောင့်ကာ ထွက်သွားသည်။

ကျွန်တော် အိမ်ထဲသို့ ခေါင်းကုပ်ကာ ဝင်လာလိုက်သည်။ သူက အခန်းထဲဝင်သွားပုံရသည်။

ကျွန်တော် တံခါးရှေ့သွားရပ်ကာ ...

"သွယ် ... သွယ်"

"မခေါ်နဲ့ ..."

"ခဏ ထွက်လာဦး ..."

"မလာဘူး ..."





"မိန်းမရယ် ... ထွက်လာပါ ..."

"ရှင်ပဲ ... ထွက်သွား ... အဲဒီမိန်းမ ရှင့်ကိုမျှော်နေတာ မဟုတ်လား ..."

"အာ ... အဲဒါကိုယ်နဲ့ ဘာမှ မဆိုင်ပါဘူးကွာ"

"ပြောလို့ရမလား ... ရှင့်ကိုမျှော်နေတယ်ဆိုထဲက ရှင် တစ်ခုခုလုပ်ခဲ့ပုံပဲ"

"ဟာ ... မဟုတ်ပါဘူးကွာ ... တံခါးခဏဖွင့်ဦး ..."

"မဖွင့်ဘူး ..."

ကျွန်တော် အိမ်ဘေးမှပတ်ကာ သူ့အခန်း ပြတင်းပေါက်မှ ကျော်ကာ ဝင်လာလိုက်သည်။

"ရှင်နော် ... အခု ထွက်သွား ..."

"သွယ် ... မောင်ပြောတာ နားထောင်ဦး"

"ဘယ်သူက ရှင့်ကို အဲလိုခေါ်ခိုင်းနေလို့လဲ"

"သွယ်ကလည်းကွာ ... မင်း မောင့်ကို မချစ်ဘူးလားပြော"

"မချစ်ဘူး ..."

"လိမ်နေတယ် ... မင်း မချစ်ရင် ငါ့ကို သဝန်တိုနေမလား"

"ရှင်နဲ့ ကျွန်မ လင်မယားလေ ... လူမြင်မကောင်းလို့ သိရဲ့လား ..."

"သွယ် ... မင်း တကယ်မချစ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မချစ်ဘူး ... မချစ်ဘူး"

"ဟင်း ... အေးလေ ... မင်းသဘောပဲလေ ... ဘယ်တတ်နိုင်မလဲ"

ကျွန်တော် သူ့ကိုကြည့်လိုက်ပြီး အပြင်ထွက်လာခဲ့သည်။

ဘယ်သွားလို့ သွားရမှန်းလည်း မသိ ... အိမ်ထဲပြန်ဝင်ပြီး ခုတင်ပေါ် လှဲချလိုက်သည်။

❦

သူ့ကို ကျွန်တော် စကားမပြောဖြစ်ပါ ... မပြောချင်လို့တော့ မဟုတ်ဘူး ... မပြောရဲတာပါ ... မချစ်တဲ့ လူတစ်ယောက်အနေနဲ့ ချစ်နေတဲ့ လူတစ်ယောက်ကိုလည်း စကားပြောချင်မှာ မဟုတ်ဟု ထင်သည်။

"ရှင် ... နေမကောင်းဘူးလား"

" ... "

"ဆေးသောက်မလား ... ကျွန်မ သွားဝယ်ပေးမယ်"

"ငါသောက်မဲ့ဆေးက ရောင်းမှာ မဟုတ်ဘူး"

"ဘာကိစ္စ မရောင်းရမှာလဲ ... ပိုက်ဆံနဲ့ဝယ်တာပဲ"

"ပိုင်ရှင်ကိုယ်တိုင်က မရောင်းတာ ... "





"သူက ဘာမို့လို့လဲ ... မှန်းစမ်း ... ရှင်တော်တော် ဖျားနေတာလား ... "

သူက ကျွန်တော့်နဖူးကို စမ်းလိုက်ပြီး မျက်ခုံးတစ်ချက် ပင့်ကာ ...

"ကိုယ် နွေးရုံတင် နွေးတာပဲ ... "

"တကယ်ဖျားနေတာ ... အရမ်းလည်းချမ်းနေတယ် ... မင်းဖက်ထားပေးမှ ဖြစ်မယ် ... "

"ဟုတ်လား ... တကယ်ချမ်းနေလား ... ဒါဆို ကျွန်မထက် ဒီဂွမ်းစောင်က ပိုနွေးတယ် ခြုံထား ... "

သူက ကျွန်တော့်ကို ဂွမ်းစောင်ကြီးဖြင့် ခြုံပေးလိုက်သည်။

ကျွန်တော် သူ့ကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး ...

"အဲလိုမှန်းသိရင် ... ဂွမ်းစောင်နဲ့ပဲ ယူလိုက်ပါတယ် ... သိပ်သိပ်ချစ်လိုက်ပါတဲ့ ဂွမ်းစောင်ကြီးရယ် ... "

"ရှင်ကလေ ... နေကသာ မကောင်းတယ် ပါးစပ်က ပွစိပွစိနဲ့ ... စကားနာထိုးတာကလည်း တတ်မှတတ် ... "

"သမီးရေ ... သမီး ... "

"အိမ်ရှေ့မှာ ဘယ်သူရောက်နေလဲ မသိဘူး ... သွားကြည့်ဦး ... "

သွယ်သွယ်မိုးက ကျွန်တော့်ဘေးမှ မထရသေး ...



www.burmeseclassic.com

www.burmeseclassic.com



မေမေက အခန်းရှေ့ရောက်နေသည်။

"မေမေ ..."

"သား ... နေမကောင်းဘူးလား ..."

"ကောင်းပါတယ် ..."

"ကိုယ်နွေးနေတာ မေမေ ..."

"ဟုတ်လား ... ဒါဆို မေမေဆန်ပြုတ် ပြုတ်ပေးမယ်"

"နေ ... နေ ... မေမေ သမီးပြုတ်လိုက်မယ်"

"ရပါတယ် ... သမီးရယ် ... သားနားမှာပဲနေ ..."

"ကြားလား ... မောင့်အနားမှာပဲနေတဲ့ ..."

"ဘယ်သူက ... အဲလို ပြောသွားလို့လဲ"

"မေမေလေ ..."

"မေမေက သားနားမှာပဲနေလို့ ပြောတာ"

"သွယ့်မှာ သားရှိလို့လား ... လိုချင်လို့လား"

"ရှင်နော် ... နေမကောင်းလို့ သက်သာသွားတယ်မှတ်"

"အဟဲ ... တကယ် ... မင်း မချစ်ဘူးပြောလိုက်တဲ့ထဲက ဖျားချင်နေတာ ... ခုလို ပစ်ပစ်ခါခါ ဆက်ဆံတော့ ရောဂါ ပို ပိုတိုးလာပြီ ..."

"တစ်ခါထဲ သေသွားရမှာ ..."

"သေစေချင်လို့လား ... ဒါဖြင့် အသက်မရှူဘဲနေလိုက်မယ်"





ကျွန်တော် အသက်အောင့်နေလိုက်သဖြင့် သူလန့်သွားပုံပေါ်သည်။

"ဟာ ... ရှင်နော် ... မဟုတ်ကဟုတ်ကတွေ မလုပ်နဲ့ ... သေသွားမှ ကျွန်မတစ်ယောက်ထဲ ..."

"ခုနကပဲ သေဆို ..."

"ဟွန်း ... သရဲကြောက်လို့ပါ"

သူမကပြောပြီးသည်နှင့် ထ,ထွက်သွားရန်ပြင်သည်။

"အဲဒါ ... ဘယ်လဲ"

"မေမေ့ကို သွားကူမလို့လေ ..."

"မကူနဲ့ ... ကိုယ့်နားမှာပဲနေ ..."

"အို ... ဖယ်ပါ ... လက်ကြီးက ..."

"အဟီး ..."

"ရုပ်ကိုက ... ခုနကတော့ ချက်ချင်းပဲ အသက်ထွက်တော့မလို ..."

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

(၅)နှစ်ခန့်အကြာ ...

"သွယ် ... မြန်မြန်လုပ် ... သားကို သွားကြိုရမှာနောက်ကျနေပြီ ... "

"ပြီး ပြီမောင် ... "

"ဒီနေ့မှကွာ အလုပ်မအားပါဘူးဆိုမှ ဆရာမကခေါ်ပြီး ဘာလုပ်မှာလဲ ... မသိဘူး"

"သွယ်လည်း ... ဘယ်သိမလဲ ... "

ကျွန်တော် ကားကိုဖြည်းဖြည်း မှန်မှန်မောင်းလာကာ ကျောင်းထဲဝင်လိုက်သည်။

"ဇေကွ သားကို အသက်ပြည့်နေလို့ ကျောင်းထားခိုင်းမလို့ ထင်တယ် ... "

ကျွန်တော်နဲ့သွယ် မူကြိုကျောင်း ပထမထပ်သို့ ဝင်လိုက်





သည်။

အခန်းဝရှေ့တွင် "လိမ္မာသောကလေးများ"ဟု ဆိုင်းဘုတ်ချိတ်ထားသဖြင့် ...

"ဒီအခန်းထဲ ရှာကြည့်လိုက်ကွာ ... "

"မရှိဘူး ... မောင် ... "

"ဒါဆို ဒုတိယထပ် တက်ကြည့်ရအောင်"

ဒုတိယထပ်တွင် "သာမာန်ကလေးများ"ဟု ရေးထားသည့် အခန်းတွင် သွယ်က ဝင်ရှာလိုက်သည်။

ခဏကြာ ပြန်ထွက်လာပြီး ...

"ဒီမှာလည်း မရှိဘူး ... မောင်"

"သေချာရှာပြီးပြီလား ... မင်းသားကို နာမည်အပြည့်အစုံနဲ့ရော အပ်ရဲ့လား ... "

"အပ်တယ်လေ ... ဇေဇာမိုးနောင်ဆိုပြီး ဖအေနာမည်ရော မအေနာမည်ရောပါ တွဲပြီးအပ်လိုက်တာ ... "

"ဒါဖြင့် ဟိုဘက်အခန်းရော ... "

ဘေးအခန်းတွင် "ကလေးဆိုးများ" ဟုရေးထားသဖြင့် သွယ်က ဝင်ရှာလိုက်ပြန်သည်။

ခဏအကြာ ထွက်လာပြီး ...

"မရှိဘူး မောင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟ … သားက ပျောက်များပျောက်နေလို့ ဆရာမကခေါ် တာလားကွ … "

"နေပါဦး ရှင်ကလည်း အပေါ်မှာ တစ်ထပ်ကျန်သေးတယ်"

ကျွန်တော်နဲ့သွယ် အပေါ်ထပ်သို့ ထပ်တက်သွားလိုက်သည် နှင့် အခန်းတစ်ခန်းရှေ့တွင် "အလွန်ဆိုးသောကလေးများ" ဟု ဆိုင်းဘုတ်ချိတ်ထားသည်။

သွယ်က ဝင်သွားပြီး ပြန်ထွက်လာသည်။

"မရှိပြန်ဘူး … "

"ဒါဖြင့် ဟိုဘက်ခန်းကရော … "

ဒီတစ်ခါမှာတော့ အခန်းရှေ့တွင် ဆိုင်းဘုတ်တစ်ခု ချိတ်ထားသည်။

ဆိုင်းဘုတ် နံမည်မှာ "တေဇာမိုးနောင်"ဟူ၍ ဖြစ်သည်။

အခန်းထဲတွင် တစ်ယောက်ထဲ ထိုင်နေပြီး ဆရာမက ကျွန်တော်တို့ကို မြင်သဖြင့် ဝမ်းသာအားရဖြစ်သွားသည်။

"လာပြီလား ရှင် … ထိုင်ကြပါ … ထိုင်ကြပါ … "

"ရှာလိုက်ရတာ … ဆရာမရယ်"

"ရှာဆို … တေဇာမိုးနောင်အကြောင်းတော့ မပြောချင်ဘူး"

"ဘာဖြစ်လို့လဲ ဆရာမ … "





"မနေ့က မုန့်စားဆင်းတော့ ကျောင်းပေါက်ဝကနေထွက်သွားပြီး … ကျောင်းရှေ့မှာရပ်နေတဲ့ မော်တော်ပီကယ်ကို လက်ဆွဲခေါ်လာတယ် … "

"ဟင် … ဘာ … ဘာလုပ်တာလဲဟင်"

"သူ့သာ မေးကြည့်တော့ … "

"သား … ဘာလို့ မော်တော်ပီကယ်ကို လက်ဆွဲခေါ်လာရတာလဲ … "

"သားတို့ … သားတို့ ကျောင်းအုပ်ကြီးက ကားမရပ်ရနေရာမှာ ကားရပ်ထားလို့ … "

"သေစမ်းဟ … "

"အဲဒါနဲ့ ကျောင်းအုပ်ကြီး ဒဏ်ငွေဆောင်လိုက်ရရော … နောက်ရှိသေးတယ် … "

"ဗျာ … ရှိသေးလား"

"ဟုတ်တယ် … ကျောင်းကားပေါ်မှာ ဆရာမတွေခြေထောက်ကို လိုက်တက်နင်းတာ … "

"ဟင် … သားက ဘာလို့ လိုက်တက်နင်းရတာလဲ"

"သားက … သားက ဟိုတလောက အန်တီကြီးတစ်ယောက်ကို ခြေထောက်နဲ့ နင်းမိလို့ … အဲဒါ … အဲဒါ သားကို တောင်းပန်တော့ ချောကလက်တစ်ခုပေးတယ် … ချောကတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ချောကလက်ပေးမလားလို့ ...''

ကျွန်တော် ကိုယ့်နဖူးကိုယ်သာ ရိုက်မိတော့သည်။

ဆရာမက ဆက်ပြီး ...

"ရှိသေးတယ် ... မနေ့ကပဲ သူ့ကို ကလေးတွေနဲ့ရောပြီး စာသင်တော့ ဆရာကြီးကမေးတယ် ... ပိုက်ဆံနဲ့ချောကလက်ဆို ဘယ်ဟာ ယူမလဲမေးတာ သူက ထဖြေတယ် ... ချောကလက်ပဲ ယူမယ်တဲ့ ..."

"သြော် ... ဆရာမရယ် သာက ချောကလက်ကြိုက်လို့ပါ"

"အဲလိုဆို မပြောပါဘူး ... ခုဟာက ပြောလည်းပြောလိုက်သေးတယ် ..."

"ဘာပြောလို့လဲ ..."

"ဆရာကြီးကပြောတယ်လေ ... ပိုက်ဆံယူရင် ချောကလက်တင်မကဘူး ... တခြားဟာတွေလည်း ဝယ်လို့ရတယ် ... ဆရာကြီးဆိုရင် ပိုက်ဆံယူမှာဆိုတော့ သူက ဘာပြောတယ်မှတ်လဲ ဖေဖေက ပြောတယ်တဲ့ ... လူဆိုတာ ကိုယ့်မှာ မရှိတဲ့ဟာကိုပဲ ယူတတ်ကြတယ်တဲ့ ..."

"အမ် ..."





" ကဲ ... ဘယ်နဲ့လုပ်ကြမလဲ မောင် ... မူကြိုကတော့ ပြန်ခေါ်သွားပါလို့ ပြောနေပြီ ..."

"ဘာဖြစ်လဲကွာ ... မထားနဲ့တော့ပေါ့ ... နောက်မူကြို တစ်ခုထားမယ် ..."

" ဒီပုံစံနဲ့ဆို နောက်မူကြိုကရော လက်ခံပါ့မလား ..."

"အဲဒါ မင်းနဲ့တူလို့ ဆိုးနေတာ ..."

" ဘာ ... ရှင်သင်ပေးလိုက်တာလေ ... အသင်ကောင်းလို့ ဖြစ်တာ ..."

" မင်းနဲ့ တူတာ ..."

"အာ ... ဖေဖေနဲ့ မေမေကလည်း ရန်ပဲဖြစ်နေတာပဲ ... သားက သားက ဘေးအိမ်က ဒေါက်တာဦးဦးနဲ့တူတာ ..."

"ဘာ ... မင်း ... သွယ် အဲဒါ ဘာစကားလဲ ..."

"အို ... ဘယ်သိမလဲ ... ကလေးပြောတာပဲ ... ဟဲ့ကောင်လေး ... ဘာတွေလျှောက်ပြောနေတာလဲ ..."

"မေမေပဲ ပြောပြီးတော့ ..."

"တွေ့လား ... တွေ့လား ... ကလေးတောင် ပြောနေပြီ"

"ဟဲ့ ... မေမေ ဘယ်တုန်းက ပြောမိလို့လဲ ..."

"ဟိုတစ်ခါကလေ ... သားကို သားကို အဲဒီ ဦးဦးနဲ့တူအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ချို ...”

“ဩော် ... ခက်ပြီ ... အဲဒါ စာကြိုးစားနိုင်းနေတာကွ ... မင်းလုပ်တာနဲ့ ငါတို့လင်မယားတော့ ကွဲတော့မှာပဲ ...”

“အပိုတွေ ပြောမနေနဲ့ ... ခု မေမေ့ဆီမှာထားခဲ့ ... ဝယ်စရာတွေရှိသေးတယ် ...”

“သားလည်း လိုက်မယ် ...”

“မလိုက်ရပါဘူး ... ဘိုးဘိုးကြီးတို့ အိမ်မှာနေခဲ့ ...”

“ရတယ်လေ ... အဲဒါ ချိုရင်တော့ ဘိုးဘိုးကြီးကို သေသေချာချာမှာထားခဲ့နော် ... ဟိုတစ်ခါကလို ဘိုးဘိုးကြီးအိမ်ထဲမှာ ပတ်ပြေးနေရမယ် ...”

“အင်း ... ဖေဖေတော့ အခုနေ မျက်ခုံးလှုပ်နေတော့မှာပဲ”

“တီ ... တီ ... တီ”

“သတိုးတို့ပါလား ...”

“လာလည်တာ မငယ် ...”

“အေး ... တေဇာ မျောက်လောင်းလည်း ပါတာကိုး ...”

“ဟုတ် ...”

“ဖေဖေရော ...”

“အိမ်ထဲမှာ ...”





“ဘိုးဘိုးကြီး ...”

“အောင်မလေးဗျာ ... မျောက်လောင်းလေး လာပါပြီ ... ငါ လမ်းထိပ် မမှာရုံဘက် သွားမှဖြစ်မယ် ...”

“အဟဲ ဟဲ ဟဲ ... ဖေဖေကလည်း ...”

“ဘာလဲ ... ဟော့ကောင်”

ကျွန်တော် ဖေဖေ့ကို မျက်နှာချိုသွေးလိုက်သဖြင့် ဖေဖေ လန့်သွားသည်။

“ကျွန်တော်တို့ ဝယ်စရာလေးရှိလို့ သားကို ခဏထားခဲ့မယ်”

“ဟ ... မထိန်းနိုင်ဘူး ... မထိန်းနိုင်ဘူး ... မင်းတို့သားကို ထိန်းမယ့်အစား ... ငါကိုယ်တိုင်ပဲ မင်းတို့ကိုယ်စား ဈေးသွားဝယ်ပေးလိုက်မယ် ...”

ဖေဖေက ပွစိပွစိပြောကာ ကျန်နေခဲ့သည်။

ကျွန်တော်တို့က ဖွတ်ပင် ကားပေါ်တက်ကာ ...

“ဘယ်သွားမှာလဲ သွယ် ...”

“အမ် ... ဒီနေ့ ဘယ်သွားရမလဲဆိုတော့ ...”

“ကန်တော်ကြီးတော့ မသွားနဲ့နော် ... ဟိုတခေါက်က သွားပြီးပြီ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် … အင်းလျား … "

"အိုကေ … ရည်းစားဘဝက မသွားခဲ့ရသမျှ အခုမှပဲ ပြန်ပြီး အတိုးချရမယ်"

"ပြီးရင် … ရုပ်ရှင်သွားကြည့်မှာနော်"

"သွယ့်သဘော … သွယ့်သဘော … "

"နောက်ပြီးမှ အကျီသွားကြည့်မယ် … ထမင်းစားမယ်"

"သွယ့်သဘော … သွယ့်သဘော … "

"ဩော် … ဆံပင်ညှပ်ဆိုင်လည်း ဝင်ဦးမှာ … "

"သွယ့်သဘောပါဆို … "

"အဟင်း … အဲဒါကြောင့် မောင့်ကိုချစ်တာ … "

"အဲဒါကြောင့် … မောင်ကလည်း သွယ့်ကိုချစ်တယ် … ဟား ဟား … "

"ဟား … ဟား … ဟား"

❦





"ဘိုးဘိုးကြီး … "

"ပြော … "

"ဖေဖေနဲ့ မေမေက ဘယ်သွားတာလဲ"

"ဝယ်စရာရှိလို့ပေါ့ကွာ … "

"ကဂျားရအောင် ဘိုးဘိုးကြီး … စစ်တိုက်တမ်းကဂျားမယ်"

"မကဂျား … အဲလေ မကစားဘူး … မင်းကိုကြောက်တယ်"

"ဘိုးဘိုးကြီးကလည်း ဒီတစ်ခါ … သား စစ်သားလုပ်မယ်နော် … နော်"

"မင်းအဘွားနဲ့ ကစားကွာ"

"အာ … ဘွားဘွားကြီးနဲ့ ဆော့လို့အရဘူး"

"ဘာဖြစ်လို့လဲ … "

"ဘွားဘွားကြီးကပြောထားတယ် … စစ်တိုက်တမ်း ကဂျားတယ်ချိုတာ ယောကျ်ားလေးတွေပဲ ချော့လို့ရတာတဲ့"

"အမ် … မငြိမ်းသက် … မငြိမ်းသက် ဒါ ကိုယ်လွှတ်ရန်းတာပဲ … "

"အာ … ချော့မယ်ချိုမှ … "

"အေးကွာ … အေး … အေး … ချေးမသားသကျိုး တိုင်တွ်



www.burmeseclassic.com

www.burmeseclassic.com



သားကိုယ် မခေါ်သွားဘူး … ငါ့ကို … အား"

"မိပြီ … မိပြီ … "

"ခွေးမသားလေး … နဖူးကို အဲ့ဒီသေနတ်နဲ့ ပစ်စရာလား"

"သေနတ်ပစ်ပါတယ်ချိမှ … ဘိုးဘိုးကြီးကို ဖေဖေနဲ့တိုင်ပြောမယ် … "

"အောင်မာ … "

"သားကို ခွေးမသားလို့ပြောတယ် … "

"ဘာဖြစ်လဲ ပြောတော့ … "

"အဲရာချို ဘိုးဘိုးကြီးလည်း အတူတူပဲ"

"မတူဘူး … မတူဘူး ငါကလူ … တစ်အိမ်လုံးက လူမဟုတ်ဘူး … "

"တအိမ်လုံးက လူမဟုတ်ဘူးချိတော့ … ဘိုးဘိုးကြီးက ခွဲပြီးထွက်နေတာလား … "

"ဟော့ကောင် … ကလေးက ကလေးလိုနေ … "

"သားက ဘာလုပ်နေလို့လဲ … "

"မင်းကလေ … မင်းအဖေ ငယ်ငယ်ကထက်ကို ပိုဆိုးနေပါလား … "

"ဖေဖေကပြောတယ် … အဲဒါ ဘိုးဘိုးကြီးနဲ့တူလို့တဲ့"





"အောင်မာ … မင်းအဖေကို ဘယ်သူကပြောလဲ"

"ဘွားဘွားကြီးက ပြောတာတဲ့"

"မငြိမ်းသက် … မငြိမ်းသက် … "

"ဘာလဲ ကိုစော … "

"မင်းကလေ … "

"မဟုတ်လို့လား … ရှင် ငယ်ငယ်က သိပ်ဆိုးတယ်လို့ ရှင့်အဖေ ပြောတာပဲ အသုံးကိုမကျဘူးတဲ့ … "

"မင်းကို ငါ ဘယ်နှစ်ခါပြောရမလဲ … ကလေးရှေ့မှာ အဲလို မပြောပါနဲ့ဆို … ငါနားလည်အောင် လက်ဟန်ခြေဟန်နဲ့ပြလဲ ရတဲ့ဥစ္စာ … "

"အပိုတွေ ပြောမနေနဲ့ … ကလေးကို ကြည့်ထား"

"ဒါက ဘယ်လဲ … "

"မိတ်ဆွေအိမ် သွားမလို့"

"ထမင်းချိုင့်ပါယူသွားပါလား၊ တစ်လကိုးသီတင်းနေလိုက်ရင်လည်း ပိုအဆင်တာပေါ့"

"ဘယ်လိုဖြစ်နေတာလဲ … ရှင့်တာဝန်သာ ရှင်ကျေပွန်အောင် လုပ်စမ်းပါ၊ ကလေးတစ်ခုခုဖြစ်လို့ကတော့နော် … ဒါပဲပြောမယ်"

www.burmeseclassic.com



ဒေါ်ငြိမ်းသက် ထွက်သွားသည်နှင့် ဦးစောသီဟ ဆိုဖာခုံကို လိမ့်ကန်လိုက်သည်။

"အဲဒါ … ပေးစားချင်ဦးကွ … ပေးစားချင်ဦး … "

❀

"မောင်"

"ပြောလေ သွယ် … "

"သားလေးအတွက် မုန့်ဝယ်သွားကြမယ်နော်"

"အား … သွယ်ကလဲ အခုကိုယ်တို့က သမီးရည်းစားလေ၊ ကလေးမွေးဖို့နေနေသာသာ မင်္ဂလာတောင် မဆောင်ရသေးဘူး"

"ဩော် … ဟုတ်သား … အဟိ"

"သွယ် … မောင့်ကိုချစ်လား"

"ချစ်တာပေါ့ … မောင်ရော … "

"စဉ်းစားနေတာ"

"ဟင် … မောင်နော် … "

"သွယ်နဲ့ကိုယ်နဲ့ ယူလိုက်လို့ရှိရင် တေဇာက မွေးလာဦးမှာ ဆိုတော့ လမ်းခွဲကြရအောင်ကွာ"





"ဟာ … ဘာပြောတာ … "

"အား … စတာ … စတာ … သွယ် … နာတယ်"

"မှတ်ပလား"

"စတာပါ သွယ်ရယ်"

"နောက်တစ်ခါ စရဲစကြည့် တေဇာလိုမျိုး အမြွာပူးနှစ်ခါလောက် ပြန်မွေးပလိုက်မယ်"

"အာ … မလုပ်ပါနဲ့ ဒီတစ်ကောင်ထဲတောင် မအေတူမို့ ထိန်းမနိုင်ဘူး"

"ဘာမအေတူလဲ … အဲဒါ မောင်နဲ့တူတာ"

"မဟုတ်ဘူး … ဖေဖေနဲ့တူတာ … "

"အဟင်း … ရဲကြီးဦးမယ်၊ လာ … ပြန်ကြမယ်"

"ဟင် … ပြန်တော့မလို့လား"

"ဝယ်စရာတွေလဲ ဝယ်ပြီးပြီလေ … သားကိုသွားခေါ်မယ်"

"နက်ဖြန်မှ ခေါ်ရအောင်ကွာ"

"ဘာလို့လဲ မောင်ရဲ့ … "

"တစ်ရက်မရှိရင် တစ်ရက် နားအေးတယ်"

"ဟင်း … ဖေဖေတစ်ယောက်တော့ မောင့်ကိုကျိန်ဆဲနေတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်ကို သွယ်ကလုမ်းဆွဲပြီး ပြောလိုက်သဖြင့် ကျွန်တော် ပြုံးပြလိုက်သည်။

ဪ ... ဒါလဲ ဘဝကိုပြန်စတာပဲ ခင်ဗျ။

ခုတော့ ကျွန်တော့်မှာ နှောက်ဆံတင်းစရာလေး မရှိတော့ပါ။

တစ်ယောက်တော့ ဒေါသဖောက်တဲ့အပြင် ဦးနှောက်ပါ ခြောက်နေပေတော့မည်။

သို့သော်လည်း ... မတွေးတော့။

ခြေလှမ်းတို့က တက်ကြွဆဲ ... ။

ပရိသတ်အတွက်

အမြဲတမ်း

သျှိုး

BURMESE CLASSIC

www.burmeseclassic.com